w w w . k a n t a r a w a d d y t i m e s . o r g

Monthly

KANTARAWADDY TIMES


*Accurate* *Reliable* *Trustworthy*

အတွဲ – ၇ ၊ အမှတ်စဉ် – ၁၂ | ကန္တာရဝတီတိုင်း(မ်)ဂျာနယ် | ဇွန်လ ၁ ရက်နေ့၊ ၂၀၁၉ ခုနှစ်

## ထီးဆိုဒူးအလှ စီမံကိန်းများကြောင့် အကျည်းတန် စေတော့မှာလား

စာ – ၂၁....

# ဖရူဆိုမြို့နယ်အတွင်း နေရာ(၄)နေရာတွင် မြေလွတ်၊ မြေလပ်၊ မြေရိုင်းလုပ်ပိုင်ခွင့် လျှောက်ထားမှုအပေါ် ဒေသခံများက လက်မှတ်ထိုး ကန့်ကွက်စာပေးပို့



စာမျက်နှာ – ၇

## ကယားအစိုးရ ၃ နှစ်တာကာလအတွင်း ဟိုတယ်နှင့်ခရီးသွားကဏ္ဍ အောင်မြင်ဆုံးဖြစ်



စာ – ၃....

## တိတ်တဆိတ်ဖြစ်ပေါ်နေတဲ့ လူ့အခွင့်အရေး ချိုးဖောက်မှုလုပ်ရပ်များ



စာ – ၆....

## ကယားတွင် အဂတိလိုက်စားမှုတိုင်ကြားစာ အနည်းဆုံးဟုဆိုသော်လည်း ဒီထက်မက ရှိဟုဆို



စာ – ၁၇....

*၂၀၁၃ ခုနှစ်၊ ဇန္နဝါရီလတွင် စတင်ဖြန့်ချိသည်။*




ဘုရားဖူး စင်းလုံးငှား Air Con Bus ယာဉ်ကြီးယာဉ်ငယ်များဖြင့် မြန်မာပြည်အနှံ့ ခရီးစဉ်များကို ဈေးနှုန်းချိုသာစွာဖြင့် လူကြီးမင်းတို့ စိတ်တိုင်းကျ လက်ခံညှိနှိုင်း ဆောင်ရွက်ပေးနေပါသည်၊

| ရန်ကုန် | လှိုင်ကော် | မန္တလေး | ဘုရားဖူးစင်းလုံးငှား ဆက်သွယ်ရန် |
|---|---|---|---|
| က(E-9) မြင်းခြံလမ်း<br>အောင်မင်္ဂလာ အဝေးပြေး<br>ကားကြီးဝန်း<br>ph - 01637038<br>- 09 49402833<br>- 09 49402822<br>ဂိတ်မှူး - 09 955034183<br>- 09 77826799 | အဝေးပြေး ကားကြီးဝန်း<br>အခန်းအမှတ် - ၁၂၊ ၁၃၊ ၁၄၊ ၁၅<br>နောင်ယား(က)<br>ဖုန်း- 08 322 224 30<br>- 08 322 224 31<br>- 09 493 434 34<br>ဂိတ်မှူး - 09 254 468 334 | ချမ်းမြေ့ရွှေပြည်ကားကြီးဝန်း<br>အဆောင်(၃) အခန်းအမှတ် - ၂<br>ဖုန်း - 02 643 22<br>- 09402 671 981<br>- 09 440 622 588<br>- 09 797 338 105 | ရွှေရာဇာ - ဦးသန်းဇော် - 09 503 4183<br>လှိုင်ကော် ဂိတ်မှူး - 09 254 468 334<br>ရန်ကုန် ဂိတ်မှူး - 09 777 826 799<br>မန္တလေး ဂိတ်မှူး - 09 402 671 981 |

ရွှေရာဇာကားအသင်းမှ မိတ်ဟောင်းမိတ်သစ်များကို အထူးကြိုဆိုလျက် online မှ လက်မှတ်များဝယ်ယူနိုင်ပါသည်၊ အဆင့်မြင့် 2 +1 ထိုင်ခုံ အထူးကားများဖြင့် ပြေးဆွဲနေပါကြောင်း သတင်းကောင်းပါးအပ်ပါသည်.




ကြော်ငြာ ကိစ္စ ဆက်သွယ်လိုပါက ........ ဖုန်း – ၀၉၂၆၂၁၇၂၉၃၅



၂၀၁၃ ခုနှစ်၊ ဇန္နဝါရီလတွင် စတင်ဖြန့်ချိသည်။

# စစ်တပ်ပိတ်ဆို့ ဖျက်ဆီးသွားသည့်တောင်ယာလမ်း တောင်သူများ ပြန်လည်ပြုပြင်

**နော်ဒွေးအယ်ဥ**



ကယား(ကရင်နီ)ပြည်နယ် ဒီမော့ဆိုမြို့နယ် ၆ မိုင်စံပြ ကျေးရွာအုပ်စု၊ ဒေါ်ဆိုရှေ့ကျေးရွာရှိ တောင်သူတွေ သွားတဲ့တောင်ယာလမ်းတွေကို အမြောက်တပ် ၃၆၀ တပ်ရင်းကနေ မြောင်းတူးပြီး ပိတ်ဆို့ဖျက်စီးထားတဲ့အတွက် ဒေသခံတွေက ပြန်လည်ပြုပြင်နေကြရတယ်လို့ ဒေသခံတွေကဆီကနေ သိရပါ တယ်။

ပိတ်ဆို့ ဖျက်ဆီးသွားတဲ့တောင်ယာလမ်းတွေကို ဒေါ်ဆိုရှေ့တောင်သူတွေကနေ မေလ ၃၀ ရက်နေ့မှာ လယ်ယာမြေစိုက်ပျိုးထွန်ယက်သွားလာနိုင်ဖို့ အချိန်မှီ ပြန်လည်တူးဖော်ပြုပြင်မှုတွေ ပြုလုပ်ခဲ့ကြတယ်လို့ ဒေါ်ဆိုရှေ့တောင်သူတစ်ဦးဖြစ်တဲ့ ဦးဆော်ရယ်က ပြောပါတယ်။

“အလုပ်လုပ်မှရမှာ။ ဒီအတိုင်းပဲစောင့်နေလို့ မဖြစ်ဘူးလို့ ရွာသူရွာသားခေါ်ပြီးမှ ပြန်ပြင်တာပေါ့ နော။ ဖျက်ဆီးတဲ့ လမ်းပြန်ပြင်တယ်။ ဘာအတွက်ကြောင့် ပြင်တာလဲဆိုရင် အလုပ်လုပ်ဖို့စိုက်ဖို့၊ ပျိုးဖို့ အချိန်တန်ပြီလေ။” လို့ ပြောပါတယ်။

စိုက်ပျိုးရာသီရောက်လာပြီဖြစ်တဲ့အတွက် တောင်သူတွေက တောင်ယာသွား စိုက်ပျိုးဖို့ လိုအပ်တာကြောင့် အမတ ၃၆၀ တပ်ရင်းကနေ ပိတ်ဆို့ထားတဲ့ ၅ နေရာကို မေလ ၃၀ရက်နေ့မှာ ပြန်လည်တူးဖော်မှာဖြစ်ပြီး နောက်တစ်နေ့မှာ ပြန်လည် စိုက်ပျိုးသွားမယ်လို့ ပြောကြပါတယ်။

“သူတို့လာပိတ်ရင်လည်း ဆက်ပြီးလုပ်မှာပဲ ပိတ်ပါစေ ကျတော်တို့တော့ ဂရုမစိုက်ဘူး။ ဒီမြေ မလုပ်စားခိုင်းရင် ကျတော်တို့ ဘာစားမလဲ။ မရမက လုပ်မှာပဲ” ဦးဆော်ရယ်က ဆက်ပြောပါတယ်။

ပြီးခဲ့တဲ့ ဧပြီလ ၂၀ရက်နေ့မှာလည်း ဒေါ်ဆိုရှေ့တောင်သူတွေက အမတ ၃၆၀ ကနေ သိမ်းဆည်းထားတဲ့ တောင်ယာမြေအပေါ် စိုက်ပျိုးခွင့်ရဖို့အတွက် ထွန်တုံးတိုက်ပွဲကို ဆင်နွှဲခဲ့ကြပါတယ်။

တောင်သူတွေက ခြံစည်းရိုးစိုက်ထူဖို့ ထွန်စက်တွေနဲ့ ထွန်ယက်နေတဲ့အချိန်မှာ အမတ ၃၆၀ တပ်ရင်းက တာဝန်ရှိသူတွေ အရပ်ဝတ်စုံနဲ့ လာပြီး ဆက်ပြီး မလုပ်ဖို့ တားမြစ်ခဲ့သလို ဆက်လက်လုပ်ဆောင်မယ်ဆိုရင် တရားဥပဒေအရ အရေးယူမယ်လို့ ပြောဆိုထားပါတယ်။

“တောင်ယာက တစ်သက်လုံးလုပ်တာပဲ စားတာပဲ တစ်သက်လုံးသားသမီးတွေကို ကျွေးရတယ် အဲတောင်ယာပဲ။ လယ်လည်းမရှိဘူး ယာလည်းမရှိဘူး အဲဒီအလုပ်ပဲလုပ်မယ်” တောင်သူတစ်ဦးဖြစ်တဲ့ ဦးပါစကွားလယ်ဖားပေး ကပြောပါတယ်။

ဧပြီလ ၂၂ ရက်နေ့မှာလည်း ဖမိုင် စံပြကျေးရွာ အုပ်ချုပ်ရေးမှူးရုံးမှာ ဒေသခံတောင်သူတွေ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး၊ မြေစာရင်းဌာနနဲ့ လွှတ်တော်ကိုယ်စားလှယ်တွေက ဒေါ်ဆိုရှေ့တောင်ယာမြေနဲ့ ပတ်သက်ပြီး တွေ့ဆုံဆွေးနွေးခဲ့ကြပါသေးတယ်။

အဲဒီဆွေးနွေးပွဲမှာတော့ သက်ဆိုင်တဲ့အကြီးအကဲတွေကနေ ညှိနှိုင်းမှုပြုလုပ်ရအုံးမယ်လို့ ပြောဆိုထားပြီး တောင်သူတွေအနေနဲ့ ထွန်ယက်စိုက်ပျိုးတာကို ရပ်နားဖို့ လိုအပ်တယ်လို့ လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းအောင်စံရယ်က ပြောခဲ့ပါတယ်။

ဒါပေမယ့် လက်ရှိအချိန်ထိ သက်ဆိုင်ရာလူကြီးတွေကနေ တစ်စုံတစ်ရာပြောဆိုလာခြင်းမရှိတဲ့ အပြင် လက်ရှိအချိန်မှာလည်း အမတ ၃၆၀ တပ်ကနေ တောင်ယာသွားလမ်း ပိတ်ဆို့ထားတယ်လို့ ဒေါ်ဆိုရှေ့တောင်သူတွေက ပြောပါတယ်။

တောင်သူ ဦးပါစကွားလယ်ဖားပေး က “အခုက မလုပ်မနေရပေါ့။ ကျတော်တို့တော့ ဆက်လုပ်မှာပဲ။ အရှုံးမပေးဘူး။ အရှုံးပေးမယ်ပေးရင်တော့ ကျတော်တို့တစ်ရွာလုံးကို သတ်လိုက်ရင် ကျေနပ်တယ်လို့။ မသတ်ဘူးဆိုရင်လည်း ငါတို့တောင်ယာပဲဆက်လုပ်ရမှာပေါ့” လို့ တစ်ရွာလုံး ရင်ဆိုင်ရတဲ့ အခက်အခဲကို ပြောထားပါတယ်။

၂၀၀၂–၂၀၀၃ ခုနှစ်မှာ အမတ ၃၆၀တပ် တည်ထောင်တဲ့အချိန်မှစပြီး ဒေါ်ဆိုရှေ့တောင်သူတွေ လုပ်ကိုင်စားသောက်တဲ့မြေတွေကို တပ်ပိုင်မြေအဖြစ် သတ်မှတ်ခဲ့ကြပြီး ဧက ၂၀၀၀ဝန်းကျင်ရှိတယ်လို့ သိရပါတယ်။

အဲဒီမြေနေရာကို တောင်သူတွေကိုလုပ်ကိုင်စားသောက်ခွင့်ပေးထားပေမယ့်လည်း တပ်ရင်းမှူး အပြောင်းအလဲကြောင့် တောင်သူတွေအနေနဲ့ ထွန်ယက်စိုက်ပျိုးမယ်ဆိုရင် သက်ဆိုင်ရာကို တင်ပြပြီး ခွင့်ပြုချက်ရမှသာ စိုက်ပျိုးခွင့်ပေးတယ်လို့ တောင်သူတွေဆီကနေ သိရပါတယ်။

# ကယားအစိုးရ ၃ နှစ်တာကာလအတွင်း ဟိုတယ်နှင့်ခရီးသွားကဏ္ဍ အောင်မြင်ဆုံးဖြစ်

**နော်ဒွေးအယ်ဥ**



ကယားပြည်နယ်အစိုးရအဖွဲ့၏ ပြည်သူ့အတွက် တတိယ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့တဲ့ လုပ်ငန်းတွေအနက် ဟိုတယ်နှင့်ခရီးသွား ကဏ္ဍဟာ အအောင်မြင်ဆုံးဖြစ်တယ်လို့ ကယားပြည်နယ် ဝန်ကြီးချုပ်က ပြောပါတယ်။

ကယားပြည်နယ် အစိုးရ၏ တတိယ(၁)နှစ်တာကာလအတွင်း လုပ်ဆောင်ချက်များထဲတွင် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ကဏ္ဍသည် အောင်မြင်မှုအများဆုံးဟု ဝန်ကြီးချုပ်က ပြည်နယ်အစိုးရ၏ တတိယနှစ်စက်ဝန်း သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။

“အအောင်မြင်ဆုံးလုပ်နိုင်ခဲ့တဲ့ လုပ်ငန်းတစ်ခုကို ပြောရမယ်ဆိုရင် ကျတော်တို့ အစိုးရရဲ့ ၃နှစ်တာ ကာလအတွင်းမှာ ဆောင်ရွက်ခဲ့တာတော့ လမ်းပန်းဆက်သွယ်ရေးနဲ့ လျှပ်စစ်။ ဒါကိုပဲ အလေးထားပြီးတော့မှ တစ်ပြည်နယ်လုံး အတိုင်းအတာအနေနဲ့ ကြိုးပမ်းဖော်ဆောင်တဲ့နေရာမှာ လမ်းပန်းဆက်သွယ်ရေးနဲ့ လျှပ်စစ်ကောင်းတဲ့အတွက်ကြောင့် ဟိုတယ်နဲ့ခရီး ကဏ္ဍက အော်တိုအောင်မြင်နေပါတယ်။ အအောင်မြင်ဆုံးသတ်မှတ်လို့ရပါတယ်။”ဟု ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်ဆိုရှို က ပြောသည်။

မေလ ၂၈ ရက်နေ့၊ ကယားပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ခဲ့သည့် ပြည်သူ့အတွက် တတိယ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သည့် ဒေသဖွံ့ဖြိုးရေးနှင့် ပတ်သက်သော သတင်းစာရှင်းလင်းပွဲတွင် ဝန်ကြီးချုပ်က မီဒီယာများ၏ မေးမြန်းချက်ကို ဖြေကြားခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင်လည်း ကယားပြည်နယ်တွင် ရင်းနှီးမြှုပ်နှံမှုရုံးနှင့် ကုမ္ပဏီများ ညွန်ကြားမှုဦးစီးဌာနရုံးကို ဖွင့်လှစ်ထားရှိပြီးဖြစ်သည့်အတွက် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများ ဝင်လာလျှင် ပြည်နယ်အတွက် အလုပ်အကိုင်အခွင့်အလမ်းများကို ရင်းနှီးမြှုပ်နှံမှုကဏ္ဍမှတစ်ဆင့် ဖော်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ်က ဆိုသည်။

ထို့ပြင် ရင်းနှီးမြှုပ်နှံမှုအပိုင်းတွင် ၂၀%ထိ အောင်မြင်နေပြီးသကဲ့သို့ ဟိုတယ်လုပ်ငန်းသည်လည်း တိုးတက်လာနေကြောင်း ဝန်ကြီးချုပ်က ဆက်ပြောသည်။

လက်ရှိအချိန်ထိ လွိုင်ကော်မြို့ပေါ်တွင် ဟိုတယ်အဆောက်အဦးမြောက်များစွာ တည်ဆောက်နိုင်ခဲ့ပြီး အခန်းပေါင်း ၆၀၀ ကျော် တည်ဆောက်နိုင်ခဲ့ကြောင်း သိရသည်။

လက်ရှိ ခရီးသွားလုပ်ငန်း လုပ်ဆောင်နေသည့်ဒေသများအပြင် ပွန်ချောင်း–ထူးချောင်းတို့ဆုံရာနေရာတွင် ကနူး၊ ကယက်လှေစီးခြင်း၊ ကယောဒေသရှိ မော်သီဒိုကျေးရွာတွင် သဘာဝခရီးသွားလုပ်ငန်းများကို စတင်အကောင်အထည်ဖော်နေပြီဖြစ်ကြောင်း ဆိုပါသည်။

ထို့အပြင် ဆင်ဖြူတောင်ထိပ်တွင် ပြည်တွင်း/ပြည်ပခရီးသွားများ လာရောက်အနားယူအပန်းဖြေနိုင်ရန် ဆောင်ရွက်ထားသကဲ့သို့ ကယားပြည်နယ်နှင့် ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်ကြားရှိ BP 13 နယ်စပ်ဝင်ပေါက်ကို အပြည်ပြည်ဆိုင်ရာ ဝင်ပေါက်အဆင့်အထိ ဖွင့်လှစ်နိုင်ရန် ပြည်ထောင်စုသို့ တင်ပြထားကြောင်း သိရသည်။

သက်တမ်း ၂ နှစ်အတွင်းတွင် ပြည်တွင်းလူထုအခြေပြု ခရီးသွားလုပ်ငန်းများ ဆောင်ရွက်နေသည့် ကျေးရွာများတွင် ခရီးသွားထုတ်ကုန်အသစ်တိုးချဲ့ခြင်းအစီအစဉ်ဖြင့် ခရီးသွားလုပ်ငန်းကို တိုးချဲ့ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

ကယားပြည်နယ်အစိုးရအဖွဲ့၏ တတိယတစ်နှစ်တာ ကာလအတွင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်ပြီး ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီမှ ရင်းနှီးမြှုပ်နှံမှုပမာဏ ကျပ်သန်းပေါင်းတစ်ထောင်ကျော်ရှိနေပြီး ဟိုတယ်လုပ်ငန်း ၁၂ ခု၊ နယ်သာလန်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုပမာဏ USD ၃သန်းရှိသည့် ဝက်မွေးမြူရေးလုပ်ငန်းနှင့် အခြားလုပ်ငန်း ၁၃ ခုကိုလည်း အတည်ပြု မိန့်ထုတ်ပေးနိုင်ခဲ့ကြောင်း ပြောကြားသွားသည်။

www.kantarawaddytimes.org
www.facebook.com/kantarawaddytimes

**Vol:7, Issues: 12**
June 1, 2019

Editor in Chief - **ကယားထဲ**
News Editor - **မူအက်စတာ**
Reporter- **နော်ဒွေးအယ်ရ၊ ခူးကိုရယ်**
Web developer - **ခူးလီးရယ်**
Layout Designer - **ခူးစေးရယ်**
Field Reporter - **ခွန်းတူးတူးလေး၊**

**Video Team**
Video producer - **ခူးဖဲဘူး**
Video Reporter - **မော်ဦးမြာ**

**Radio Team**
Radio Producer - **ခူးဖရက်ရယ်**
Presenter - **မော်ဒေးဒေး**

**Office Staff**
Coordinator - **ခူးဖဲဘီး**
Finance Manager - **မာတီးနာ**
Admin @ Accountant - **ဂျူလျားနာ**
Marketing - **မူဘူးမူ**

**ရုံးလိပ်စာ** –အမှတ် ၁၀၃၊ မောဒူကလားမေးလမ်း ၊ရှူးဖယ်ခူရပ်ကွက်၊ ဒီးမော့ဆိုမြို့၊ ကယားပြည်နယ်။
ဖုန်း– ၀၈၃၄၀၃၄၁။

**ဖြန့်ချိရေးလိပ်စာ** – ကန္တာရဝတီတိုင်း(မ်)၊ အမှတ် ၁၀၃၊ မောဒူကလားမေးလမ်း ရှူးဖယ်ခူရပ်ကွက်၊ ဒီးမော့ဆိုမြို့၊ ကယားပြည်နယ်။

**ဖြန့်ချိသည့်နေရာ** – ကယားပြည်နယ်။

**ပုံနှိပ်တိုက်** – သုဝဏ္ဏသိင်္ဂီ၊ ပုံနှိပ်တိုက်
**မှတ်ပုံတင်အမှတ်** (၀၀၄၃၁)
**လိပ်စာ** – No. 146/ 48th Street(apper)/ Botahtaung Township, Yangon
**ဖုန်း** – ၀၉၃၁၂၇၁၉၇၅၊ ၀၉၇၉၅၈၀၇၅၀၀၊ ၀၉၇၈၀၃၈၆၁၁၈
sunncolor1995@gmail.com

**ထုတ်ဝေသူ** – ဒေါ်စိုးစိုးထက်
**မှတ်ပုံတင်အမှတ်** – ၀၀၇၆၅
**ဖုန်း** – ၀၉၇ ၉၀၂၃ ၈၁၁၉၊ ၀၉၇ ၉၃၈၉ ၃၄၁၉။

**ဆက်သွယ်ရန် လိပ်စာ** –
**ဒေါ်စိုးစိုးထက် –** ဦးမြင့်ဆွေ၊ သ/၂၀၊ အောင်သပြေရပ်ကွက်၊ ငွေတောင်ကျေးရွာ၊ ဒီးမော့ဆိုမြို့၊ ကယားပြည်နယ်။
**ဖုန်း** – ၀၉၇ ၉၀၂၃ ၈၁၁၉၊ ၀၉၇ ၉၃၈၉ ၃၄၁၉။
**အီးမေးလ်** –
kayahhtet@kantarawaddytimes.org
kayahhtet@gmail.com
**မူဘူးမူ** – Marketing Manager
**ဖုန်း** – ၀၉၂၆၂၁၇၂၉၃၅ ။

**ကန္တာရဝတီတိုင်း(မ်)** ဂျာနယ်ထံသို့ သတင်း၊ ဆောင်းပါး၊ ကာတွန်း၊ ပေးစာနှင့် အကြံပြုစာများ ပေးပို့နိုင်ပါသည်။ ပေးပို့လာသည့် စာမူများကို အလျဉ်းသင့်သလို ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

# ဒေသခံတွေရဲ့ ထုံးတမ်းစဉ်လာမြေယာ စီမံခန့်ခွဲမှု ဓလေ့ကို အသိအမှတ်ပြုသင့်

**ကန္တာရဝတီတိုင်း(မ်)**
**အယ်ဒီတာအဖွဲ့**

ကယား(ကရင်နီ)တိုင်းရင်းသားမျိုးနွယ်စုအသီးသီးနေထိုင်ကြတဲ့ ကျေးရွာတိုင်းမှာ သူတို့သတ်မှတ်တဲ့ မြေအမျိုးအစားတွေ ရှိကြပါတယ်။ ကျေးရွာမြေ၊ ကျေးရွာပိုင်သစ်တော ၊ သချိုင်းမြေ၊ လယ်မြေ၊ တောင်ယာမြေ၊ သစ်တောမြေ၊ ကာကွယ်တော ၊ ရေကန်၊ ဥယျာဉ်ခြံမြေ၊ နတ်ထိန်းတော၊ စားကျက်မြေ၊ ဂူ စတဲ့ မြေအမျိုးစားတွေကို မတူညီတဲ့ နည်းလမ်းတွေနဲ့ မတူညီတဲ့ စိုက်ပျိုးရေးလုပ်ငန်းတွေနဲ့ အသုံးပြုကြပါတယ်။

မြေယာအသုံးပြုမှုနဲ့ဆိုင်တဲ့ ဓလေ့ထုံးတမ်းတွေကို မျိုးဆက်သစ်တွေက ဆင့်ကဲဆင့်ကဲ မြေယာစီမခန့်ခွဲကြပါတယ်။ မျိုးနွယ်စုအလိုက် သို့မဟုတ် ကျေးရွာအလိုက် မတူညီကြတဲ့ ရိုးရာဓလေ့နဲ့ ဆိုင်တဲ့ မြေယာအသုံးပြုမှုနဲ့ စည်းမျဉ်းစည်းကမ်းတွေရှိကြတယ်။

ဥပမာ ဒီးမော့ဆိုမြို့နယ်ရဲ့ အနောက်ဘက်ခြမ်းက ခူးပရာကျေးရွာ တစ်ရွာတည်းကိုပဲ လေ့လာကြည့်ပါမယ်ဆိုရင် သူတို့ရွာမှာ ခူးပရာကျေးရွာရဲ့ အသက်မွေးဝမ်းကျောင်း၊ မြေယာအသုံးချမှုနှင့် ရိုးရာဓလေ့အရ မြေယာစီမံခန့်ခွဲမှု ကျေးရွာလူထု ပူးပေါင်းပါဝင်တဲ့ သုတေသန အစီရင်ခံစာကို ၂၀၁၇ ခုနှစ်က ကရုဏာလူမှုစည်းလုံးညီညွတ်ရေးအသင်းက မှတ်တမ်းတင်ထားတဲ့အရာတွေကို ကြည့်နိုင်ပါတယ်။

သုတေသနမှတ်တမ်းထဲမှာဆိုလျှင် ခူးပရာကျေးရွာရဲ့ မြေယာအသုံးပြုမှုတွေမှာ ဧရိယာ စုစုပေါင်း ဧက ၄၇၉၀.၅၇ ရှိပါတယ်။ အဲဒီထဲမှာ လယ်မြေ၊ တောင်ယာမြေ၊ ဥယျာဉ်ခြံမြေ၊ သစ်တောမြေ၊ နတ်ထိန်းတော၊ သချိုင်းမြေ၊ ကျေးရွာမြေ၊ ဂူ၊ ကရင်နီလူမျိုးပေါင်းစုံ လွတ်မြောက်ရေးတပ်ဦးစခန်းဆိုပြီး တိကျတဲ့ မြေကေအတိုင်းအတာတွေ ဖော်ပြပါရှိပါတယ်။

ဒါတွေကို လေ့လာခြင်းအားဖြင့် တိုင်းရင်းသားဒေသတွေမှာ ကျေးရွာနယ်မြေနယ်နိမိတ်တွေနဲ့ ဘိုးဘွားစဉ်ဆက်ကတည်းက ကျင့်ထုံးလာတဲ့ မြေယာဓလေ့လုပ်ငန်းတွေရှိတယ်ဆိုတာ သက်သေပြလို့ရပါတယ်။

၂၀၁၈ ခုနှစ် စက်တင်ဘာလမှ ထွက်သွားတဲ့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း ပြင်ဆင်တဲ့ ဥပဒေဟာဆိုလျှင် အခုလိုတိုင်းရင်းသားတွေက မြေယာအသုံးချမှုတွေနဲ့ ရိုးရာဓလေ့အရ မြေယာစီမံခန့်ခွဲမှုတွေက ထိပ်တိုက်ပြဿနာပေါ်စေပါတယ်။

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းဥပဒေ ပုဒ်မ ၃၀ – က (ခ) အရ ဒေသခံတိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာအရ သတ်မှတ်မြေများ၊ (ဂ) အများပြည်သူနှင့် တိုင်းရင်းသား များဆိုင်ရာ ဘာသာရေး ၊ လူမှုရေး ၊ ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေးတို့အတွက် လက်ရှိအသုံးပြုထားသည့် မြေများ သည် မြေလွတ်၊ မြေလပ်၊ မြေရိုင်းဥပဒေနှင့် သက်ဆိုင်ခြင်းမရှိစေရ လို့ပါရှိပါတယ်။

လက်ရှိ ဖရူဆိုမြို့နယ်အတွင်းမှာပင် ၄င်းမြေများကို လိုချင်သည့် ပုဂ္ဂိုလ်မြေလွတ်၊ မြေလပ်၊ မြေရိုင်း လုပ်ပိုင်ခွင့်တွေကို သက်ဆိုင်ရာ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှာ လျှောက်ထားကြ ပြီးဖြစ်ပါတယ်။

သူတို့လျှောက်ထားတဲ့ မြေယာပေါ်မှာ ဖရူဆို – ဟိုယာကားလမ်းမကြီးဖြတ်သွားတဲ့ ဧရိယာလည်းဖြစ်တဲ့အတွက် လမ်းပန်းဆက်သွယ်ရေး အရေးပါသည့်နေရာလည်း ပါနေပါတယ်။

ဒ့ါအပြင် ကယောတိုင်းရင်းသားမျိုးနွယ်စုတွေရဲ့ ရိုးရာယဉ်ကျေးမှုဓလေ့အရ တောလိုက်ခြင်း၊ တောင်ယာလုပ်ခြင်း၊ ပူဇော်ပသခြင်း စတဲ့ ရိုးရာဓလေ့တွေ ပြုလုပ်တဲ့ နယ်မြေလည်း ဖြစ်ပါတယ်။

ဒေသခံတွေ လမ်းပန်းဆက်သွယ်ရေးအသုံးပြုနေတဲ့အပြင် ၊ ရိုးရာထုံးတမ်းဓလေ့တွေ ပြုလုပ်တဲ့ မြေနေရာဖြစ်လို့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းဥပဒေ ပုဒ်မ ၃၀ – က (ခ) အရဆိုရင် ဒေသခံတွေက ဥပဒေနဲ့ကအညီ ကန့်ကွက်ထားတာ ကိုတွေ့ရပါတယ်။ ဒါကြောင့် ဥပဒေကို အကောင်အထည်ဖော်နေတဲ့ လယ်ယာမြေစီမံခန့်ခွဲ့သူ သက်ဆိုင်ရာအစိုးရဌာနဆိုင်ရာတွေက ဒေသခံတွေရဲ့ ထုံးတမ်းစဉ် လယ်မြေယာစီမံခန့်ခွဲ့မှု ဓလေ့ကို အသိအမှတ်ပြုသင့်ပါတယ်။

---

သတင်းအချက်အလက်များ ရရှိမှုနည်းပါးသည့် ဟိုယာမြို့နယ်၊ ယိုယာအုပ်စု၊ ရာပေရားအုပ်စုနှင့် ဒေါလာစောအုပ်စုအတွင်းရှိ ကျေးရွာများအတွက် **KNPP** အမှတ်(၃) ခရိုင်အုပ်ချုပ်ရေးမှူး၊ **KNPP** ခရိုင်ရုံးတာဝန်ခံ ခူးလော်ရယ်မှ တစ်လနှစ်ကြိမ်ထုတ် **Kantarawaddy Times** ဂျာနယ်ကိုတစ်လလျှင် စောင်ရေ (၅၀) တစ်နှစ်စာ လှူဒါန်းပါသည်။



ကရင်နီ (ကယား)ဘာသာဖြင့် ထုတ်လွှင့်တဲ့ ကန္တာရဝတီတိုင်း(မ်) သတင်းများကို လွတ်လပ်တဲ့အာရှအသံ **RFA** ရေဒီယို အသံလွှင့်ဌာန၏ အပတ်စဉ် ကရင်နီဘာသာ အစီအစဉ်တွင်လည်း ဖမ်းယူနားဆင်နိုင်ပါကြောင်း သတင်းကောင်းပါးလိုက်ပါသည်။

**ဖမ်းယူနားဆင်ရန် – အင်္ဂါနေ့ မနက် ၇း၄၅ မိနစ်**

လှိုင်းတိုမီတာ ၁၉ ––– ကီလိုဟတ်စ် ၁၅၇၀၀၊
လှိုင်းတိုမီတာ ၂၅ ––– ကီလိုဟတ်စ် ၁၂၁၁၅၊
လှိုင်းတိုမီတာ ၃၂ ––– ကီလိုဟတ်စ် ၉၉၄၀

# " ကျေးလက် DRD ၏ ပီတိ "



"နွေရောက်ပြီလေ၊ ရိုးတံကျဲကျဲ၊ ပင်အိုတို့ အလှချင်းလည်းပြိုင်၊ ဘယ်ဆေးရေးလို့ လိုက်မမီတယ်၊ ခြယ်သ မကုန်နိုင်တယ် " အဆိုရှင်ဗစ်တာခင်ညို၏ သီချင်းသည် နွေရာသီကာလ၏ အလှကို ပေါ်လွင်ခံစားစေသည်မှာ နှစ်ရှည်လများ မကတော့ပေ။ ယခုနှစ် နွေရာသီကား နွေ၏အလှကို မခံစားစေနိုင်လောက်အောင် ပူလွန်းလှပေသည်။ တောတောင်သစ်ပင်များပြုန်းတီးခြင်း၏ အကျိုးဆက်ကိုကျွန်မတို့လူသားများ ခံစားနေကြရပါသည်။ နွေရာသီကာလတွင် အဆိုးဆုံးခံစား နေရသောဒုက္ခမှာ ရေရှားပါးခြင်း၏ဒုက္ခပင်ဖြစ် ပါသည်။ မီးမရှိလျှင် လူသားတို့နေထိုင်ရန် အဆင်ပြေနိုင်သော်လည်း ရေမရှိပါက နေထိုင်ရန်မည်သို့မျှမဖြစ်နိုင်ပေ။

ကျွန်မတို့ ကယားပြည်နယ်သည် တောတောင်သဘာဝထူပြော၍ စိမ်းလန်းစိုပြေနေသော်လည်း အချို့သောမြို့နယ်၊ ကျေးရွာများတွင် ရေရှားပါးခြင်း နှစ်စဉ်နှင့်အမျှ ဖြစ်ပေါ်လျှက်ရှိပါသည်။ အဓိကမြို့နယ်အနေဖြင့် ဒီးမော့ဆို၊ ဖရူဆိုမြို့နယ်ရှိ အချို့သော ကျေးရွာများတွင် ရေရှားပါးခြင်းကို နှစ်စဉ်နှင့်အမျှ ခံစားနေရရှာသည်။ ကျွန်မတို့၏ ကျေး လက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ၏ လူမှု စီးပွားဘဝ အ ဆင်ပြေလွယ်ကူချောမွေ့စေရေးနှင့်လူနေမှုအဆင့် အတန်းမြင့်မားစေရေး တစ်ဖက်တစ်လမ်းမှ ဖြည့် ဆည်းဆောင်ရွက်ပေးလျှက်ရှိရာ ကျေးလက်နေပြည် သူများအတွက် သန့်ရှင်းသော သောက်သုံးရေရရှိ ခံစားစေရေး စက်ရေတွင်းများတူးဖော်ပေးခြင်း၊ ရေ လှောင်ကန်-များ၊ လက်တူးတွင်းများ တူးဖော်ပေးခြင်း၊ ရေရှားပါးကျေးရွာများ၌ အဓိက ရေထွက်ပင်ရင်း၊ ရေအရင်းအမြစ်များရှာဖွေ၍ ရေပိုက်လိုင်းများသွယ်တန်းပေးခြင်း၊ အိမ်တိုင်ရာရောက် ရေသွယ်စနစ်များဆောင်ရွက်ပေးခြင်း စသည်ဖြင့် သန့်ရှင်းသော သောက်သုံးရေရရှိစေရေး အဖက်ဖက်မှ ပညာရှင်၊ နည်းပညာရှင်များနှင့် ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျှက်ရှိပါသည်။

ယခုနှစ်ကာလတွင်လည်း ရေရှားပါးခြင်းကို အဓိကခံစားနေရသော ဒီးမော့ဆို မြို့နယ်၊ ဒေါဆိုရှေ့ကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးမှ ရေလှူ ဒါန်းခြင်းကို (၁၁)ကြိမ်၊ ဖရူဆိုမြို့နယ်၊ လောလျားခူ၊ ပရယ်တော်၊ ထီးသဲကူး၊ ဒေါပိုရှေ့၊ ဒေါကူလီ၊ ဘီဆိုကျေးရွာများတွင် (၂၉)ကြိမ်၊ လွိုင်ကော်မြို့နယ်၊ နွားလဝိုးစံပြ၊ လယ်ထွဲရွာသစ်တို့၌ (၁)ကြိမ်၊ ဘောလခဲမြို့နယ်၊ ဘူးခူကျေးရွာတွင် (၅) ကြိမ်ဖြင့် ရေပေးဝေလှူဒါန်း ပေးလျှက်ရှိပါသည်။ ကျွန်မတို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် ကျေးလက်နေပြည်သူများ၏ လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းမှာ ဘယ်လိုအရာနှင့်မျှ မလဲနိုင်သော ပီတိဖြစ်မိပါကြောင်း ကျေးလက်နေပြည်သူများနှင့် မည်သူမဆို ရေလိုအပ်ပါက (၀၈၃-၄၀၃၄၆၊ ၄၅၀၀၆၊ ၅၀၁၀၉)များသို့ ဆက်သွယ်၍ ရေလှူဒါန်းပေးပါရန် ဆက်သွယ်နိုင်ပါကြောင်း သတင်းကောင်းမျှဝေခြင်းဖြင့် ကျေးလက်DRD၏ ပီတိအား ပုံဖော်ရေးသားလိုက်ရပါသည်။

ဖြူဖြူ[ကျေးလက်]

# ကယားပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ " ၂၀၁၈ – ၂၀၁၉ ခုဘဏ္ဍာရေးနှစ် ပြည်ထောင်စု၊ ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများ ညှိနှိုင်းဆွေးနွေးခြင်း "

၂၀၁၈–၂၀၁၉ ခုဘဏ္ဍာရေးနှစ်၊ ကယားပြည်နယ်အတွင်း ပြည်ထောင်စု၊ ပြည်နယ်ဘဏ္ဍာ ရန်ပုံငွေဖြင့်ဆောင်ရွက်သည့်လုပ်ငန်းများ ဘဏ္ဍာရေးနှစ်အတွင်း သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ပြီးစီးအောင်ဆောင်ရွက်နိုင်ရန်အတွက် ညှိနှိုင်းဆွေးနွေးသည့် အစည်းအဝေးကို (၁၆–၅–၂၀၁၉) ရက်နေ့တွင် ကယားပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အစည်းအဝေးတွင် ရှေးဦးစွာ ပြည်နယ်ဦးစီးမှူးမှ လုပ်ငန်းများနှင့်ပတ်သက်၍ အဖွင့်အမှာစကားပြောကြားခဲ့ပြီး ဦးစီးအရာရှိ(နည်းပညာ)မှ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေအား အကျဉ်းချုပ်ရှင်းလင်း ပြောကြားခဲ့ပါသည်။

လွိုင်ကော်၊ ဒီးမော့ဆို၊ ဖရူဆို၊ ရှားတော၊ ဘောလခဲ၊ ဖားဆောင်း၊ မယ်စဲ့မြို့နယ်ဦးစီးမှူးများမှ မိမိမြို့နယ်အလိုက် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို အသေးစိတ်ရှင်းလင်းဆွေးနွေးတင်ပြခဲ့ပြီး အဆိုပါဆွေးနွေးမှုအပေါ် လွိုင်ကော်ခရိုင်နှင့် ဘောလခဲခရိုင်ဦးစီးမှူးများမှ မိမိခရိုင်အလိုက်လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုအခြေအနေများအပေါ် သုံးသပ်ဆွေးနွေးပါသည်။

ထို့နောက်ကုမ္ပဏီများမှ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို အသီးသီးတင်ပြ ဆွေးနွေးတင်ပြခဲ့ကြပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိပါသည်။

ကယားပြည်နယ်ကျေးလက်

# ကယားပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ "ဒီးမော့ဆိုမြို့နယ်၊ ဒေါဆိုရှေ့ ကျေးရွာသို့ ရေဂါလံ (၁၂၀၀)လှူဒါန်းခြင်း"

ဒီးမော့ဆိုမြို့နယ်၊ ဒေါဆိုရှေ့ကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၇–၂၀၁၈ ခု ဘဏ္ဍာရေးနှစ်အတွင်း တွင်းနက်တူးဖော်ခြင်းလုပ်ငန်း လျာထားဆောင်ရွက်ခဲ့သော်လည်း တူးဖော်အောင်မြင်မှုမရှိသဖြင့် လုပ်ငန်းပြန်လည်အပ်နှံခဲ့ရပြီး လက်တူးတွင်းများ တူးဖော်ဆောင်ရွက်လျက်ရှိရာ မိုးရာသီကာလတွင်သာသောက်သုံးရေ ဖူလုံစွာရရှိပါသည်။ နွေရာသီတွင် သောက်သုံးရေ လုံလောက်စွာ မရသဖြင့် သောက်သုံးရေ အခက်အခဲဖြစ်ပေါ်လျှက်ရှိပါသည်။

အဆိုပါသောက်သုံးရေ အခက်အခဲဖြစ်ပေါ်မှုအပေါ် ပြည်နယ်ဦးစီးမှူး၊ ဦးကျော်သူအောင် ဦးဆောင်၍ လွိုင်ကော်ခရိုင်ဦးစီးမှူး၊ ဦးညွန့်ဇော်၊ ဒီးမော့ဆိုမြို့နယ် ဦးစီးမှူး၊ ဦးမျိုးနိုင်နှင့် ဟိန်းဝေစံကုမ္ပဏီတို့ပူးပေါင်းလိုက်ပါပြီး အိမ်ခြေ (၂၇) အိမ်၊ လူဦးရေ (၁၂၃)ဦးနေထိုင်သော ဒီးမော့ဆိုမြို့နယ်၊ ဒေါဆိုရှေ့ကျေးရွာသို့ ရေဂါလံ(၁၂၀၀)ပါဝင်သော (၅)ဂါလံ ပုံး (၃၀) သွားရောက်လှူဒါန်းခဲ့ကြောင်း သတင်းရရှိပါသည်။

ကယားပြည်နယ်ကျေးလက်



ကြော်ငြာ ကိစ္စ ဆက်သွယ်လိုပါက
ဖုန်း – ၀၉၂၆၂၁၇၂၉၃၅

တိုက်ရိုက် အကြံပြုလိုပါက
ရုံးဖုန်း – ၀၈၃၄၀၃၄၁

# တိတ်တဆိတ်ဖြစ်ပေါ်နေတဲ့ လူ့အခွင့်အရေးချိုးဖောက်မှုလုပ်ရပ်များ

**ကန္တာရဝတီတိုင်း[မ်]**



ကယား(ကရင်နီ)ပြည်နယ်၏ သတ္တုတူးဖော်ရေးအကြီးဆုံးလုပ်ငန်းဖြစ်တဲ့ မော်ချီးခဲမဖြူအဖြိုက်နက် သတ္တုလုပ်ငန်းတည်ရှိရာ နေရာဟာဆိုရင် တောင်ကုန်းတောင်တန်းတွေပေါတဲ့ ကယားပြည်နယ်၊ ဖားဆောင်းမြို့နယ်၊ မော်ချီးဒေသမှာ တည်ရှိပါတယ်။

အဲဒီလုပ်ငန်းဟာဆိုရင် နှစ်ပေါင်းတစ်ရာ ကျော်နေပြီဖြစ်တဲ့အတွက် ခေတ်အဆက်ဆက် အစိုးရလက်ထက်တွေမှာ လုပ်ကိုင်လာခဲ့ကြပေမယ့်လို့ ပွင့်လင်းမြင်သာမှု ယခုချိန်ထိ မရှိသေးဘူးလို့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့တွေက ဝေဖန်သုံးသပ်နေကြပါတယ်။

သတ္တုတူးဖော်မှုလုပ်ငန်းတွေကြောင့် ဒေသခံတွေသောက်သုံးနေကြရတဲ့ ခဲမဖြူကျေးရွာအနီးက မိုလိုချောင်းဟာဆိုရင်လည်း သောက်သုံးလို့မသင့်တော်တော့ပဲ ညစ်ညမ်းနေတာတွေကို တွေ့ရပါတယ်။

ဒါကြောင့် သတ္တုတွင်းလုပ်ငန်း ထုတ်ယူသုံးစွဲမှုကြောင့် လူ့အခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင် အခြေအနေကို လေ့လာစောင့်ကြည့်ဖို့အရေးကြီးလိုနေပြီဖြစ်တယ်လို့ Kayah Earthrights Action Network (KEAN) မှ ကိုအယ်စေးက ပြောလိုက်ပါတယ်။

သတ္တုတူးဖော်ရေးလုပ်ငန်းတွေဟာ လူ့အခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခွင့်အရေးချိုးဖောက်မှုတွေ ထိခိုက်မှုတွေဖြစ်ပေါ် စေတဲ့ လုပ်ငန်းတစ်ခုဖြစ်ပေမယ့်လည်း အဲဒီထဲမှာ ပါဝင်ပတ်သက်နေကြတဲ့ လူပုဂ္ဂိုလ်တွေ ကုမ္ပဏီတွေ၊ သက်ဆိုင်ရာ အဖွဲ့အစည်းတွေရဲ့ တာဝန်ယူမှု တာဝန်ခံမှုမရှိသလောက်ဖြစ်နေတာကို တွေ့မြင်နေရပါတယ်လို့ဆိုပါတယ်။

"မြစ်ချောင်းတွေ ပျက်တာအများကြီးရှိတယ် ပြီးတော့ သစ်တောတို့ တောတောင်တို့ ပျက်စီးတာအများကြီးရှိတယ် ဒါပေမယ့် ဒါတွေဒေသခံကို ပြောရင် ဒေသခံတွေ အများစုက မပြောရဲဘူး။" လို့ ကိုအယ်စေးက ပြောပါတယ်။

ဒေသခံတွေကလည်း တစ်စိပ်တစ်ပိုင်းအားဖြင့် အကျိုးအမြတ် အနည်းအကျဉ်းရနေတဲ့အတွက် ဒီအပေါ်မှာ မှီခိုရတာတွေကြောင့် ပြောဖို့ဆိုဖို့ အခက်အခဲတွေဖြစ်စေလာတာ ဖြစ်ပါတယ်။

ဒီလိုပျက်စီးသွားတဲ့အပေါ်မှာလဲ မည်သူမည်ဝါက တာဝန်ယူမလဲဆိုတာက မေးခွန်းထုတ်စရာတွေ ရှိလာပါတယ်။

KEAN အဖွဲ့မှ သုတေသနပြုလုပ်ထားသည့် အချက်အလက်အရ မော်ချီးဒေသတွင် သောက်သုံးရေ စစ်ဆေးမှုများ ပုံမှန်စစ်ဆေးလာခဲ့ရာ ပုံမှန်ပြောင်းလဲမှုတွေရှိနေတာကြောင့် ရေအရင်းအမြစ်တွေဟာ ပျက်စီးလာနေပြီဖြစ်တယ်လို့ သိရပါတယ်။

"ကျတော်တို့ပြောတာက သဘာဝပတ်ဝန်းကျင်ပျက်ဆီးတယ် ပြီးတော့ အရင်းအမြစ်ပျက်စီးလို့ ကျတော်တို့ပြောခြင်း ဖြစ်တယ်။" လို့ ကိုအယ်စေးက ပြောပါတယ်။

အချို့သောရေချိုအရင်းအမြစ်တွင် ခဲသတ္တုဓာတ်(Lead)နှင့် စိန်ဓာတ်(Arsenic) ပါဝင်မှုပမာဏဟာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကနေ သတ်မှတ်ထားတဲ့ စံချိန်စံနှုန်းထက် ကျော်လွန်နေတာတွေ့ရတယ်လို့ KEAN အဖွဲ့မှ ပြုလုပ်ထားတဲ့ သုတေသနအရ သိရပါတယ်။

သတ္တုတူးဖော်ထုတ်လုပ်မှုလုပ်ငန်းတွေကြောင့် ထိခိုက်ခံစားနေရတဲ့ ဌာနေတိုင်းရင်းသားတွေသာမက သူတို့အခွင့်အရေးတွေအတွက် လှုပ်ရှားဆောင်ရွက်နေကြတဲ့ ဒေသခံပြည်သူတွေ အရပ်ဖက်လူထု အခြေပြုအဖွဲ့အစည်းတွေကိုလည်း ဒီသတ္တုတူးဖော်တဲ့ လုပ်ငန်းပါဝင်ပတ်သက်ဖို့ ကန့်သတ်မှုခံနေရတာတွေ၊ အသက်အန္တရာယ်ခြိမ်းခြောက်တာတွေ စတဲ့စိန်ခေါ်မှုတွေလည်းကြုံတွေ့နေကြရပါတယ်။

မော်ချီးခဲတွင်း သတ္တုလုပ်ငန်းကိုလည်း တူးဖော်ခွင့်ကိုလည်း ကယားပြည်နယ် သတ္တုတူးဖော်ထုတ်လုပ်ရေးကုမ္ပဏီ ( Kayah State Mining Product Company Limited- KMPC) က ထပ်မံတူးဖော်ခွင့် သက်တမ်းတိုးရရှိပြန်ပါတယ်။

သတ္တုတွေ အကြီးအကျယ် ထပ်မံတူးဖော်ဖို့ ဆောင်ရွက်နေကြတဲ့အပြင် မော်ချီးဒေသ ထိုးမူခီးလုပ်ကွက်မှာဆိုရင်လည်း အဖွင့်တူးစနစ်နဲ့ ခဲတွေကိုအများကြီး ထုတ်နေတာတွေရှိတယ်လို့ သိရပါတယ်။

အဲဒီမှာ တရုတ်လူမျိုးအများကြီး ပါဝင်ပတ်သက်မှုအများဆုံးလုပ်ကွက်လို့လည်း ဒေသခံတွေဆီကနေ တဆင့်ကြား သိနေရပါတယ်။

အဲဒီလုပ်ကွက်က အလုပ်သမားတွေကို အလုပ်ခေါ်လို့ရှိရင် ဒေသခံတွေထဲကမဟုတ်ဘဲနဲ့ တခြားဒေသကနေ ခေါ်လာပြီးအလုပ်လုပ်ခိုင်းပါတယ်။

အဲဒီလုပ်ကွက်က အပြင်လူကော ဒေသခံကော လုပ်ကွက်ထဲကို သွားရောက်ဖို့ ပိတ်ပင်ကန့်သတ်ထားတာတွေရှိပါတယ်။



အဲဒီလုပ်ငန်းခွင်ကို သွားဖို့ဆိုရင် လက်နက်ကိုင်အဖွဲ့တွေကနေ လက်နက်တွေကိုင်ထားပြီး စောင့်ကြပ်တဲ့ ဂိတ်တွေကို ဖြတ်သွားရပါတယ်။

အဲဒီသတ္တုတွင်းမှာ နေ့ရောညပါတူးဖော်နေတာတွေရှိပြီး တရုတ်လူမျိုးတွေကနေ ဦးစီးလုပ်နေကြတယ်လို့ လုပ်ငန်းခွင်ရောက်ဖူးတဲ့ ဒေသခံတစ်ဦးရဲ့ ပြောပြချက်အရသိရပါတယ်။

စီမံကိန်းတွေကြောင့် မြေပြိုတာတွေ၊ သစ်တောပြုန်းတီးပျက်စီးလာတာတွေ၊ ရေအရင်းအမြစ်ရှားပါး လာတာတွေ၊ မြစ်ချောင်းတွေတိမ်ကောပျက်စီးလာတာတွေ၊ စိုက်ပျိုးခြံထိခိုက်ပျက်စီးလာတာတွေ စတဲ့ ဆိုးကျိုးသက်ရောက်မှုတွေ ကြုံတွေ့နေရပြီလို့ KEAN အဖွဲ့က ၂၀၁၈ခုနှစ် ဩဂုတ်လက သတ္တုလုပ်ငန်းနဲ့ပတ်သက်ပြီး သုတေသနပြုလုပ်ထားတဲ့ "တိတ်ဆိတ်စွာဆက်လက်ဖြစ်ပေါ်နေသော လူ့အခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခွင့်အရေးချိုးဖောက်မှုများ" ဆိုတဲ့ စာတမ်းအရ သိရပါတယ်။

လိုခါးလိုအပေါ်ဘက်မှာရှိတဲ့ ပေါင်မုန့်တုံးလို့ ဒေသခေါ်ဝေါ်ကြတဲ့ ကျောက်တုံးကြီးဟာဆိုရင် အမြင့်ဆုံးမှာရှိပြီး အဲဒီပေါင်မုန့်တုံးအောက်မှာက လုပ်ကွက်တွေအများကြီးရှိနေတဲ့အတွက်ကြောင့် ပြိုကျနိုင်တဲ့ နေရာတခုလည်းဖြစ်တဲ့အတွက် စိုးရိမ်စရာတွေရှိတယ်လို့ ဒေသခံတွေဆီကနေ ကြားသိရပါတယ်။

"ဘူမိဗေဒစစ်ဆေးချက်အရ အဲဒီတောင်ပေါ်က ဘုရားကနေစလို့ ဒီရုံးအထိအက်ကြောင်းတွေပဲ အဲဒီက ပြိုကျလိုက်ပြီဆိုရင် သူတို့လုပ်ထားတာတွေ အလကားပဲ ပိုက်ဆံတွေပစ်ချလိုက်သလိုပဲ။ မလုပ်ဘူးဆိုလည်းမဟုတ်ဘူး လုပ်တော့လုပ်တယ် ထိထိမိမိရှိသလား၊ မရှိဘူးလား သေချာစဉ်းစားလုံးဝ ထိထိမိမိ ကာကွယ်နိုင်တဲ့တခုက ဒီပေါင်မုန့်တုံး အောက်က ကျတဲ့တခုကမလုပ်လို့ရှိရင် အေ–ာင်ချမ်းသာတရပ်ကွက်လုံးက မျှော်လင့်ချက်သိပ်မရှိဘူး။" လို့ မော်ချီးမှာ နေထိုင်လျက်ရှိတဲ့ ကျန်းမာရေး ဆရာမ မာဂရက်စိန်က ပြောပါတယ်။

"ဒေသခံတစ်ယောက်အနေနဲ့ အဲဒီပေါင်မုန့်လုံးကိုပြောမယ်ဆိုရင် ဒါကအောက်ခြေမှာက ကျဉ်းတွေများတယ်။ မလုပ်တာကောင်းမယ်။ တကယ်တမ်း ထိခိုက်မှုရှိလာမှာက လိုခါးလိုဘက်များမှာပေါ့။ ဘာကြောင့်လဲဆို အောက်ခြေပြုတ်ရင် လိုခါးလိုဘက်ဆင်းမှာပဲ။ လိုခါးလို၊ ကွက်သစ်အဲဒီ တစ်ဖက်တော့ လူများတယ်။ တကယ်လိုပြိုခဲ့ရင် ထိခိုက်မှုတော်တော်များမယ်။"လို့ ဒေသခံတစ်ဦးဖြစ်တဲ့ ဦးဇော်မင်းထွန်းက ပြောပါတယ်။

ပြီးခဲ့တဲ့လတွေထဲက ပညာရှင်တချို့ဟာ မော်ချီးဘက်ကို သွားရောက်လေ့လာခဲ့ရာမှာ သတ္တုတွင်း ဥပဒေအရ မိုင်းဇရိယာမှာ လူတွေမနေသင့်ကြောင်း၊ မြေသားရဲ့ အလေးချိန်ကိုလျှော့ချသင့်ကြောင်း၊ မြေထိန်းနံရံတွေ ပြုလုပ်ထားသင့်ကြောင်း စတဲ့ အချက်တွေကို မြေပြိုမှုမဖြစ်ပွားနိုင်ရန်အတွက်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း ဆရာမ မာဂရက်စိန်က ဆိုပါတယ်။

မော်ချီးဒေသသဘာဝဘေးအန္တရာယ်ဆိုင်ရာ ထိန်းသိမ်းကာကွယ်ရေးအတွက် ၂၀၁၇ – ၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ကုမ္ပဏီကနေ ရန်ပုံငွေသိန်း ၅၀၀ လှူဒါန်းခဲ့ကြောင်း မှတ်တမ်းအရ သိရပါတယ်။

သဘာဝဘေးအန္တရာယ်ဆိုင်ရာထိန်းသိမ်းကာကွယ်ရေးအဖွဲ့ကို ၂၀၁၇ ခုနှစ်မှာ ကုမ္ပဏီကတာဝန်ရှိသူတွေ လွှတ်တော်ကိုယ်စားလှယ်တွေ၊ ဒေသခေါင်းဆောင်တွေနဲ့ ဖွဲ့စည်းခဲ့ပေမယ့်လည်း လုပ်ငန်းဆောင်ရွက်ဖို့ အားနည်းနေတယ်လို့ သိရပါတယ်။

ဒေသခံတွေနဲ့ အရပ်ဖက်အဖွဲ့အစည်းတွေက ခိုင်မာတဲ့ နိုင်ငံရေးပြောင်းလဲမှု မရှိသေးဘဲနဲ့ လုပ်ငန်းတွင် ရှေ့ဆက်ချဲ့တာတွေ မလုပ်ပေးဖို့ သက်တမ်းမတိုးပေးဖို့ လွှတ်တော်ကိုယ်စားလှယ်တွေ ထံကနေတဆင့် တောင်းဆိုနေချိန်မှာပဲ သတ္တုထပ်မံတူးဖော်ဖို့ ၅ နှစ်သက်တမ်းရရှိသွားပြီ ဖြစ်ပါတယ်။

ဒါကြောင့် ယခုလို အဖက်ဖက်က တောင်းဆိုတားမြစ်နေတဲ့ကြားက ကုမ္ပဏီတွေကို ထပ်မံသက်တမ်းတိုးပေးလိုက်တာဟာ အဂတိလိုက်စားမှုတခုပဲလို့ ကိုယ်အယ်စေးက သုံးသပ်ပြောဆိုသွားပါတယ်။

" ကျတော်တို့ ကြည့်လို့ရတယ်ဘယ်မှာလဲ အကျင့်ပျက်ခြစားမှုတွေက ယနေ့ထိတိုင် အားကောင်းတယ်ဆိုတာ ပေါ်လွင်နေတာဘဲ။"




၂၀၁၃ ခုနှစ်၊ ဖေဖေါ်ဝါရီလတွင် စတင်ဖြန့်ချိသည်။

# ဖရူဆိုမြို့နယ်အတွင်း နေရာ(၄)နေရာတွင် မြေလွတ်၊ မြေလပ်၊ မြေရိုင်းလုပ်ပိုင်ခွင့် လျှောက်ထားမှုအပေါ် ဒေသခံများက လက်မှတ်ထိုးကန့်ကွက်စာ ပေးပို့

**ကန္တာရဝတီတိုင်း[မ်]**

ဖရူဆိုမြို့နယ် နေရာ (၄)နေရာအတွင်းတွင် မြေလွတ်၊ မြေလပ်၊ မြေရိုင်းလုပ်ပိုင်ခွင့် လျှောက်ထားမှုနှင့်ပတ်သက်၍ ဒေသခံကျေးရွာလူထုတရပ်လုံးမှ လုံးဝသဘောမတူကြောင်း၊ လက်မခံနိုင်ကြောင်းနှင့် ကန့်ကွက်ကြောင်း သက်ဆိုင်ရာဌာနဆိုင်ရာသို့ မေလ ၃၁ ရက်နေ့တွင် ဥပဒေနည်းလမ်းအရ အသိပေးအကြောင်းကြားကန့်ကွက်ထားပြီးဖြစ်သည်ဟု ဒေသခံများထံမှ သိရသည်။

၎င်း(၄)နေရာများမှာ ဖရူဆိုမြို့နယ်၊ ရာပေရားကျေးရွာအုပ်စု၊ ခိုးဘာကျေးရွာအနီးတွင် ဦးမြင့်မောင်မောင်က ဧက ၂၀၀၊ ဦးမျိုးသန့်နိုင်က ဧက ၅၆.၅၆ဧက၊ မိုဆိုကျေးရွာအုပ်စု၊ မိုသီဒိုကျေးရွာအနီးတွင် ဗိုလ်မှူးကြီးမိုးဟိန်းက ဧက ၅၁.၂၆ဧကနှင့် မြို့မကျေးရွာအုပ်စု လောဂျာကျေးရွာအနီးတွင် ဒေါ်ခင်မိုးနှင်းက ၈.၅၀ဧကဖြင့် မြေလွတ်၊ မြေရိုင်းလုပ်ကိုင်ခွင့် အသီးသီးလျှောက်ထားခဲ့ကြရာ ဒေသခံများက ပြန်လည်ကန့်ကွက်ခြင်းဖြစ်သည်။

၎င်းကန့်ကွက်ကြောင်းစာကို မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ၊ ပြည်နယ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးလုပ်ငန်းအထောက်အကူပြုအဖွဲ့၊ ကယားပြည်နယ်၊ မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ဖရူဆိုမြို့သို့ ကန့်ကွက်စာ ပေးပို့ထားပြီဖြစ်သည်။

သမားဦးထူးအီက ကော်ဖီပင်များစိုက်ပျိုးရန်နှင့် နေအိမ်များဆောက်လုပ်ရန်အတွက် ပြင်ဆင်ထားလျက်ရှိသည်။

ကယောလူမျိုးများ၏ရိုးရာအရ နတ်ပူဇော်ပသသည့် နေရာလည်း ဖြစ်သည်။ ဟွိုင့်လိုရေိယာသည် ကွယ်လွန်သွားသည့် ဘိုးဘွားများကို နှစ်စဉ်ပူဇော်ကန်တော့လျက်ရှိသည်။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းစီမံခန့်ခွဲရေးဥပဒေအရ ဦးမျိုးသန့်နိုင်လျှောက်ထားသည့် မြေနေရာသည် ကယောလူမျိုးအထွဋ်အမြတ်ထားသည့် နေရာဖြစ်သည့်အပြင် ခိုးဘာကျေးရွာတောင်သူလယ်သမားများ စားဝတ်နေရေးအတွက် အရေးပါသည့်မြေနေရာလည်း ဖြစ်သည်။

ဦးမြင့်မောင်မောင်လျှောက်ထားသည့် ဆင်ဖြူတောင်မြေရေိယာသည် ကယောလူမျိုးအထွဋ်အမြတ်ထားသည့် နေရာဖြစ်သည့်အပြင် အလွန်လှပပြီး လူသူအများလာရောက်လည်ပတ်သည့် နေရာလည်းဖြစ်သည်။ ဆင်ဖြူတောင် ကယောအခေါ် (ရော်ဆောဘူးခူ) သဘာဝအလှတရားနှင့်ပြည့်စုံကြွယ်ဝသည့် ဆင်ဖြူတောင်ကို သဘာဝအလှတရားအတိုင်း ရှင်သန်ခွင့်ပေးရန် ဒေသခံတောင်သူလယ်သမားများက လိုလားလျက်ရှိသည်။



**လောဂျာကျေးရွာနယ်နိမိတ်အတွင်း မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း လျှောက်ထားခြင်း**

မြို့မကျေးရွာအုပ်စု လောဂျာကျေးရွာအနီးတွင် ဒေါ်ခင်မိုးနှင်းက မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းလျှောက်ထားသည့် မြေနေရာသည် ကျေးရွာနယ်နိမိတ်အတွင်း ကျရောက်နေခြင်း၊ အစဉ်အလာအရ ထိန်းသိမ်းထားသည့် ရိုးရာအမွေအနှစ်များတည်ရှိခြင်း၊ မြေကိုဓလေ့ထုံးတမ်းအရ လုပ်ကိုင်ကျင့်သုံးလာသည့် အတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းလုံးဝမရှိဟု ဒေသခံများက ပြောဆိုနေကြပါသည်။

မိမိတို့ရွာတွင် မြေလွတ်၊ မြေလပ်၊ မြေရိုင်းမရှိကြောင်း၊ ရွှေ့ပြောင်းတောင်ယာမြေဖြစ်ကြောင်း၊ စားကျက်မြေဖြစ်ကြောင်း လောဂျာကျေးရွာမှ ရာအိမ်မှူး ဦးတီရယ်က ပြောပါသည်။

“သူတို့လာယူလိုက်မယ်ဆိုရင် အဲ့ဒီမြေက အခုပလပ်ထားတယ်ပေ့ါနော၊ ဒါပေမယ့် အဲ့ဒါ စားကျက်မြေဖြစ်တယ် ကျွန်တော်တို့ ခြံတစ်ခုခုနဲ့ လုပ်လိုက်ရင်လည်း စာကျက်မြေလည်းမရှိတော့ဘူး၊ နောက်ထပ်ရွှေ့ပြောင်းစရာ တောင်ယာမြေလည်း မရှိတော့ဘူး၊ အဲ့ဒါ ကျွန်တော်တို့အတွက် အများကြီးခက်ခဲတယ်။” ဟု ဦးတီရယ်က ပြောပါသည်။

လောဂျာကျေးရွာမြေများတွင် ရွာမြေ၊ သချိုင်းမြေ၊ “ကေ့”မြေ ၊ “အီလူ” မြေ၊ တောင်ယာမြေ၊ ဥယျာဉ်ခြံမြေ၊ စာကျက်မြေ၊ ရေထွက်မြေ၊ ဘုံမြေနှင့် ကျေးရွာရေိယာနယ်နိမိတ်ဟူ၍ မြေအမျိုးအစားများ အသီးသီးသတ်မှတ်ထားကြသည်ဟု သိရပါသည်။ ကျေးရွာရေိယာကိုလည်း နှစ်ရွာသဘောတူညီမှုဖြင့် အသိအမှတ်ပြုကြပြီး ကျမ်းကျိန်ခြင်း၊ အရာတစ်ခုခုဖြင့် တိုင်တည်ကာ အတည်ပြုသတ်မှတ်ထား ကြပါသည်။

မြေများကို ဆွေမျိုးစုပိုင်၊ မိသားစုပိုင်နှင့် တစ်ဦးချင်းပိုင်ဆိုင်မှုကိုလည်းကောင်း၊ လဲလှယ်ခြင်း၊ ပေးကမ်းခြင်းနှင့် အမွေဆက်ခံခြင်း စသည်တို့ဖြင့် ကျင့်သုံးလာခဲ့ကြသည်။

လောဂျာကျေးရွာသည် လွန်ခဲ့သော နှစ်ပေါင်း (၃၀၀)ခန့်က တည်ရှိသော ကျေးရွာတစ်ရွာဖြစ်သည်ဟု သိရသည်။



**ခိုးဘာကျေးရွာအနီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းလျှောက်ထားခြင်း**



**မိုသီဒိုကျေးရွာနယ်နိမိတ်အတွင်း မြေလွတ်၊ မြေလပ်၊ မြေရိုင်း လျှောက်ထားခြင်း**

ဦးမြင့်မောင်မောင်နှင့် ဦးမျိုးသန့်နိုင်တို့နှစ်ဦးမှ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းလျှောက်ထားသည့် မြေနေရာသည် ခိုးဘာကျေးရွာနယ်နိမိတ်အတွင်း ကျရောက်ပြီး ခိုးဘာကျေးရွာ၏ ရိုးရာဓလေ့ အစဉ်အလာ ခေတ်အဆက်ဆက် ဘိုးဘွားပိုင်မြေဖြစ်သည့်အတွက် ဖြစ်သည်ဟု ဒေသခံများက ပြောဆိုနေကြပါသည်။

ခိုးဘာကျေးရွာအနီးရှိ မြေယာပေါ်တွင် ဒေသခံများက တခြားသော နှစ်ရှည်ပင်များစိုက်ပျိုးရန် စီစဉ်ထားခြင်း၊ ဒေသခံများ၏ အသက်မွေးဝမ်းကြောင်းလုပ်ငန်းဖြစ်သည့် ရွှေ့ပြောင်းတောင်ယာများရှိနေခြင်းတို့ကြောင့် အနာဂတ်တွင် မိမိတို့ နေရာမရှိတော့မည်ကို စိုးရိမ်သည်ဟု ခိုးဘာရွာမှ ဓမ္မဆရာ ဦးထူးအီက ပြောပါသည်။

“သူတို့လာသိမ်းသွားမယ်ဆို ကျွန်တော်တို့ရွာလည်း အခက်အခဲဖြစ်သွားမယ်၊ နောက် ရွှေ့ပြောင်းတောင်ယာလည်း ကုန်ပြီပေ့ါ။ ဒီမြေပြန်ရဖို့ မဖြစ်မနေ ကျွန်တော်တို့ရအောင်တော့ လိုက်မှာပဲ၊ ဘယ်နည်းဖြစ်ဖြစ် ဘယ်ရုံးပဲတက်တက်၊ ဘယ်ထိပဲရောက်ရောက် အဲ့ဒါတော့ ကျွန်တော်တို့ သွားဖို့တော့ အစီအစဉ်ရှိတယ်။” ဟု ဦးထူးအီက ပြောပါသည်။

ဟွိုင့်လိုရေိယာသည် ခိုးဘာကျေးရွာရှိ တောင်သူလယ်သမားများ ဘိုးဘွားစဉ်ဆက်ကတည်းက ရိုးရာဓလေ့အရ အနားပေးအလှည့်ကျ ရွှေ့ပြောင်းတောင်ယာစနစ်ဖြင့် ထွန်ယက်စိုက်ပျိုးလာခဲ့သည့် မြေနေရာဖြစ်သည်။ ကယောဘာသာစကား (ဒေသခံအခေါ်အဝေါ်) အားဖြင့် ဟွိုင့်(ပျား) လို (ကျောက်ဆောင်) ပျားကျောက်ဆောင်ဟု အဓိပ္ပါယ်ရသည်။

ဖရူဆို – ဟိုယာကားလမ်းမကြီးဖြတ်သွားသည့် ရေိယာလည်းဖြစ်သည့်အတွက် လမ်းပန်းဆက်သွယ်ရေး အရေးပါသည့် နေရာလည်းဖြစ်သည်။

ဟွိုင့်လိုရေိယာအတွင်းရှိ ရွှေ့ပြောင်းတောင်ယာများသည် ခိုးဘာကျေးရွာရှိ တောင်သူလယ်သမားများ၏ စားဝတ်နေရေးအတွက် အထူးအားထားရသည့် နေရာဖြစ်သည်။ ယခုတွင် တောင်သူလယ်

ဗိုလ်မှူးကြီးမိုးဟိန်း လျှောက်ထားသည့်မြေနေရာသည် မိုသီဒိုကျေးရွာနယ်နိမိတ် အတွင်းကျရောက်ပြီး မိုသီဒိုကျေးရွာ၏ ရိုးရာဓလေ့ အစဉ်အလာ ခေတ်အဆက်ဆက် ဘိုးဘွားပိုင်မြေဖြစ်သည့်အတွက် ကန့်ကွက်ခြင်းဖြစ်သည်ဟု ဒေသခံများက ဆိုပါသည်။

မိုသီဒိုကျေးရွာသည် အိမ်ခြေ (၃၆) အိမ်ခန့်ရှိပြီး လူဦးရေ (၁၆၀) ကျော်၊ ကယောတိုင်းရင်းသားများ နေထိုင်သည့် ကျေးရွာတစ်ရွာဖြစ်သည်။ ရွာ၏ သက်တမ်းအားဖြင့် နှစ်ပေါင်း ၁၂၀ (တစ်ရာ့နှစ်ဆယ်) ကျော်ခန့် တည်ရှိခဲ့ပြီ ဖြစ်ပေသည်။

ယခုလို လာရောက်လျှောက်ထားကြသည့်အပေါ်မှာ ဒေသခံများက ၎င်းတို့ သားသမီး ပညာရေး၊ ကျန်းမာရေး၊ ဝမ်းစာရေး အခက်အခဲဖြစ်လာမည်ကို စိုးရိမ်ရသည်ဟု မိုသီဒိုရွာမှ ဒေါ်ဇူဇားနာက ပြောပါသည်။

“ကျွန်မတို့အတွက် သားသမီးတွေအတွက် အခွင့်အရေးနည်းသွားတယ်ပေ့ါ။ ကျွန်မတို့က တောင်သူလယ်သမား အလုပ်ပဲလုပ်တဲ့အတွက် မြေယာပါသွားလို့ရှိရင် ကျွန်မတို့ လုပ်စရာမရှိတော့ဘူး။ စားစရာလည်း မရှိတော့ဘူး။”ဟု ဒေါ်ဇူဇားနာက ပြောပါသည်။

လက်ရှိမြေလွတ်၊ မြေလပ် နှင့် မြေရိုင်းစီမံခန့်ခွဲရေးဥပဒေအရ ဗိုလ်မှူးကြီးမိုးဟိန်းလျှောက်ထားသည့် မြေနေရာသည် မိမိတို့၏ ကယောဒေသ၏ နယ်စပ်တံခါးဝလည်းဖြစ်သလို မိမိတို့ ကယောအခေါ်အဝေါ်အရ ဘူလော်ဂလိုဒိုးဟုခေါ်ဆိုပြီး အဓိပ္ပါယ်မှာ ရှေးရှေးတုန်းက နွားကုန်သည်တစ်ဦးသည် နွားထီးတစ်ကောင် ဆွဲလာ၍ ယင်းမြေနေရာတွင် သောက်ရေရှားပါးသောကြောင့် ထိုနွားထီးမှာ လဲကျသေဆုံးသွားခဲ့သည်ကို အစွဲပြု၍ ခေါ်ဝေါ်ခြင်း ဖြစ်သည်။

ယင်းမြေနေရာသည် မိမိတို့ကျေးရွာမှ ကယောတိုင်းရင်းသား၏ ရိုးရာယဉ်ကျေးမှုဓလေ့အရ တောလိုက်ခြင်း၊ တောင်ယာလုပ်ခြင်း၊ ပူဇော်ပသခြင်း ပြုလုပ်သည့်အပြင် မိမိတို့ကျေးရွာ၏ လူမှုရေး၊ တစ်ရွာနှင့် တစ်ရွာချိတ်ဆက် သွားလာရေးအတွက် အသုံးပြုလေ့ရှိပါသည်ဟု သိရသည်။

## မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းဥပဒေသည် မြေသိမ်းဥပဒေဟု အရပ်ဖက်များက သုံးသပ်

အခုလို မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းဥပဒေပေါ် ထွက်လာပြီးနောက် ဖရူဆိုမြို့နယ်အတွင်း ဒေသခံတိုင်းရင်းတို့၏ မြေယာတွေကို သိမ်းဆည်းဖို့ စတင်အကောင်အထည်ဖော်လာနေပြီဖြစ်သည်ဟု အရပ်ဖက်အဖွဲ့အစည်း များက သုံးသပ်ပြောဆိုနေကြပါသည်။

“ ဒီဥပဒေရဲ့ အကျိုးဆက်က ကျွန်တော်တို့ထင်တယ်။ မြေယာတွေ ဆက်ပြီးတော့ ဒေသခံတွေကို ကာကွယ်ပေးမှာထက် ဒေသခံတွေအတွက် ပိုပြီးဆိုးကျိုးသက်ရောက်မယ်လို့ ထင်တယ်ပေ့ါနော။ အဲ့ဆိုတော့ သက်ဆိုင်တဲ့လွှတ်တော်ကိုယ်စားလှယ်တွေသော်လည်းကောင်း ဒီဥပဒေနှင့် ပတ်သက်ပြီးတော့ ဥပဒေကို ပြင်ဆင်တဲ့ ကော်မတီသော်လည်းကောင်း သူတို့က အဓိက ဒီမှာ တရားခံဖြစ်တယ်လို့ ကျတော်မြင်တယ်။” ဟု Kayah Earthrights Action Network – KEAN မှ ကိုအယ်စေးက ပြောပါသည်။

တိုင်းရင်းသား ဒေသတွေမှာ မြေလွတ်၊ မြေလပ်၊ မြေရိုင်းမရှိတာ သေချာတယ်။ ဒါကိုသိထားဖို့လိုတယ် တိုင်းရင်းသားအခွင့်အရေးတွေကို လေးစားအသိအမှတ်ပြုဖို့အရေးကြီးတယ်။ အခုက မြေလွတ်၊ မြေလပ်၊ မြေရိုင်းဥပဒေကြောင့် ရိုးရာဓလေ့အရ မြေယာပိုင်ဆိုင်မှုအတွက် ကြီးမားသောစိန်ခေါ်မှုတစ်ရပ် ဖြစ်လာပါပြီ။ ဒေသခံတွေအနေနဲ့ မျက်စိကျယ်ကျယ်ဖွင့်ထားပြီး နားအမြဲစွင့်ထားရမယ့် အခြေအနေပါ၊ လိုအပ်ရင် ပူးပေါင်းရမည့်အခြေအနေပါ .. ဟု ကရင်နီပြည်တောင်သူလယ်သမားသမဂ္ဂဥက္ကဋ္ဌ ကိုတူရယ်က ပြောပါသည်။

# ကယားပြည်နယ်အတွင်းက ကျေးလက်ဒေသဘက်မှာဆိုလျှင် အိမ်တွင်းအကြမ်းဖက်မှုတွေ အမျိုးသမီးတွေကြုံတွေ့ရပါက ရပ်ရွာလူကြီးတွေ၊ ဥက္ကဋ္ဌတွေနဲ့ ဖြေရှင်းပေးဖို့ လျစ်လျူရှုထားကြပါတယ်။

အမျိုးသမီးတွေ အကြမ်းဖက်ခံရရင် တချို့ဒေသမှာဆိုရင်တော့ အမျိုးသမီးအဖွဲ့တွေနဲ့အကူညီတောင်းပြီးဖြေရှင်းခိုင်းတာရှိသလို ၊ တချို့အမျိုးသမီးတွေက လက်လမ်းမမှီတဲ့အတွက် ကြိတ်မိတ်ခံစားမျိုသိပ်နေကြရတာမျိုးလည်း အများကြီးရှိနေပါတယ်။

တိုင်းရင်းသူတွေ ရင်ဆိုင်နေကြရတဲ့ အခက်အခဲတွေနဲ့ပတ်သက်လို့ အမျိုးသမီးတချို့ကို တွေ့ဆိုမေးမြန်းထားတာကို တင်ပြထားပါတယ်။



*ဒေါ်ပိုးမယ် (ရှားတောအမျိုးသမီးရေးရာအဖွဲ့ဝင်၊ အကြမ်းဖက်မှုကာကွယ်ရေး ခေါင်းဆောင် )*

အိမ်တွင်း အကြမ်းဖက်မှုတွေ ပိုများတယ်။ အလုပ်လုပ်ဖို့ပျင်းတဲ့ အမျိုးသားတွေကို အမျိုးသမီးတွေက အလုပ်လုပ်ဖို့ပြောရာကနေ ရိုက်နှက်မှုတွေဖြစ်လာတာ။ လက်ထပ်ပြီးတော့ ကလေးတစ်ယောက်နှစ်ယောက်မွေးပြီး အမျိုးသမီးကို ပြန်စွန့်ပစ်လိုက်ပြီး မကျွေးမွေးမပြုစုတာတွေလည်း ရှိတယ်။



*ဝင်းမိုးမိုးအေး (ဘောလခဲယင်းတလဲ)*

အမျိုးသမီးရဲ့ လုံခြုံရေးအပိုင်းမှာကျတော့ အခုတလောမှာဆိုရင် ရွှေ့ပြောင်းအလုပ်သမားတွေ အများကြီး ရောက်လာတဲ့အတွက် သူတို့အတွက်အခက်ခဲတွေရှိတယ်ပေါ့။ ဘာအခက်ခဲလဲဆိုရင် .. အရင်ကဆိုရင်တော့ ကျမတို့ဘက်မှာ ရွှေ့ပြောင်းအလုပ်သမားတွေ မရှိသလောက်ပဲဆိုတော့ ကိုယ့်ဟာကိုယ် တောင်ယာသွားရင်လည်း မိန်းကလေးတစ်ယောက်ထဲသွားရင် အဆင်ပြေသေးတယ်။ တောင်ယာနီးရင် ကိုယ်ဘာသာကိုယ် သွားလို့ရပေမဲ့ အခုကကိုယ့်ဘာသာကိုယ် သွားလို့ မရတော့ဘူး။ ဘာလို့လဲဆိုတော့ သူတို့ရောက်လာတဲ့အတွက်ကြောင့် ကျမတို့ရဲ့ အမျိုးသမီးလုံခြုံရေး၊ ကိုယ့်ကိုယ်လုံခြုံတယ်လို့ မထင်ရတော့ဘူး။ နောက်ပြီးတော့ အိမ်မှာကိုယ့်ဘာသာကိုယ် နေတာတောင်မှ တစ်ယောက်တည်းနေရင်လည်း ကိုယ့်ကိုယ်လုံခြုံစိတ်ချတယ်လို့ မခံစားရတော့ဘူး။ ရွှေ့ပြောင်းအလုပ်သမားတွေက တချို့ကလမ်းလာလုပ်တယ်ဆိုပေမဲ့ အခြေလာချတဲ့ လူအများကြီးရှိတယ်ပေါ့နော။ အခုကဘောလခဲမှာ ဆိုရင်ရွှေ့ပြောင်းအလုပ်သမားတွေပိုပိုပြီးတော့များလာတယ်။ လူတွေက ပိုပိုစုံလာတော့ ကျမတို့အတွက် ရေချိုးတာတောင် အဆင်မပြေတော့ဘူးပေါ့နော။



*ကက်သရင်းမူးမူ (ဟန်ကျိုးခိုရွာ – ဖရူဆိုမြို့နယ်ဒေါလာစောအုပ်စု)*

အကြမ်းဖက်မှုဖြစ်တဲ့အချိန်က မူးနေလို့ဖြစ်တာလေ။ ကျမ တို့ပြောတဲ့စကားဆို အရေးမလုပ်ပေးဘူး။ အဲ့ကြောင့်မလို့ ရွာမှာဆိုလည်း ရွာသူကြီးကမရှိဘူးလို့ ပြောရမှာပေါ့။ ရွာသူကြီးကတော့ရှိတယ်။ ဒါပေမဲ့ ရွာသူကြီးတောင်မှ အရှုံးပေးနေရတဲ့ အနေအထားရှိတယ်။ ဆိုတော့ တကယ့်ရွာသူကြီး မရှိတဲ့ပုံစံမျိုးပဲဖြစ်နေတယ်။ ဖြေရှင်းလို့လည်း မရဘူး။ အုပ်စုအုပ်ချုပ်ရေးမှူးကို ပြောပြတော့လည်း မဖြေရှင်းပေးဘူးလို့ ပြောရမလား။ အဲမျိုးခါကျတော့မူးနေတဲ့အချိန် ပြောနေတယ်ဆိုတော့ ကျမတို့ကျနော်တို့လည်းမတတ်နိုင်ဘူး။ အရက်မသောက်ခိုင်းနဲ့ပေါ့။ ခေါင်မသောက်ခိုင်းနဲ့ပေါ့။ အဲလိုပဲပြောလိုက်တယ်။ အဲဒါကြောင့် ဘယ်လိုဖြေရှင်းရမလဲ မသိဘူးဖြစ်နေတယ်။



*ဒေါ်မားဂရက်စိန် – မော်ချီးဒေသခံ (ကရင်)*

အခက်ခဲဆုံးကတော့ မြေယာလည်း နိုင်ငံရေးပဲလေနော။ နိုင်ငံရေးတွေမှာ၊ ဒေသအရေးတွေမှာ ပါဝင်လာတော့ အခက်ခဲအများကြီးရှိတယ်။ သူတို့ သိပ်အခွင့်အရေး မပေးချင်ဘူးပေါ့။ အခုပြော နေတဲ့ ကျား၊ မတန်းတူ အခွင့်အရေးဆိုတာက စာရွက်ပေါ်မှာပဲ ရှိတယ်။ တကယ့်လက်တွေ့မှာ တော်တော်ဝေးကွာနေသေးတယ်ပေါ့နော။ နောက်အမျိုးသမီး၊ သက်ငယ်မုဒိမ်းမှုတွေကြုံတယ်။ နောက်ကျောင်းဆရာမကို ကြံစည်မှုတွေကြုံတယ်။ နောက်အိမ်တွင်း အကြမ်းဖက်မှုတွေကြုံတယ်။ အဲတာတွေ အားလုံးကြုံတဲ့ အချိန်မှာ အဲတာသွားပြောကြည့်ရာအိမ်တွေက ပိုင်ပိုင်နိုင်နိုင် မဖြေရှင်းပေးနိုင်ဘူး။ အန်တီတို့အဖွဲ့ကပဲ ဖြေရှင်းတယ်။ အန်တီတို့ဖြေရှင်းလို့ မရရင် အများအားဖြင့် နယ်မြေခံတပ်ဖြစ်တဲ့ကြယ်ဖြူနဲ့ပဲ အန်တီတို့ ပူးပေါင်းပြီး ဖြေရှင်းတယ်ပေါ့နော။ KNWO နဲ့တော့ ဒီ ၂၀၁၉ မှာ ၂ မှု လောက် ဖြေရှင်းတယ်။ အန်တီတို့ဘက်ကပဲ အနိုင်ရသွားတာပေါ့နော။ အဲလိုမျိုးလေးတွေရှိတယ်။ သူတို့က အမျိုးသမီးခေါင်းဆောင်တစ်ယောက်အနေနဲ့တစ်ခုခုလုပ်တော့မယ်ဆို အမြဲတမ်းတော့ ပိတ်ဆို့မှုတွေ အများကြီးရှိတယ်ပေါ့နော။ မအောင်မြင်အောင်ပေါ့နော။

**ဒေသတွင်း သတင်း**

ပုံစံ (ခ)

၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် တိုးမြှင့်လစာနှုန်းအပေါ် ဒေသစရိတ် ခံစားခွင့်

| စဉ် | တိုးမြှင့်လစာနှုန်း | လစဉ်ခွင့်ပြုမည့် ဒေသစရိတ် | | |
|---|---|---|---|---|
| | | လူမှုရေးအသင့်အတင့် ခက်ခဲသောဒေသ | လူမှုရေး ခက်ခဲသောဒေသ | လူမှုရေး အခက်ခဲဆုံးဒေသ |
| ၁ | ၁၄၄၀၀၀ - ၂၀၀၀ - ၁၅၄၀၀၀ | ၉၁၂၀၀ | ၉၈၄၀၀ | ၁၀၅၆၀၀ |
| ၂ | ၁၆၂၀၀၀ - ၂၀၀၀ - ၁၇၂၀၀၀ | ၈၇၆၀၀ | ၉၄၈၀၀ | ၁၀၂၀၀၀ |
| ၃ | ၁၈၀၀၀၀ - ၂၀၀၀ - ၁၉၀၀၀၀ | ၈၄၀၀၀ | ၉၁၂၀၀ | ၉၈၄၀၀ |
| ၄ | ၁၉၈၀၀၀ - ၂၀၀၀ - ၂၀၈၀၀၀ | ၈၀၄၀၀ | ၈၇၆၀၀ | ၉၄၈၀၀ |
| ၅ | ၂၁၆၀၀၀ - ၂၀၀၀ - ၂၂၆၀၀၀ | ၇၆၈၀၀ | ၈၄၀၀၀ | ၉၁၂၀၀ |
| ၆ | ၂၃၄၀၀၀ - ၂၀၀၀ - ၂၄၄၀၀၀ | ၇၃၂၀၀ | ၈၀၄၀၀ | ၈၇၆၀၀ |
| ၇ | ၂၅၂၀၀၀ - ၂၀၀၀ - ၂၆၂၀၀၀ | ၆၉၆၀၀ | ၇၆၈၀၀ | ၈၄၀၀၀ |
| ၈ | ၂၇၅၀၀၀ - ၄၀၀၀ - ၂၉၅၀၀၀ | ၈၃၆၀၀ | ၉၀၂၀၀ | ၉၆၈၀၀ |
| ၉ | ၃၀၈၀၀၀ - ၄၀၀၀ - ၃၂၈၀၀၀ | ၉၄၆၀၀ | ၁၀၁၂၀၀ | ၁၀၇၈၀၀ |
| ၁၀ | ၃၄၁၀၀၀ - ၄၀၀၀ - ၃၆၁၀၀၀ | ၁၀၅၆၀၀ | ၁၁၂၂၀၀ | ၁၁၈၈၀၀ |
| ၁၁ | ၃၇၄၀၀၀ - ၄၀၀၀ - ၃၉၄၀၀၀ | ၁၁၆၆၀၀ | ၁၂၃၂၀၀ | ၁၂၉၈၀၀ |
| ၁၂ | ၄၁၈၀၀၀ - ၄၀၀၀ - ၄၃၈၀၀၀ | ၁၁၆၆၀၀ | ၁၂၃၂၀၀ | ၁၂၉၈၀၀ |

## မြို့ပေါ်ဝန်ထမ်းတွေအတွက် ဒေသစာရိတ် တိုးပေး

**ကိုရယ်**

ကယားပြည်နယ် ဘောလခဲ ၊ဖာဆောင်း၊ ဖရူဆိုမြို့ ၃ မြို့ကို လူမှုရေးအသင့်တင့်ရှိသောမြို့အဖြစ် သတ်မှတ်ကာ ဌာနဆိုင်ရာဝန်ထမ်းများ ဒေသစာရိတ်ခံစားခွင့် တိုးမြှင့်လစာနှုန်းများ ရရှိတော့မည်ဟု ဖရူဆိုမြို့နယ်ဒုညွှန်ကြားရေးမှူး ဦးတင်ဦးက ပြောပါသည်။

“ကျနော်သိသလောက်ကတော့ အရင်ကတော မြို့ပေါ်ဆို မရဘူးလေ၊ အခုမြို့ပေါ်ပြန်ရသွားတယ်၊ ပညာရေးတစ်ခုတည်း ကွက်ပြီးတော့ မပေးပါဘူးဌာနတိုင်းရတယ် တစ်မြို့နယ်လုံးပေါ့” ဟု ဦးတင်ဦးက ဟုပြောသည်။

ယခင်က ဝေးလံခေါင်ပါးသည့် နေရာတွင်သာ ဒေသစာရိတ်ကို တိုးပေးပြီးလက်ရှိမှာတော့ မြို့ပေါ်တွင်ပါ ထပ်မံတိုးပေးသည်ဟု သိရသည်။

ရှားတော၊ မယ်စဲ့မြို့ပေါ်တို့တွင် ယခင်က ဒေသစာရိတ်များရရှိထားပြီးဖြစ်ကြောင်း ယခုအခါ ဘောလခဲ ၊ဖာဆောင်း၊ ဖရူဆိုမြို့ ဆိုပြီး မြို့ ပေါ် (၃)မြို့ ထပ်မံပြီး ဒေသစာရိတ်တိုးသည့်နှုန်းထားကို စတင်ရရှိတော့မည်ဟု ဆိုပါသည်။

ကယားပြည်နယ်အတွင်းတွင် လူမှုရေးအခက်အခဲဆုံးဒေသအဆင့် မြို့နှင့်ကျေးရွာအုပ်စုများတို့တွင် တာဝန်ထမ်းဆောင်သော ဌာနဆိုင်ရာအစိုးရများသည် ဒေသစရိတ် ခံစားခွင့်ရရှိကြပြီးဖြစ်သည်။

**ကန္တာရဝတီတိုင်း(မ်)**

တစ်လတစ်ကြိမ် ထုတ်ဝေဖြန့်ချိသည့်

ဂျာနယ်ကို စောင့်မျှော်အားပေး

ဖတ်ရှုကြသောပရိသတ်များမှ ကျနော်တို့

ကန္တာရဝတီတိုင်း(မ်)ထံ

အကြံပြုချက်ပေးပို့လိုပါက

**ဖုန်း**

– ၀၈၃၄၀၃၄၁၊ ၀၉၇၈၉၇၉၂၆၈၉ ၊

**အီးမေးလ်**

kantarawaddytimes@gmail.com

သို့ ပေးပို့နိုင်ပါသည်။

ကြော်ငြာ ကိစ္စ ဆက်သွယ်လိုပါက

ဖုန်း – ၀၉၂၆၂၁၇၂၉၃၅

# မြေလွတ်၊ မြေလပ်၊ မြေရိုင်းဥပဒေနဲ့ ဒေသခံတို့၏ မြေယာအပေါ် လုပ်ပိုင်ခွင့် လျှော့ကျထားတဲ့အတွက် ဒေသခံတွေက ကန့်ကွက်

**ကိုရယ်**



ဖရူဆိုမြို့နယ်၊ မိုဆိုအုပ်စု၊ မော်သီဒို ကျေးရွာနှင့် ခိုးဘာကျေးရွာရှိ ဒေသခံတို့၏ ထုံးတမ်းစဉ်လာအရ စောင့်ရှောက်လာခဲ့တဲ့ မြေနေရာများတွင် ဗိုလ်မှူးကြီးမိုးဟိန်းမှ မက်ကဒေးမီးယားစိုက်ပျိုးရန် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းလုပ်ပိုင်ခွင့် အသုံးပြုခွင့် လျှော့ကျထားသည့်အပေါ်တွင် ဒေသခံတွေက ကန့်ကွက်ကြောင်း ပြောဆိုနေကြပါတယ်။


ဒီလိုလာလျှော့ကျထားတဲ့အပေါ်မှာလည်း ဒေသခံတွေနဲ့ ဆွေးနွေးတိုင်ပင်မှုလည်းမရှိ၊ လျှော့ကျထားတဲ့အထဲမှာ နေရာတိကျဖော်ပြထားခြင်းမရှိသောကြောင့် ဒေသခံများစိုးရိမ်နေရတယ်လို့ မိုသီဒိုကျေးရွာမှ ဒေသခံတစ်ဦးဖြစ်တဲ့ ဒေါ်ဖူဇားနာက အခုလို ပြောပါတယ်။

“ အကုန်လုံး ကန့်ကွက်မယ်ပေါ့နော၊ မကန့်ကွက်လို့မရဘူး၊ ဘာဖြစ်လဲဆို ကျွန်မတို့ သားစဉ်မြေးဆက်အတွက် လုပ်စားကိုင်စားဖို့ နေရာလည်း မရှိဘူး သူတို့ ကျွန်မတို့ ပြည်သူလူထုကို ဗိုက်ခွဲသလိုမျိုး ဖြစ်သွားမှာပေါ်” လို့ ပြောပါတယ်။

မော်သီဒိုကျေးရွာအနီးမှာ မက်ကဒေးမီးယားပင်စိုက်ဖို့အတွက် ဗိုလ်မှူးကြီးမိုးဟိန်းက ဧက ၅၆.၅၆ ဧက လျှော့ကျထားတယ်လို့သိရပါတယ်။ ထို့အပြင် တခြားတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဖြစ်တဲ့ ကယောနီစီးပွားရေးတာဝန်ခံ ဦးမြင့်မောင်မောင်၊ ဦးသန်းနိုင်၊ တို့ကလည်း မော်သီဒိုကျေးရွာအနီးမှာ မြေလွတ်မြေလပ်မြေရိုင်း လုပ်ပိုင်ခွင့် လျှော့ကျထားတယ်လို့လည်း သိရပါတယ်။

မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ထုတ်ပြန်တဲ့ ကန့်ကွက်နိုင်ကြောင်း စာထုတ်ထားခြင်းကိစ္စနဲ့ ပတ်သက်တော့လည်း ထင်သာတဲ့နေရာမှာ ကပ်ထားခြင်းမရှိတဲ့အပြင် ဇွန် လ ၃ ရက်နေ့ကတစ်ယောက်၊ ဇွန်လ ၁၄ ရက်နေ့က တစ်ယောက် နောက်ဆုံးထား၍ ကန့်ကွက်မှု မရှိလျှင် ပိုင်ဆိုင်တောမည့် အနေအထားမှာ ရှိနေတာကြောင့် ဒေသခံတွေက စိုးရိမ်နေကြတာလို့ ဆိုပါတယ်။

"ဒီကိစ္စနဲ့ပတ်သက်ပြီး လွှတ်တော်ကိုယ်စား



လှယ်တွေကို ဆွေးနွေးပေးစေချင်တယ်၊ လွှတ်တော်ကိုယ်စားလှယ်ကလည်း ဘယ်သူဘယ်ဝါမှန်းမသိဘူး လိပ်စာလည်းမသိ၊ လာလည်းမလာဘူး၊ တွေ့ဖို့အချိန်က လက်လှမ်းမမီဘူး။" လို့ ဒေသခံ တစ်ဦးက ပြောပါတယ်။

မြေလွတ်၊ မြေလပ်၊ မြေရိုင်းဥပဒေထွက်လာပြီးနောက် ဒီလိုပြဿနာတွေ ထွက်လာမယ်ဆိုတာ ကြိုသိနှင့်နေပြီးသားဖြစ်တဲ့အတွက် လက်ရှိအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အစိုးရက ဒီဥပဒေကို တာဝန်ယူမှုတာဝန်ခံမှု ရှိဖို့လိုကြောင်း၊ ပွင့်လင်းမြင်သာမှုရှိဖို့လိုကြောင်း၊ ပြည်သူတွေကိုလည်း မြေလွတ်မြေလပ်က ဘယ်ဟာတွေလည်းဆိုတာတွေ ချပြပေးသင့်ကြောင်း ဖရူဆိုမြို့နယ်က ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသဲရယ်က ပြောပါတယ်။

"မြေလွတ်မြေလပ်က ဘယ်မှာပါတွေရှိလဲဆိုတာ စီးပွားရေးလုပ်ငန်းရှင် တွေ၊ ခရိုနီတွေကို ကျတော့ သိခွင့်ရှိပြီးတော့ မတရာဘူး။ လက်ရှိဖြစ်နေတဲ့ အခြေအနေမှာ လျှော့ကျထားတဲ့သူက ဒေသခံတွေနဲ့ တိုင်ပင်ညှိနှိုင်းဖို့လိုမယ်။ ပြီးမှ ဒါတွေ ထပ်လုပ်ဖို့သင့်တယ်ဆိုတာ ဆက်လုပ်ဖို့သင့်တယ်။ ပြည်သူလူထုအပေါ် မလိမ့်တစ်ပတ်လုပ်သွားတဲ့အပေါ် လုံးဝလက်မခံနိုင်ဘူး။"လို့ ဦးသဲရယ်က ပြောပါတယ်။

ဖရူဆိုမြို့နယ်၊ မြို့မ အုပ်စု လောဂျာကျေးရွာအနီးမှာလည်း ဒေါ်ခင်မိုးနှင်က ၈.၉၀ ဧကကိုလည်း ဥယျာဉ်ခြံစိုက်ပျိုးခွင့် လျှော့ကျထားတယ်လို့ သိရပါတယ်။

ပြင်ပလူမှ မြေလွတ်၊မြေလပ်၊ မြေရိုင်းလုပ်ပိုင်ခွင့် လျှော့ကျထားတာဟာ ဒေသခံတွေကို အနိုင်ကျင့်ရယူချင်တဲ့ သဘောမျိုးဖြစ်တယ်လို့ ကရင်နီပြည်တောင်သူလယ်သမားသမဂ္ဂ တစ်ဦးဖြစ်တဲ့ ဦးဘွယ်မှူးက ယခုလို သုံးသပ်ပြောဆိုသွားပါတယ်။

“ ကျွန်တော်တို့ ဒေသမှာ မြေလွတ်၊ မြေလပ်ဆိုတာ မရှိဘူး၊ ရိုးရာဓလေ့အရ ထိန်းသိမ်းလာတဲ့ မြေဘဲရှိတယ်၊ ငွေမြေဆီဩဇာမကောင်းလို့ ချန်ထားတယ်၊ (၂) နှစ် (၃) နှစ်၊ ပြန်လုပ်မယ်ဆိုတဲ့ ဟာ မြေတွေဘဲ ရှိတယ်၊ ဆိုတော ဒီထွက်လာတဲ့ မြေလွတ်၊ မြေလပ် ဥပဒေနဲ့ လုံးဝဆန့်ကျင်ဘက်ဖြစ်နေတယ်ပေါ၊ ခုဖြစ်နေတဲ့ မြေလွတ်၊မြေလပ် ပြဿနာက ဒီဗိုလ်မှူးကြီးကနေ လာပြီး လျှော့ကျတဲ့မြေတွေဟာဆိုရင် အဲဒါ ဒေသခံ ကိုနိုက်င မဟုတ်ဘူး၊ ဘယ်ကညွှေ့သည်လာပြီးမှ လိုချင်တယ်၊ မြေလွတ်၊မြေလပ်မရှိဘူး ပြောတာတောင်မှ လာပြီးမှ ဒီဟာကမြေလွတ်၊မြေလပ် ဥပဒေအရ လာပီးမှ ဇွတ်လုပ်ပြီးမှ ကျွန်တော်မြေကို အနိုင်ကျင့်ပြီး ရယူချင်တဲ့သဘော မျိုးရှိတယ်။ေ လို့ ပြောပါတယ်။ မော်သီဒိုကျေးရွာဟာဆိုရင် ဘိုးဘွားခေတ်ကတည်းက လုပ်စားနေထိုင်လာတာ နှစ် (၁၀၀) ရှိပြီး ခုဆိုရင် အိမ်ခြေ (၃၅) ရှိပြီဖြစ်ပါတယ်။ မြေလွတ်၊ မြေလပ်မရှိသလို ဒေသခံတွေ ကိုယ်တိုင် ထိန်းသိမ်းလာတဲ့မြေ ဓလေ့ထုံးတမ်းစဉ်လာ မြေယာတွေပဲရှိတယ်လို့ သိရပါတယ်။



# မိရိုးဖလာဓလေ့အရ သစ်တောထိန်းသိမ်းတာတွေကို သစ်တောဥပဒေမူကြမ်းထဲမှာ ထည့်သွင်းရေးဆွဲပေးဖို့ တိုင်းရင်းသားတွေအကြံပြု .... မှ

လက်ရှိ ထွက်ထားတဲ့ သစ်တောနည်း ဥပဒေ (မူကြမ်း) ကို ပြန်ပြင်ဆင်တဲ့နေရာမှာ ဌာနေတိုင်းရင်းသားတွေ မလိုချင်တဲ့ မပါချင်တဲ့ ဥပဒေတွေကို ပြင်ဆင်ခွင့်ရှိပေမယ့်လည်း ဆွေးနွေးချက် အကြံပြုချက်တွေက ဖွဲ့စည်းပုံအခြေခံဥပဒေထက် ကျော်လွန်မယ်ဆိုရင် အကန့်အသတ် တစ်ခုဖြစ်စေတယ်လို့ ဦးအေးမိုးနိုင်က ပြောပါတယ်။

ဆွေးနွေးပွဲမှာ ကြိုးဝိုင်းကြိုးပြင်ကာကွယ်တောဖွဲ့စည်းခြင်း၊ သတ်မှတ်တည်ထောင်ခြင်း၊ သစ်တောရေးရာစီမံခန့်ခွဲရေးနဲ့ သစ်တောစိုက် ခင်းတည်ထောင်ခြင်း၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်းနဲ့ ပုဂ္ဂလိကစိုက်ခင်းတည်ထောင်ခြင်း၊ သစ်တောထွက်ပစ္စည်း ထုတ်ယူခွင့် သယ်ယူရွှေ့ပြောင်းခွင့် စတဲ့ခေါင်းစဉ်နဲ့ ပတ်သက်တဲ့အကြောင်းအရာတွေကို ဆွေးနွေးခဲ့ကြပါတယ်။

သစ်တောနည်းဥပဒေကို သစ်တောဦးစီးဌာနအနေနဲ့ ရေးဆွဲထားပြီးဖြစ်ပေမယ့်လည်း တစ်ချို့သစ်တောတွေကို စီမံအုပ်ချုပ် ထိန်းသိမ်းတဲ့အပိုဒ်မှာ အားနည်းချက်လေးတွေရှိခဲ့တာကြောင့် လက်ရှိသစ်တောဥပဒေကို ပြင်ဆင်ပြီး နည်းဥပဒေနဲ့ ပတ်သက်တဲ့အကြောင်းအရာတွေကို ပြည်သူလူထုကို ဆွေးနွေးရှင်းလင်းတာတွေ ပြုလုပ်သွားမှာဖြစ်သလို ပြည်သူလူထုရဲ့ အခွင့်အရေးတွေကို ဆုံးရှုံးနစ်နာမှုမရှိသွားအောင် ဆောင်ရွက်သွား မယ်လို့ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးမြင့်သိန်းက ပြောဆိုထားပါတယ်။ သစ်တောဥပဒေ(မူကြမ်း)ကို အကျိုးသက်ဆိုင်သူများထံ ချပြဆွေးနွေးခြင်းနဲ့ အကြံပြုချက်တွေကို တိုင်းဒေသကြီး၊ ပြည်နယ် ၁၅ ခုမှာ ပြုလုပ်ပြီးပြီ ဆိုရင် သစ်တောရေးရာကျွမ်းကျင်တဲ့ပညာရှင်တွေ၊ ဥပဒေပညာရှင်တွေ၊ တိုင်းရင်းသားကိုယ်စားလှယ်တွေ၊ အရပ်ဖက်အဖွဲ့အစည်းကိုယ်စားလှယ်တွေကို ဖိတ်ခေါ်ပြီးတော့ ကျွမ်းကျင်သူစကားဝိုင်းပြုလုပ်သွားဖို့ရှိတယ်လို့ သိရပါတယ်။


အကြံပြုချက်တွေက အကြောင်းအရာတွေက ပါသင့်၊ မပါသင့် ဘောင်ကျော်နေတဲ့ အကြံပြုချက်စတာတွေရှိမယ်ဆိုရင် ကျွမ်းကျင်သူစကားဝိုင်းမှာ ဆွေးနွေးမှာဖြစ်ပြီး ဥပဒေပညာရှင်တွေရဲ့ အကြံအညဏ်တွေနဲ့ နည်းဥပဒေမူကြမ်းကို ပိုပြည့်စုံတဲ့ မူကြမ်းအဖြစ် ပြန်လည်ပြင်ဆင်သွားမယ်လို့ သိရပါတယ်။

## ကာတွန်းကဏ္ဍ









သတင်းများ၊ ဆောင်းပါးများ၊ ကဗျာများ၊ ကာတွန်းများ၊ ဗေဒင်များ

ပေးပို့ လိုပါက

ဆက်သွယ်ရန်၊ ဖုန်း – ၀၈၃၄၀၃၄၁ ၊ ၀၉၇၈၉၇၉၂၆၈၉

## ကဗျာကဏ္ဍ

### မိုးလေဝသ

...... ......

လေညှင်းတွေ သေနေတဲ့ လမ်းမှာ

ဘာငှက်မှ ပျံလို့မရဘူး ..

အမဲရောင် မိုးသားကတော့

တိမ်လေးကို ကာထားပေးပါတယ်

သာသာယာယာပါပဲ ..

ရေဒီယိုကို ဖွင့် ..

မိုးမှောင်ကြီးကျလိမ့်မယ်လို့

ဘယ်လို စပါးခင်းမျိုးက ပြောပါလိမ့် ။ ။

ဥတ္တရာအောင် ( တောင်သူများသို့ )

### ရေကာန်

...... ......

အစိမ်းစလေး အိပ်နေသလို

ကြာရွက်ရဲ့ အပိုင်းမှာ နှံတစ်ခုရှိတယ် ဆိုပါစို့

လူလား...

ကမ်းစပ်မှာ ငါးမျှားနေမှာပေါ့ ။ ။

ဥတ္တရာအောင် ( လူငယ်များသို့ )

### လေ

.. ...... ........

ပန်းနံ့ဘေးက ဖြတ်သွားမိသလား ...

သစ်ရွက်နဲ့တိုးတိုက်မိမယ်

ငါလည်း မှန်ပြူတင်းတွေထဲ

ပိတ်မိနေတုန်းပဲ ... ။ ။

ဥတ္တရာအောင် ( နေထိုင်ခြင်းသို့ )



၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလတွင် စတင်ဖြစ်ရှိသည်။

# လွိုင်ကော်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

# မြစိမ်းရောင်စီမံကိန်း

# စီမံခန့်ခွဲမှုနှင့် ငွေစာရင်းထိန်းသိမ်းနည်းသင်တန်းဖွင့်ပွဲ





စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကယားပြည်နယ်ကျေး လက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ လွိုင်ကော်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးမှ ခရိုင်အဆင့်မြစိမ်းရောင်စီမံကိန်းစီမံခန့်ခွဲရေးနှင့် ငွေစာရင်းထိန်းသိမ်းနည်း သင်တန်းအား ကယားပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အပါအဝင် သင်တန်းသူ/သား(၂၀)ဦးဖြင့် သင်တန်းအခမ်း အနားဖွင့်လှစ်ခဲ့ပြီး အဆိုပါသင်တန်းအား (၂၀.၅.၂၀၁၉)ရက်နေ့မှ(၂၄.၅.၂၀၁၉)ရက်နေ့အထိ (၅)ရက်ကာလဖွင့်လှစ်ပို့ချမည်ဖြစ်ပြီး ဝန်ထမ်းများအား စီမံကိန်းနှင့်ပတ်သက်၍ ကျေးရွာများ သို့အကောင်အထည်ဖော်ရာတွင် အားနည်းချက်များပပျောက်စေရေး စွမ်းဆောင်ရည်မြှင့်စေရန်ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ပါသည်။


သတင်းအချက်အလက်များ ရရှိမှုနည်းပါးသည့် ဟိုယာမြို့နယ်၊ ယိုယာအုပ်စု၊ ရာအေပရားအုပ်စုနှင့် ဒေါလာစောအုပ်စုအတွင်းရှိ ကျေးရွာများအတွက် KNPP အမှတ်(၃) ခရိုင်အုပ်ချုပ်ရေးမှူး၊ KNPP ခရိုင်ရုံးတာဝန်ခံ ခူးလော်ရယ်မှ တလနှစ်ကြိမ်ထုတ် Kantarawaddy Times ဂျာနယ်ကို တလလျှင် စောင်ရေ (၅၀) တစ်နှစ်စာ လှူဒါန်းပါသည်။

သတင်းများ၊ ဆောင်းပါးများ၊ ကဗျာများ၊ ကာတွန်းများ၊ ဗေဒင်များ ပေးပို့လိုပါက ဆက်သွယ်ရန်၊

ဖုန်း – ၀၉၇၇၇၅၈၆၈၈၁

တိုက်ရိုက် အကြံပြုလိုပါက

ရုံးဖုန်း – ၀၈၃၄၀၃၄၀

ကြော်ငြာ ကိစ္စ ဆက်သွယ်လိုပါက

ဖုန်း – ၀၉၂၆၂၁၇၂၉၃၅

အခြေခံ **ခိုင်** မာပြီး ဖွံ့ **ဖြိုး** တိုးတက်စေရန် ဤသင်တန်းကို ဆက်သွယ်ပါ။

ရေး၊ ဖတ်၊ ပြော၊ ကြား
အင်္ဂလိပ်သဒ္ဒါနှင့်
စကားပြော
အတတ်သင်တန်း
(ကသ–၁၁၀၈)

KHAING PHYO ENGLISH ★ FOUR SKILLS ENGLISH TRAINING ★

ခိုင်ဖြိုး®

အမှတ်–၁၀၊ ခွာညိုလမ်း၊
ရွှေတောင်ရပ်၊ လွိုင်ကော်။
(ရွှေတောင်စာသင်တိုက်အနီး)

Email:
ohnkhaing@gmail.com

Phone:
- 09 4940 0834
- 09 42800 7879
- 09 25440 4872

ဤသင်တန်းကို အောက်ပါဂိုလ်များက သင်ကြားဆောင်ရွက်ပေးနေသည် –

ဆရာဦးအုန်းခိုင် (B.A, Logic) နာယက

ဆရာမ ဒေါ်ခင်ချိုအေးခိုင် (B.A, English) တာဝန်ခံနှင့်သင်ကြားရေး

ဆရာမ ဒေါ်ခင်ချိုမြင့်ခိုင် (B.A, Myanmar) သင်ကြားရေး

သင်တန်းပုံစံများ

၁။ အင်္ဂလိပ်စာ ရေး၊ ဖတ်၊ ပြော၊ ကြား ပို့ချချက် အဆင့် ၁ မှ ၅ အထိ (တစ်ဆင့်လျှင် ၁ လပြတ်)
၂။ အင်္ဂလိပ်သဒ္ဒါ သီးသန့်ပို့ချချက် (အခြေခံမှ အဆင့်မြင့်ထိ)
၃။ အသံအမှန်နှင့် အင်္ဂလိပ်စကားပြောခြင်းကို ကောင်းစွာ နားထောင်တတ်ရန်၊ ပြောတတ်ရန်အတွက် သီးသန့်အသံထွက် ပို့ချချက်။
၄။ စာမတတ်သူများ၊ မူလတန်းမှ တက္ကသိုလ်ကျောင်းသူ/သားများ၊ အစိုးရနှင့် ကုမ္ပဏီဝန်ထမ်းများ၊ ပြည်ပတွင် အလုပ်လုပ်လိုသူများ၊ ပညာသင်ယူလိုသူများ၊ ရာထူးတိုးနှင့် လုပ်ငန်းခွင် စာမေးပွဲများ အင်္ဂလိပ်စာစွမ်းရည်အဆင့်လိုက် တစ်ဦးချင်းပို့ချချက်များ။
၅။ အပြည်ပြည်ဆိုင်ရာ စွမ်းရည်စစ်စာမေးပွဲများ (IELTS, TOEFL) စသည်တို့အတွက် အကြိုပြင်ဆင်မှု ပို့ချချက်များ။
၆။ အင်္ဂလိပ်မှ မြန်မာ၊ မြန်မာမှ အင်္ဂလိပ် ဘာသာပြန်ပေးသည်။
*** မိမိလိုရာအဆင့်ထိ တာဝန်ယူ အတတ်သင်ပေးလျက်ရှိသည်။

သတင်းအချက်အလက်များ ရရှိမှုနည်း ပါးသည့် ဖားဆောင်းမြို့နယ် ဝမ်အောင်းကျေးရွာ အတွက် မသိဂီဝင်းမှ Kantarawaddy Times ဂျာနယ်ကို တကြိမ်လျှင် အစောင်(၂၀) တစ်နှစ် လှူဒါန်းသည်။

# ဘိန်းစိုက်တောင်သူတွေရဲ့ တင်ပြချက်တွေကို လစ်လျူမရှုသင့်ဟုဆို

**ကန္တာရဝတီတိုင်း[မ်]**



ဘိန်းစိုက်တောင်သူတွေဟာ သူတို့ရဲ့တင်ပြချက်တွေကို ဒီမိုကရေစီစနစ်မှာ လစ်လျူရှုထားလို့မရပါဘူးလို့ လွိုင်ကော်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်စည်သူလွှတ်တော်ထဲမှာ ပြောဆိုသွားပါတယ်။

မေလ ၁၇ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့မှာ ဘိန်းအစားထိုးစီမံကိန်းတွေကို စနစ်တကျပြုလုပ်ဖို့ တိုက်တွန်းဆွေးနွေးတင်ပြသွားတာ ဖြစ်ပါတယ်။

ပြည်ထောင်စုအစိုးရကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေက ဘိန်းအစားထိုး စီမံကိန်းတွေမအောင်မြင်ရခြင်းအကြောင်းအရာတွေကို ထောက်ပြဝေဖန်သုံးသပ်သွားကြပြီး တိုက်တွန်းဆွေးနွေးတင်ပြသွားခဲ့ကြတာ ဖြစ်ပါတယ်။

ဦးဒေါ်ခင်နှင်းသစ်၊ ပန်းတောင်း မဲဆန္ဒနယ်က တင်သွင်းတဲ့ မြန်မာနိုင်ငံရှိ ဘိန်းအများဆုံး စိုက်ပျိုးရာဒေသများတွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးရန်အတွက် အစိုးရပူးပေါင်းဆောင်ရွက်မှုဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်များအား ဖိတ်ခေါ်ပြီး ဘိန်းအစားထိုး စီမံကိန်းများစနစ်တကျ ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုတင်သွင်းခဲ့တာ ဖြစ်ပါတယ်။

ဘိန်းစိုက်တောင်သူတွေဟာ သူတို့ရဲ့ ရင်ဆိုင်ကြုံတွေ့နေရတဲ့ စိန်ခေါ်မှုတွေ အခက်အခဲတွေကို အချင်းချင်း တွေ့ဆုံအဖြေရှာဖို့ မေလ ၈ ရက်နေ့ကနေ ၁၀ ရက်နေ့အထိ ဖယ်ခုံမြို့နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်းမှာ ညီလာခံ တရပ် ကျင်းပပြုလုပ်သွားခဲ့ကြပါတယ်။

ဘိန်းစိုက်တောင်သူတွေဟာ ဝေးလံခေါင်ဖျားတဲ့ တောင်တန်းကုန်းမြင့်ဒေသ တွေမှာ နေထိုင်ကြတဲ့ လက်လုပ်လက်စားတောင်သူတွေဖြစ်ကြပြီးတော့ သူတို့မိသားစုတွေရဲ့ ပညာရေး ၊ ကျန်းမာရေးကို ထောက်ပံ့နိုင်တဲ့ ဝင်ငွေက ဘိန်းကို စိုက်ပျိုးရခြင်း ဖြစ်ပါတယ်။ အဓိက ဆင်းရဲနွမ်းပါးရဖြင်း ဖြစ်တယ်။

သူတို့တွေဟာ တခြားသီးနှံတွေ စိုက်ပျိုးလိုတဲ့ ဆန္ဒတွေရှိနေပေမယ်လို့ လက်တွေ့မလုပ်နိုင်တဲ့ အခက်အခဲတွေအများကြီးရှိနေကြပါတယ်။ ပထမအချက်အနေနဲ့ တရားဝင် သီးနှံဈေးကွက် မရှိသလို၊ ကုန်စည် နှုန်းထားတွေလည်း တည်ငြိမ်ခိုင်မာမှုမရှိတာတွေကြောင့်ဖြစ်တယ်လို့ တောင်သူတွေက ညီလာခံမှာ ဆွေးနွေးသွားကြပါတယ်။

သူတို့ဟာ ဆယ်စုနှစ်ပေါင်းများစွာ ကြာမြင့်တဲ့အထိ ဆက်လက်ဖြစ်ပွားနေတဲ့ လက်နက်ကိုင် ပဋိပက္ခဒဏ်သင့် နယ်မြေဒေသတွေမှာ နေထိုင်ကြတာဖြစ်ပါတယ်။ လက်နက်ကိုင် ပဋိပက္ခဟာ ဘိန်းစိုက်ပျိုးဖို့ နောက်ကွယ်ကနေ တွန်းအားပေးနေတဲ့ မောင်းနှင်အားတွေထဲက အဓိက အကျဆုံးဖြစ်ပါတယ်လို့ ဆိုကြပါတယ်။

ငြိမ်းချမ်းမှုမရှိသမျှ ကာလပတ်လုံး ဖွံ့ဖြိုးတိုးတက်မှုရှိလာမည် မဟုတ်သဖြင့် ဘိန်းကို ဆက်လက်စိုက်ပျိုးနေရဦးမည်သာဖြစ်တယ်လို့ ဘိန်းစိုက်တောင်သူတွေရဲ့ ညီလာခံကနေ သဘောထားတွေကို ဒေါက်တာခင်စည်သူက လွှတ်တော်ထဲမှာ တင်ပြပေးသွားခဲ့ပါတယ်။

၂၀၁၈ခုနှစ်မှာ ဘိန်းစိုက်ပျိုးခြင်းဟာဆိုလို့ရှိရင် ၁၀ ရာခိုင်နှုန်းလျော့ကျဆင်းသွားတယ်ဆိုတာ ဘိန်းခင်းဖျက်ဆီးတဲ့ စီမံကိန်းတွေကြောင့်မဟုတ်ပဲ ဘိန်းဈေးတွေကျလာရခြင်းကြောင့် ဖြစ်တယ်လို့ တောင်သူတွေက ပြောဆိုနေကြပါတယ်။

အစိုးရနှင့် အချို့သောတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေ ထိန်းချုပ်မှုပိုမို တင်းကျပ်



လာတဲ့အတွက် ဘိန်းကုန်သည်တွေ ပိုမိုနည်းလာခြင်း၊ လက်နက်ကိုင်အဖွဲ့အစည်းက ဘိန်းဈေးကွက်ကို လက်ဝါးကြီးအုပ်လိုခြင်း၊ ၄င်းတို့နှင့် ချိတ်ဆက်မှုရှိတဲ့ ကုန်သည်တွေကိုသာ ဘိန်းဝယ်ယူရောင်းချခွင့်ပေးထားတာဖြစ်တယ်လို့ ဘိန်းစိုက်တောင်သူတွေက ဆိုထားကြပါတယ်။

ဘိန်းဈေးတွေကျနေတယ်ဆိုပေမယ့်လည်း တောင်သူတွေအတွက် ဘဝနေထိုင်ရေးအတွက် စီးပွားရေးတွက်ခြေအကိုက်ဆုံးသီးနှံက ဘိန်းပင်ပဲ ဖြစ်နေဆဲဖြစ်ပါတယ်။ အစိုးရက ဘိန်းဖျက်တဲ့ စီမံကိန်းကိုဆိုရင်လည်း နှစ်တိုင်းမှာ ဘိန်းထွက်တဲ့ရာသီရောက်တိုင်း လိုက်လံဖျက်ဆီးတာတွေ့ရတယ်။

"အဲဒါက သူတို့ ပိုက်ဆံရခါနီးမှာ ထမင်းစားလို့ ထမင်းလုပ် ပါးစပ်ထဲရောက်ခါနီးမှာ ပုတ်ချလိုက် သလိုပဲ သူတို့စိတ်ဆိုးတာထက် သူတို့စိတ်နာတာ မျိုးမဖြစ်အောင် သတိထားရမယ်။" လို့ ဒေါက်တာခင်စည်သူက လွှတ်တော်မှာ ပြောဆိုသွားပါတယ်။

အစိုးရဟာ ဘိန်းအစားထိုးစိုက်ပျိုးရေးလုပ်ငန်းကို နိုင်ငံတကာအဖွဲ့အစည်းများနှင့်အတူ ဆောင်ရွက်ခဲ့သော်လည်း ဘိန်းစိုက်ပျိုးမှုပပျောက်ရေးအတွက် ဥပဒေအရခွင့်ပြုတဲ့ စီးပွားရေးလုပ်ငန်း ၊ သီးနှံစိုက်ခင်း ဈေးကွက်ဝင်ဖို့ နဲ့ ဘိန်းစိုက်တောင်သူတွေလိုအပ်တဲ့ အရာတွေကို ထောက်ပံ့ပေးဖို့ လိုအပ်ပါတယ်။ ဒါ့အပြင် အမျိုးသားစီမံချက်များ ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်များ လိုအပ်ပါတယ်လို့ ဒီးမော့ဆိုမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပေါလ်ဆိုင်းက လွှတ်တော်မှာ ပြောပါတယ်။

"အစိုးရဟာ ရှမ်းပြည်နယ်တွင်းက မြို့နယ်တချို့မှာ ဘိန်းအစားထိုးသီးနှံအကောင်အထည်ဖော်ခဲ့ပေမယ့် ထိရောက်အောင်မြင်မှုနည်းခဲ့ပါတယ်။

မြို့နယ် ၅၁ မြို့နယ်မှာ ဘိန်းစိုက်ပျိုးနေပြီး ရှမ်းပြည်နယ်ဟာ တနိုင်ငံလုံးရဲ့ ၉၀ ရာခိုင်နှုန်းအများဆုံးဖြစ်ပါတယ်။" လို့ ပြောဆိုတင်ပြသွားပါတယ်။

ဒါကြောင့် အစိုးရသမက ပုဂ္ဂလိကတွေကို ဖိတ်ခေါ်ပြီး ဘိန်းအစားထိုးသီးနှံစီမံကိန်းသာမက ဘိန်းစိုက်တောင်သူတွေရဲ့ လူမှုရေးမြင့်မားလာအောင် မြင့်တင်ပေးတာတွေ ဥပဒေစိုးမိုးမှုတွေမြင့်မားအောင်နဲ့ ငြိမ်းချမ်းလာမယ်ဆိုရင် တဖြည်းဖြည်းပပျောက်သွားမှာပါလို့ ပြောသွားပါတယ်။

"ဘိန်းအစားထိုးသီးနှံတွေကို နိုင်ငံတော်က ထောက်ပံ့ခဲ့ပေမယ့်လို့ အဲဒီသီးနှံတွေကို သိုလှောင်ထားရှိဖို့ ခက်ခဲတာတွေ ၊ သယ်ယူဖို့ လမ်းပန်းဆက်သွယ်ရေးခက်ခဲတာတွေ ၊ ဈေးကွက် ပျောက်နေတဲ့အတွက်အကြောင့်မို့ ဘိန်းစိုက်ပျိုးတောင်သူတွေက ဘိန်းအစားထိုးသီးနှံတွေ မစိုက်ခြင်ကြပါဘူး။" လို့ ရှမ်းပြည်နယ်တောင်ပိုင်း ဖယ်ခုံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖိုးမောင်က တင်ပြဆွေးနွေးသွားပါတယ်။

နိုင်ငံတော်က ဘိန်းစိုက်ခင်းတွေကို လိုက်ဖျက်တာတွေကို ပြန်လည်သုံးသပ်သင့်ပြီး ဘိန်းအစားထိုးသီးနှံတွေက ထွက်ရှိလာတဲ့ သီးနှံတွေ ဈေးကွက်ဖန်တီးပေးတာတွေ၊ သယ်ယူပို့ဆောင်ဖို့ ကူညီပေးတာတွေ၊ အထူးစီမံချက် ဖော်ဆောင်သင့်တယ်လို့ လွှတ်တော်ကိုယ်စားလှယ်တွေက လွှတ်တော်ထဲမှာ ပြောဆိုသုံးသပ်သွားကြပါတယ်။




၂၀၁၃ ခုနှစ်၊ ဇန္နဝါရီလတွင် စတင်ဖြန့်ချိသည်။

# Kantarawaddy Times

Accurate Reliable Trustworthy

Vol:7 , Issues 12 Kantarawaddytimes June 1, 2019


# As Mining Persists in Mawchi, So Do Threats to Locals' Survival

By KANTARAWADDY TIMES

Extraction of tin and tungsten has led to pollution and human rights violations in Karenni State.



For more than 100 years, Burma's largest tin and tungsten deposits have been mined without transparency, locals and environmental activists say.

Located in the Mawchi area of Karenni State's Hpasawng Township, extraction of the mineral deposits has led to pollution and human rights violations, according to recent reports and local testimony.

Villagers in the community of Kaemaphyu say that the water in the Molo stream, which they rely on, has become undrinkable because of chemical runoff from the mining in the area.

The Kayah Earthrights Action Network (KEAN) told Kantarawaddy Times that further studies need to be conducted to fully assess the impact of mineral extraction on human rights and the environment in Karenni State. KEAN emphasized that such abuses have been ongoing, but that extraction companies do not take responsibility for injustices; those who highlight them risk death threats.

"Mineral extraction has an impact on the environment, including on streams, the forest and the mountains. But local people are afraid to talk about it," Saw El Say, who works with KEAN, said, adding that water sources in particular are being damaged.

In August 2018, KEAN published "Secret Human and Environmental Rights Violations" on the landslides, deforestation, water scarcity and farmland damage attributed to mining. KEAN's own recent research has revealed dangerous levels of lead and arsenic in the water in the Mawchi area, yet the Kayah State Mineral Production Company Limited (KMPC)—which oversees all mining in the area—has been given permission to extend its license to extract tin and tungsten from the Mawchi area for five more years. The KMPC is owned by the Union of Myanmar Economic Holdings Limited, a military conglomerate.

This extension came despite calls by civil society to let the contracts expire.

"Corruption is still very strong everywhere, even today," Saw El Say said, on why KMPC's license was extended anyway.

According to locals, KMPC has been focusing more extraction work on the Htomuukee block of the Mawchi mine, and bringing in foreign workers, who work both day and night shifts so that the mine is operational 24 hours a day. Locals are restricted from entering the site, which is guarded by an armed security force.

In 2015, a landslide in a Mawchi mine operated by KMPC caused 28 casualties and displaced hundreds, according to a recent report published by the Transnational Institute.

Two years later, during the 2017-2018 financial year, mineral extraction companies collectively donated 50 million kyat (US$32,500) for disaster control and management in the Mawchi area. The Disaster Control and Management Committee subsequently formed is made up of MPs, local leaders, and company representatives, and locals told Kantarawaddy Times that they question its effectiveness.

A persistent threat highlighted by villagers is that of the collapse of one large stone in particular, known as Poung Mont Ton, which sits on top of a hill above Lo Khar Lo village in the Mawchi area. Locals fear that mining operations in the hill will cause the stone to fall on their communities, causing extensive damage and putting lives in danger.

"We can see cracks in it… If the big stone falls down, the whole Aung Chan Thar ward will be gone," Margret Sein, a nurse in Mawchi, said to Kantarawaddy Times.

Min Zaw Tun, another Mawchi local, echoed these fears.

"If the big stone falls, it will fall on Lo Khar Lo village… If it falls, there will be many casualties," he said.

Margret Sein told Kantarwaddy Times that geologists visited Mawchi in recent months. Their recommendation was reportedly not for an end to the large-scale tin and tungsten extraction, but for locals to move away from the mining area to reduce the stress on the earth.

SEO KEYWORDS: mining, Mawchi, Karenni

FACEBOOK: "Mineral extraction has an impact on the environment, including on streams, the forest and the mountains. But local people are afraid to talk about it," a local activist said, adding that water sources in particular are being damaged.

TWITTER: As mining persists in Mawchi, so do threats to locals' survival in #Kayah State, #Myanmar


NRPC, Karenni State Govt, KNPP Meet in Loikaw Page - 14

Karenni State Govt Prosecutes Six Youth Activists Page - 16

Tatmadaw Threatens to Sue Farmers for Growing Crops Near Army Base Page - 15

# NRPC, Karenni State Govt, KNPP Meet in Loikaw

By NAW DWE EI KHU / KANTARAWADDY TIMES

Under discussion were resumed state government meetings with the KNPP, education, healthcare and regional development.



Representatives from the Union government's National Reconciliation and Peace Center (NRPC), the Karenni State government and the Karenni National Progressive Party (KNPP) held a state-level meeting in Loikaw on Monday.

Participants came to a five-point agreement in the session, which lasted from 10:00 a.m. until 5:30 p.m. at the Famous Hotel in the Karenni State capital.

"We discussed openly in the meeting," KNPP spokesperson Nei Neh Plo told Kantarawaddy Times. "I think we got positive results. Representatives from both sides seem to be satisfied with the results and discussion."

In April of last year, the Karenni State government and the KNPP began holding regular monthly meetings, but these halted in October 2018. Some informal meetings have been held, but Nei Neh Plo said that it is hoped official meetings will restart.

As a result of inviting the NRPC delegation, he added that the schedule of monthly meetings would be "restored."

"In the meeting, we agreed to the TOR [terms of reference] for regular monthly meetings," Nei Neh Plo said.

Other topics of discussion included education, healthcare and regional development issues, according to NRPC member U Zaw Htay.

"We agreed about how to cooperate and how to open communication channels for regional development," he told members of the media after the meeting.

Nei Neh Plo described the meeting as bringing the KNPP another step toward signing Burma's Nationwide Ceasefire Agreement (NCA).


"We are trying. We are discussing in the meeting, which means we are trying to sign the NCA. There will be informal meetings, or communication between two sides. We will keep trying for negotiations," he said.

The NRPC and the KNPP held a meeting in Naypyidaw on March 18, and agreed on some points. U Zaw Htay said that the government had offered to meet them again in May, but that the KNPP needed to discuss the proposition with their own central committee.

# Family Disputes Arise From Implementation of VFV Land Law, Locals Say

By KANTARAWADDY TIMES

Activists say that the land law is undermining customary law regarding inherited land.




A man and his four sister sisters are embattled in a legal struggle for land in Karenni State's Hpruso Township, as they both try to obtain documents required by the Vacant, Fallow and Virgin (VFV) Land Management Law.

The 2012 statute requires individuals to obtain a document known as Form No. 7 to prove ownership, and locals say this is undermining customary laws that would otherwise divide the inherited land between each of the siblings in question and minimize conflict.

"There is no problem if they divide their farmland equally in accordance with traditional customs," Phray Reh, who works with the Kayah Earthrights Action Network (KEAN), told Kantarawaddy Times. "They have this problem because the brother has Form No. 7. They are trying to solve this problem with the current land law—that's why they have this problem."

The land in question is located in Dawku Khu village in Heepawso village tract. According to KEAN, village elders have tried to arbitrate between the siblings to divide up the land.

"They cut off their social relations after quarreling over the inherited farmland. They don't participate in social affairs," Phray Reh said.

The VFV law does not allow for multiple people to hold Form No. 7, leading to disputes which did not arise in Karenni State previously.

"We cannot solve this kind of problem since the release of the 2012 land law in our community," Phray Reh said.

SEO KEYWORDS: VFV, land law

FACEBOOK: "They are trying to solve this problem with the current land law—that's why they have this problem," a land rights activist said of siblings trying to divide inherited farmland.

TWITTER: Family disputes arise from implementation of #Myanmar's VFV land law in #Kayah State, locals say

# 19 Years On, Safe House for Orphans Still Going Strong

By Kantarawaddy Times

The SAW safe house in Mae Sot offers vulnerable migrant children a place to grow.




Nearly two decades ago, the Social Action for Children and Women (SAW) Foundation established a safe house in the Thai border town of Mae Sotfor orphans, abandoned children, and women and children who were victims of human trafficking. Now, 19 years later, the foundation continues to provide the same vital service.

Many of the children who have found their way to the SAW safe house are not just deprived of parents; in most cases, they don't even have a country to call their own. Born in Thailand to parents from Burma, they risk remaining stateless for life if they don't get the assistance they need to claim citizenship in at least one country.

On February 4 of this year, 46 children living in the safe house received Thai citizenship cards. The cards—issued only to orphans who were born in a Thai hospital and who are currently enrolled in a Thai school—have 13-digit ID numbers that they can use to access the same government services that are available to all Thai nationals.

Without the SAW Foundation, however, these children would have been stuck in the same legal limbo as the vast majority of Burmese born in Thailand. "We helped these children to apply for Thai citizenship,"said KoMin Min, SAW's advocacy and fundraising coordinator.

Unfortunately, however, most of SAW's charges don't qualify for Thai citizenship (and fewer still ever get recognition from the Burmese authorities). This makes SAW's services all the more essential.

"We can send young children to a Thai school, but for those who are older, we have to educate them in our own school," KoMin Min toldKantarawaddy Times.

For many, it's a rare opportunity to gain confidence speaking their own language.

"I want to visit Burma. I cannot speak Burmese very well. I am happy to speak our own language. I feel I am Burmese," said Ma YaminHlaing, a student atthe SAW school.

But more than this, the SAW safe house provides the children with a family.

"They are orphans, so we are their fathers and mothers. We are their family. We can stop this program if we don't have enough funding, but we can't stop caring for these kids. We have to feed them two or three times a day, and we are responsible for their mental development. These tasks are on our shoulders," Ko Min Min said.

According to Ko Min Min, the program couldn't survive without the support of donors.

The cost of each child's basic needs is a very modest 6,000 baht per year. However, some of the children who stay at the safe house also have special needs.

"I have taken care of five disabled children here, but only one is still alive now," said Grandma Htay, who is in charge of taking care of children with disabilities.

Currently, there are about 200 children living in the SAW safe house. Of these, 80 are studying in a Thai school and the rest are studying in SAW's school for migrant children.



# Tatmadaw Threatens to Sue Farmers for Growing Crops Near Army Base

By KANTARAWADDY TIMES

Soldiers block Karenni farmers from tending to their land, and are now building a wall to fence off the area.



Farmers from Dawmukalar village have said that Burma Army troops threatened to take legal action against them earlier this month while tending to their farms.

Soldiers wearing uniforms indicating they were from Infantry Battalion (IB) 250 blocked farmers from entering their land on May 17, they said.

"We were just clearing bushes on our farms because rainy season is coming. Soldiers arrived at our farm. We were worried that if we continued working on the farm, the army would sue us," farmer Shar Reh told Kantarawaddy Times.

IB-250 seized farmland around 11 villages—including Dawmukalar—in Nwar La Woe and Chikei village tracts in 1990. Yet this is reportedly the first year that they have blocked farming in the area.

According to farmers, the soldiers said that the military will now build a brick wall to fence off the farmland. They have already reportedly begun digging a trench to begin the construction of the wall.

Locals reported the issue to the General Administration Department and officials from the land department, but they say that no one has addressed their dilemma.

Shar Reh said that the regional commander had informed villagers that the farmland would not be returned, and that he had said, "we cannot give any compensation; we won't allow you to farm near our base."

"If we receive our land back, we will grow corn, peanuts and rice paddies on our farms. I will continue to work on my farm. I don't know how to work in another job," farmer Lee Reh said.

The Karenni State Farmers Union released a statement on May 21 calling for farmers not to be blocked from their own land and for IB 250 to permit farmers to carry on with their work.

"It's cultivation time… The army should respect what farmers are doing," Karenni State Farmers Union chairperson Tu Reh said.

The farmers union also urged political parties to get involved in resolving land issues.

"The army and the government must solve this land problem with a big heart. If not, the problem will grow and become more complicated," Kaw Reeio, who is working with the union, told Kantarawaddy Times.

SEO KEYWORDS: farmers, Tatmadaw, Karenni

FACEBOOK: "It's cultivation time… The army should respect what farmers are doing," Karenni State Farmers Union chairperson Tu Reh said.

TWITTER: #Myanmar Army threatens to sue #Karenni farmers from growing crops near military base.

# Karenni State Govt Prosecutes Six Youth Activists

By KANTARAWADDY TIMES

he charges date back to a youth statement that described members of the state government as ‘enemies of ethnic solidarity.’


Myo Hlaing Win


Khun Thomas


Khon John Paul


Khu Ree Du


Ko DeeDe


Gu Gu

A representative of the Karenni State government has opened a case against six Karenni youth under the State Protection Law, according to police in Loikaw.

The law can be used to punish anyone who is deemed as having “endanger(ed) the sovereignty or security of the state or public peace and tranquility.”

Police officer Zaw Moe Oo told Kantarawaddy Times that Karenni State government office deputy director U Thet Naung filed for charges at the Loikaw Myoma police station against Ko Sitt Mone—also known as Deede—Myo Hlaing Win, Jhon Paul, Khu Reedu, Khu Kyu Phe Kay and Khun Thomas.

“We have to follow the law. [The youth] are now defendants because the plaintiff has tried to sue them,” a Loikaw police commander said. “We will have to ask questions before we send this case to court.”

The suit dates back to a statement that youth released on March 25, which described members of the state government as “political criminals, traitors of the Karenni nation, enemies of ethnic solidarity and ungrateful people.” At the time, the youth were protesting a statue of Gen Aung San in a public park which was erected—and has since been protected—by the state government, specifically chief minister El Phoung Sho.

“They haven’t summoned us. We are ready to face this case because it’s our national cause, as well as conserving our history,” Ko Sitt Mone (aka Deede) told Kantarawaddy Times.

According to representatives at the police station, the youth will be summoned soon.

Karenni State parliamentarian Thae Reh said that the youth have a right to speak their minds and should not be facing charges.

“Regarding the statue, the youth are not satisfied with actions of chief minister and his colleagues. The youth have their rights, just as the chief minister and his colleagues have their rights,” Thae Reh said. “In my opinion, they should not prosecute these youths. Legal experts will understand more about it.”

In the statement published on March 25 Karenni youth accused the Kayah State chief minister and the finance minister, Maw Maw, of using their executive and financial power to form a committee to build a divisive statue of Gen Aung San.

U Nyi Nyi Min, who is the secretary of the Karenni State government office, as a representative of chief prime minister directed deputy director U Thet Naung for suing these 6 Karenni youths.

Kantarawaddy Times repeatedly called U Nyi Nyi Min, who is secretary of the Karenni State government office, for comment on whether he was involved in deputy director U Thet Naung’s move to file charges against the activists, but he didn't answer the phone.

If the youth are found guilty, they face from six months to three years in prison and a fine of 600,000-1,500,000 kyat (US$390-$977).

# *Police Try To Arrest Youth Activists*

We are demanding human rights and justice, and their response is to try and arrest us, said an activist.

Police visited and search the family homes of youth activists opposed to a statue of Gen Aung San in Loikaw in Karenni State during a failed attempt to arrest them.

Ma Shar Myar, sister of youth leader, Khu Reedu, told the Kantarawaddy Times when the police arrived at her doorstep last week in uniform, carrying weapons her mother broke down in tears. “My mother asked them why they came to our house!”

Police want to arrest the 6 youth for releasing a statement in opposition to the statue they see as a form of “Burmanization” in a region populated by mostly ethnic Karenni.

Youth activist, Khu Kyu Phae Kay, said they weren’t notified by authorities that they wanted to arrest them prior to the visit by police.

“They are watching our homes very closely. Village authorities are questioning our families, trying to put pressure on us!” We demand human rights and justice, and their response is to try and arrest us, Khu Kyu Phae Kay said.

Despite this, activists have vowed to continue their actions that they say is for the betterment of the state.

Khu Kyu Phae Kay said police called by phone on May 20 asking that they turn themselves in.

Not wanting to create undue stress on their families, the activists have agreed to face trial.

The statement that was released by the activists in late March described certain elected officials as “political criminals” and “traitors of the Karenni nation.”

The statement came after thousands of youth staged a series of protests against the statue that since has been erected in a public park in Loikaw. During demonstrations, police fired rubber bullets at a crowd, injuring protesters.

# ပုံစံ(၇)ကြောင့်မောင်နှမအချင်းချင်း မြေယာပြဿနာဖြစ်ပွားခဲ့ကြ

KEAN



ပုံစံ(၇)ကြောင့် မောင်နှမချင်းပြဿနာဖြစ်ပွားခဲ့တဲ့ကိစ္စကို ဖြေရှင်းခဲ့ရသည့် လယ်ယာမြေစီမံခန့်ခွဲရေးကော်မတီမှ ဦးဖရေရယ် ဖြစ်သည်။

ရေမြေတောတောင်တွေဟာ ဌာနေတိုင်းရင်းသားတွေရဲ့ဘဝ၊ မျှော်လင့်ချက်နှင့် အနာဂတ်ဖြစ်ပါတယ်။ သို့ပေမယ်လို့ လက်ရှိ ဗဟိုထိန်းချုပ်မှုလွန်ကဲတဲ့ မြေယာဥပဒေတွေကြောင့် ၄င်းတို့ရဲ့ဖြစ်တည်မှုတွေအပေါ် နေ့စဉ်ခြိမ်းခြောက်မှုတွေ ရှိနေပြီဖြစ်ပါတယ်။

ဌာနေတိုင်းရင်းသားဒေသနဲ့ ကိုက်ညီအောင် ရေးဆွဲထားခြင်းမရှိတဲ့ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေနှင့် မြေလွတ်၊ မြေလပ်၊ မြေရိုင်းဥပဒေကြောင့် ဌာနေတိုင်းရင်းသားတွင် မြေယာပြဿနာများစွာ ဖြစ်ပေါ်စေခဲ့ပါတယ်။

ဖရူဆိုမြို့နယ် ထီးပေါ်ဆိုကျေးရွာအုပ်စု ဒေါကူးခူကျေးရွာမှာ ပုံစံ(၇) ကြောင့် မောင်နှမအချင်းချင်းအကြား အငြင်းပွားမှုပြဿနာတွေ ရှိခဲ့လို့ မောင်နှမအချင်းချင်းကြား လူမှုဆက်ဆံရေး ပျက်ပြားခဲ့တဲ့ ဖြစ်ရပ်တွေရှိခဲ့ပါတယ်။

အဲဒီမြေယာအငြင်းပွားမှု ပြဿနာကို ကိုယ်တိုင်ကြုံတွေ့ ဖြေရှင်းခဲ့ဖူးတဲ့ ဒေါကူးခူကျေးရွာ၊ ထီးပေါ်ဆိုကျေးရွာအုပ်စုမှ ရပ်ကျေးလယ်/စီအဖွဲ့ဝင် ဦးဖရေရယ်ကို Kayah Earthrights Action Network – KEAN အဖွဲ့ကနေ သွားရောက်တွေ့ဆုံ မေးမြန်းခဲ့ကြပါတယ်။

ရပ်ရွာထဲမှာ ပုံစံ(၇)ကြောင့်ဖြစ်ပေါ်လာတဲ့ မောင်နှမချင်း အငြင်းပွားမှုပြဿနာ တွေလည်းရှိလာခဲ့ပါတယ်။ မိသားစုအမွေဆက်ခံတဲ့ အကြောင်းနှင့်သက်ဆိုင်တဲ့ အပိုင်းဖြစ်ပါတယ်။

“ညီတူညီမျှ ဝေလေ့ထုံးတမ်းအရ ခွဲဝေကြရကြမယ်ဆိုရင် ပြဿနာမရှိပါဘူး။ ဒါပေမယ့်သူတို့က ပုံစံ(၇) ပေါက်ထားတဲ့သူပဲ ကျနော်တယောက်တည်းပိုင်ဆိုင်တယ်ဆိုတဲ့ ဥပဒေနဲ့သွားနေတော့ ပြဿနာစဖြစ်တော့တာပါပဲ။” လို့ ဦးဖရေရယ်က ရှင်းပြသွားပါတယ်။

၂၀၁၂ ခုနှစ်လယ်ယာမြေဥပဒေနှင့် မြေလွတ်မြေလပ် ဥပဒေကြောင့် ရရှိလာတဲ့ ပုံစံ(၇)ဟာ နှစ်ရှည်လကြာ တည်ဆောက်လာခဲ့တဲ့ လူမှုအသိုင်းအဝိုင်းတစ်ခုရဲ့ ရင်းနှီးမှု၊ ယုံကြည်မှုတွေကို ရိုက်ချိုးပစ်ခဲ့ပါတယ်။

အဲဒီနောက်ပိုင်း ရပ်ရွာထဲမှာ ရွာမိရွာဖတွေနဲ့ ညှိနှိုင်းမှုတွေ ဆက်လက်ဆောင်ရွက်ခဲ့ပါတယ်။ ပုံစံ(၇) ကိုင်ထားတဲ့ ဘက်မှလည်း ဥပဒေနည်းလမ်းအတိုင်း သွားလိုကြောင်းဖြစ်လာပါတယ်။

တဖက်ကလည်း မောင်နှအမွေဆက်ခံတဲ့ မြေယာဖြစ်တဲ့အတွက် မဖြစ်သင့်ကြောင်း ညီတူညီမျှခွဲဝေရမယ်လို့ စတာတွေ ဖြစ်လာပါတယ်။ မိသားစုအကြား စိတ်ဝမ်းကွဲမှုတွေဖြစ်လာစေခဲ့ပြီးနောက်မှာတော့ လူမှုရေးပြဿနာဖြစ်လာစေခဲ့ပါတယ်။

“အဲဒီမောင်နှမတွေဟာ သူတို့ရဲ့ သာရေးနာရေးတွေကအစ မသွားကြတော့ဘူး။ မဆက်ဆံကြတော့ဘူး။ ဆက်ဆံရေးပါပျက်လာကြတယ်။” လို့ ဦးဖရေရယ်က သူသိသမျှ ပြောပြသွားပါတယ်။

နှစ်ဦးနှစ်ဖက်ပြန်လည်သင့်မြတ်နိုင်တဲ့ အဆင့်ထိ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေနှင့် မြေလွတ်၊ မြေလပ်ဥပဒေအားဖြင့် မြေယာပြဿနာများဖြေရှင်းနိုင်ခြင်း မရှိခဲ့ပါဘူး။

ပုံစံ(၇)ဖြင့်ဖြေရှင်းပါက မည်သို့မျှ မဖြေရှင်းပေးနိုင်ခဲ့ကြောင်း၊ အကြောင်းရင်းမှာ ပုံစံ(၇)က တစ်ယောက်တည်းသာ ပေါက်ထားတဲ့အတွက် ကျန်တဲ့မောင်နှမလေးဦးမှာလည်း ခွဲဝေပေးဖို့ မဖြစ်နိုင်ကြောင်း စသည်ဖြင့် အငြင်းပွားခဲ့ကြတာဖြစ်ပါတယ်။

လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီမှလည်း နည်းလမ်းအမျိုးမျိုးရှာပြီး နားလည်မှုရရှိဖို့ ကြိုးစားဖြေရှင်းခဲ့ရပြီးနောက်မှာတော့ အပြန်အလှန် နားလည်မှုနဲ့ အဆင်ပြေသွားခဲ့ကြတယ်လို့သိရပါတယ်။

“နားချတယ်။ စည်းရုံးတယ်ပေါ့။ သူတို့လည်းအပြန်အလှန်လိုက်လျောသွားပေးခဲ့ကြပါတယ်။” လို့ ဦးဖရေရယ်က ဆက်လက်ရှင်းပြသွားပါတယ်။

တစ်ဦးနှင့်တစ်ဦး အပြန်အလှန်နားလည်မှုရှိတဲ့ အချင်းချင်းဝိုင်းဝန်းဖေးမကူညီကြတဲ့ လူမှုအသိုင်းအဝိုင်းသာ ဌာနေတိုင်းရင်းသားတွေက ဖြေရှင်းခဲ့ကြတာဖြစ်ပါတယ်။

အခုလက်ရှိမှာတော့ ဆက်ဆံရေးကောင်းမွန်စေဖို့ သင့်မြတ်စေဖို့ အရင်ကလို သာရေး၊ နာရေးတွေ သွားလာဆက်ဆံနိုင်ဖို့ အစဉ်အလာ ပြန်လည်ဖြစ်စေချင်သည်လို့ ဦးဖရေရယ်က သူ၏ စိတ်စေတနာအရင်းကို ဆန္ဒပြုပြောကြားသွားခဲ့ပါတယ်။

ဒါကြောင့် ဌာနေတိုင်းရင်းသားတွေရဲ့ မြေယာဆိုင်ရာ ရိုးရာဓလေ့ကျင့်ထုံးတွေကို အစိုးရနှင့် အခြား လူမှုအသိုင်းအဝိုင်းတွေက အသိအမှတ်ပြု ကာကွယ်ပေးဖို့လိုအပ်နေပါတယ်။

၂၀၁၂ လယ်ယာမြေဥပဒေထွက်ပြီးနောက် ဒေသခံတွေအထဲမှာ လယ်ယာမြေပြဿနာ ဖြေရှင်းဖို့ အခက်အခဲပိုရှိလာခဲ့ပါတယ်။

“လူမှုရေးအရကြည့်မယ်ဆိုရင် မထွက်ခင်မှာ ကျနော်တို့က ရွာထဲရပ်ထဲမှာ လွယ်လွယ်ကူကူဖြေရှင်းလို့ရတယ်။ ၂၀၁၂ လယ်ယာဥပဒေထွက်ပြီးနောက် လွယ်လွယ်ကူကူဖြေရှင်းလို့ သိပ်မရတော့ဘူး။”

မြေယာဥပဒေနဲ့ပတ်သက်လို့ ဦးဖရေရယ်က သူရဲ့ အတွေ့အကြုံအရ အခုလို သုံးသပ်ပြောဆိုသွားတာ ဖြစ်ပါတယ်။

# ကယားတွင် အဂတိလိုက်စားမှုတိုင်ကြားစာ အနည်းဆုံးဟုဆိုသော်လည်း ဒီထက်မကရှိဟုဆို

**ကန္တာရဝတီတိုင်း[မ်]**



ကယား(ကရင်နီ)ပြည်နယ်တွင် အဂတိလိုက်စားမှုတိုင်ကြားစာ အနည်းဆုံး(၁၄)စောင်သာရှိသည်ဟု ဆိုသော်လည်း ပြည်သူများ တိုင်ကြားမှု ဒီထက်မကရှိကြောင်း လွိုင်ကော်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်စည်သူက ပြည်ထောင်စုလွှတ်တော်တွင် တင်ပြဆွေးနွေးသွားပါသည်။

“ဒါတွေကို အာရုံစိုက်ပေးဖို့ မေတ္တာရပ်ခံပါတယ်။ ငါးအကောင်ကြီးကြီးတွေရော ငါးငယ်လေးတွေ ကယားမှာ ရှိနေပါသေးတယ်။”

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၏ နှစ်ပတ်လည်လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာနှင့် စပ်လျဉ်းပြီး လွိုင်ကော်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်စည်သူက မေလ ၁၃ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဌမနေ့တွင် အသိပေးတင်ပြဆွေးနွေးခဲ့ခြင်း ဖြစ်ပါသည်။

အဓိက အဂတိလိုက်စားမှုဖြစ်လာရခြင်းအကြောင်းမှာ တရားဝင်လစာခံစားမှုနည်းသည့်အတွက် အဂတိလိုက်စားမှုများရှိလာခြင်း၊ တရားဥပဒေစိုးမိုးမှုအားနည်းခြင်း၊ လောဘကြီးလွန်းပြီး ချမ်းသာလိုစိတ်များခြင်းဖြစ်သည်ဟု ကောက်ယူထားသည့် စစ်တမ်းအရ လွှတ်တော်တွင် တင်ပြသွားပါသည်။

ပြည်သူဆင်းရဲနွမ်းပါးမှုကို လျှော့ချရေးနှင့် နိုင်ငံဖွံ့ဖြိုးရေးအတွက်လည်းအဓိက အတားအဆီးတခုဖြစ်သည့်အတွက် ဝန်ထမ်းများ အဖွဲ့ဝင်များ လစာနည်းခြင်းကို မည်ကဲ့သို့ကုစားမည်ဆိုသည်မှာ အရေးတကြီးဆောင်ရွက်ရမည့်အချက်ဖြစ်ကြောင်း၊ နိုင်ငံတော်အရေးယူ ဆောင်ရွက်မှုအားနည်းနေခြင်းဖြစ်သည့်အတွက် အဂတိတိုက်ဖျက်ရေးကော်မရှင်အဖွဲ့သည်လည်း ဆက်လက်တည်ရှိလိုအပ်နေသေး ကြောင်း လွှတ်တော်တွင် ဆွေးနွေးတင်ပြသွားခဲ့သည်။

အဂတိလိုက်စားမှု အများဆုံးတွေ့ရသည့်ဌာနများမှာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားစုဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် တရားစီရင်ရေးက အများဆုံးဖြစ်သည်ဟု ဆိုပါသည်။

# ဒေသလွှတ်တော်များနှင့် ဝန်ထမ်းဖွဲ့စည်းတည်ဆောက်ပုံ




၂၀၁၀ ခုနှစ်ကတည်းက ပေါ်ပေါက်ခဲ့သော ဒေသလွှတ်တော်များသည် ထိုအချိန်အခါ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများဖြင့်သာ ဖွဲ့စည်းတည်ဆောက်ခဲ့ခြင်း ဖြစ်ပေသည်။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖြစ်ပေါ်လာသော ဒေသအစိုးရအဖွဲ့ရုံး ဝန်ထမ်းများမှာလည်း ထွေအုပ်ဝန်ထမ်းများပင် ဖြစ်ပေသည်။

ထိုအချိန်အခါကတည်းက အစိုးရ၊ လွှတ်တော်နှင့် ထွေအုပ်ဌာန သုံးခုစလုံးကို ထွေအုပ်ဝန်ထမ်းများဖြင့်သာ ဖွဲ့စည်းတည်ဆောက်ခဲ့ခြင်း ဖြစ်ပေသည်။

၂၀၁၃ ခုနှစ်တွင် ထွေအုပ်အကြီးအကဲကို ဒုညွှန်ချုပ် ရာထူးတိုးမြှင့်ကာ ဒေသလွှတ်တော်ရုံး အကြီးအကဲနေရာတွင်လည်း ထွေအုပ်ညွှန်မှူးများဖြင့် ဝန်ထမ်းရေးရာများ လုပ်ကိုင်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပေသည်။

ဒေသအဆင့်တွင် ဒုတိယ ညွှန်ကြားရေးမှူးချုပ် ရာထူးရှိသော ဌာနမှာ အနည်းငယ်ပင် ရှိပေသည်။ အများစုမှာ ညွှန်ကြားရေးမှူး အဆင့်ဖြင့် အမြင့်ဆုံးပင်ဖြစ်ကြပေသည်။

ထိုကာလတွင် အစိုးရအတွင်းရေးမှူး/ထွေအုပ်ဒုချုပ် အောက်မှ လွှတ်တော်ညွှန်မှူးများမှာ ဥက္ကဋ္ဌထက် တွင်းမှူးနှင့် ဝန်ချုပ်ကိုသာ ပိုကြောက်ရသော ဖွဲ့စည်းတည်ဆောက်မှုဖြစ်ခဲ့ပေသည်။

ဌာနလက်ကိုင် မရှိသော ဝန်ကြီးများထက် ထွေအုပ်အတွင်းရေးမှူးက ပိုမိုလုပ်ပိုင်ခွင့် အာဏာရှိနေသော စနစ်ကို တွေ့ရပေသည်။

ဒ့ါအပြင် ဒု ဗိုလ်မှူးကြီး အဆင့်လောက် အနိမ့်ဆုံးကိုမှ ဝကာခ ပေးခဲ့သော စနစ်တွင် လွှတ်တော် ဥက္ကဋ္ဌ အများစုမှာ ပါတီပိုင်းက လူများ ဖြစ်သောကြောင့် လွှတ်တော်များ၏ စီမံအုပ်ချုပ်မှုမှာ အားရစရာ မရှိခဲ့ပေ။

ဖယ်ဒရယ် ဒီမိုကရေစီ အစ ရွေးကောက်ခံ ကိုယ်စားလှယ်တို့၏ အရည်အချင်းကလည်း လွှတ်တော်များ၏ အခန်းကဏ္ဍကို မှေးမှိန်စေခဲ့ပေသည်။

သို့ရာတွင် ဦးဆန်းဆင့် လို လူမျိုး လွှတ်တော်ဥက္ကဋ္ဌ ဖြစ်သော ရောဝတီတွင်မူ အစိုးရနှင့် လွှတ်တော်ကြား ပွတ်တိုက်မှုမှာ အင်မတန် အသက်ဝင်လှတာကို တွေ့ရသော်လည်း သူ့အကျတွင်တော့ ကျန်လွှတ်တော်များပါ ငြိမ်ကျသွားပေတော့သည်။

လွှတ်တော် ၏ ဘတ်ဂျက်ကိုလည်း ၂၀၁၃ လောက်တွင် သီးခြားရေးဆွဲ ကျင့်သုံးနေပြီ ဖြစ်သော်လည်း ဝန်ထမ်းရေးရာကမူ ထွေအုပ်ကသာ ဖြစ်ခဲ့ပေသည်။

၂၀၁၅ နိုင်ငံတော်သမ္မတ ၏ အုပ်ချုပ်ရေးပြုပြင် ပြောင်းလဲမှုဖိုရမ် အပြီးတွင် လွှတ်တော်များ သီးခြားခွဲထွက် ရပ်တည်ရေးမှာ ပိုမိုကျယ်လောင်လာပေသည်။

၂၀၁၅ တွင် တက်လာခဲ့သော အစိုးရသစ်လက်ထက်တွင်မူ ထိုမူဝါဒမှာ ပိုမို အားကောင်းလာခဲ့သလို ကိုယ်တိုင်ကြုံတွေ့နေရသော ဒေသလွှတ်တော်ဥက္ကဋ္ဌများမှ MPU အစည်းအဝေးများတွင် ပိုမိုတောင်းဆိုလာခဲ့ကြပေသည်။

၂၀၁၆ မှစ၍ သီးခြားရပ်တည်ရေး အတွက် ပြင်ဆင်ဆောင်ရွက်ခဲ့ကပြီး ပြည်ထောင်စုနှင့် ချိတ်ဆက်ဆောင်ရာတွင် ပြည်ထောင်စုလွှတ်တော်အောက်မှတစ်ဆင့် ဆောင်ရွက်မည့် အစီအစဉ်များကို ဆွဲခဲ့ကြပေသည်။

၂၀၁၇ ဧပြီလ ၁ ရက်နေ့မှ စတင်ကာ သီးခြားခွဲထွက် ရပ်တည်ခဲ့ကပြီး ဝန်ထမ်းအများစုမှာ ထွေအုပ်၏ လွှတ်တော်ဌာနခွဲမှ လိုက်ပါလာကြသော ဝန်ထမ်းများ ဖြစ်ပေသည်။

လွှတ်တော်ရုံး အကြီးအမှူးကို ဒုတိယညွှန်ကြားရေးမှူးချုပ်ရာအထူးသဖြင့် ဒေသတွင်း ကျန်ဌာနများအပေါ် ထိန်းကြောင်းနိုင်အောင် ခွင့်ပြု ဖွဲ့စည်းတည်ဆောက်ခဲ့ပေသည်။

ဒေသသုံး လေးခုတွင်သာ ကျန်ဌာနပေါင်းစုံမှ ဝန်ထမ်းများကို ခေါ်ယူခဲ့ခြင်း ဖြစ်ပေသည်။ အများစုမှာ အရာရှိပိုင်းသာ ဖြစ်ပေသည်။

အုပ်ချုပ်ရေးမှူးသာ လုပ်ချင်ကြသော ထွေအုပ်အရာရှိ အများစုမှာ လိုက်မလာကြပေ။

ထိုသို့ သီးခြား ရပ်တည်ရာတွင်လည်း ပြည်ထောင်စုလွှတ်တော်နာယက ဦးမန်းဝင်းခိုင်သန်းမှ ဒေသ လွှတ်တော်ဥက္ကဋ္ဌ များသို့ ဝန်ထမ်းရေးရာများ စီမံခန့်ခွဲပိုင်ခွင့်ကို လွှဲအပ်ပေးကာ ဗဟိုချုပ်ကိုင်မှုကို လျှော့ချခဲ့ပေသည်။

ထို့ကြောင့် ဒေသလွှတ်တော်ဥက္ကဋ္ဌများသည် ၄င်းအောက်က ဝန်ထမ်းရေးရာ ကိစ္စများကို ပြည်ထောင်စု အဖွဲ့အစည်း ဥက္ကဋ္ဌများ၊ ဝန်ကြီးများကဲ့သို့ပင် နိုင်ငံဝန်ထမ်း ဝန်ထမ်းဥပဒေနဲ့အညီ အပြည့်အဝ စီမံခန့်ခွဲ အုပ်ချုပ်နိုင်တာကို တွေ့ရပေသည်။

ပြည်ထောင်စုလွှတ်တော်ရုံး အနေဖြင့်လည်း ဒေသလွှတ်တော်ရုံးများအပေါ် ထိန်းချုပ်ထားမှုမရှိပဲ ပြည်ထောင်စုအစိုးရနှင့် ချိတ်ဆက်ဆောင်ရွက်ရာများ အပေါ်တွင်သာ ကြားခံအဖြစ် ကူညီဆောင်ရွက်ပေးခြင်း ဖြစ်ပေသည်။

ဒေသလွှတ်တော်များ အနေဖြင့် ဝန်ထမ်းရာထူးတိုးများတွင် ဥပဒေနဲ့အညီ UCSB နှင့် ပြည်ထောင်စုလွှတ်တော်မှ တဆင့်ချိတ်ဆက်ဆောင်ရွက်ခြင်း၊ အပြောင်းအရွှေ့များတွင် လွှတ်တော်ဥက္ကဋ္ဌအ ချင်းချင်း သဘောတူညီချက်များဖြင့်သာ ပြောင်းရွှေ့ခြင်းစသည်တို့ကို နိုင်ငံဝန်ထမ်းဥပဒေနဲ့အညီ လုပ်ဆောင်နိုင်ပေသည်။

ဒေသတွင်း ဌာနအဖွဲ့အစည်းများအနက် စည်ပင်သာယာ ကော်မတီများထက်ပင် ဖယ်ဒရယ်အဆန်ဆုံး ဖြစ်ပေသည်။ ဝန်ကြီးချုပ်ပင်လျှင် ၄င်းလက်အောက်က ဌာနဆိုင်ရာများမှ ရာထူးတိုးများအပေါ် တိုက် ရိုက်လုပ်ပိုင်ခွင့် မရှိတာကို တွေ့ရပေသည်။ သို့ရာတွင်စနစ်တိုင်းတွင် အားသာချက် ၊ အားနည်းချက် ဒွန်တွဲလျက် ရှိပေသည်။

လွှတ်တော်များ အားကောင်းရေးအတွက် လွှတ်တော်ကိုယ်စားလှယ်များထက် လွှတ်တော်ရုံး ဝန်ထမ်းများကလည်း အခရာကျပေသည်။ ကိုယ်စားလှယ်က ငါးနှစ်သက်တမ်းသာဖြစ်ပြီး ဝန်ထမ်းကပင်စင်မယူမချင်း လုပ်ဆောင်ရမည် ဖြစ်ပေသည်။

လွှတ်တော်ကော်မတီများ အပေါ် ဝန်ထမ်းများ၏ စနစ်တွင်း အတွေ့အကြုံများဖြင့် ကိုယ်စားလှယ်များအပေါ် ကူညီဆောင်ရွက်ပေးခြင်းက လွှတ်တော်တွေကို အလျင်အမြန် အားကောင်းစေမည့် အချက်ပင်ဖြစ်ပေသည်။

အချုပ်အားဖြင့်ဆိုသော် ဖယ်ဒရယ် ၏ အနှစ်သာရမှာ ဗဟိုချုပ်ကိုင်မှုကို နေရာကဏ္ဍတိုင်းတွင် လျှော့ချ၍ ဒေသများသို့ ခွဲဝေပေးခြင်းဖြစ်သော်လည်း ထိုလုပ်ပိုင်ခွင့်၏ တန်ဖိုးကို သိနားလည်နိုင်သော အရည်အချင်း ရှိဖို့က ဖယ်ဒရယ်ဒီမိုကရေစီ စနစ်ကို ဖော်ဆောင်ရာတွင် အင်မတန် အရေးကြီးသောအချက်ပင် ဖြစ်ပါကြောင်း ရေးသားအကြံပြုလိုက်ရပေသည်။

ကျော်စိုးသူ [လွှတ်တော်]
Economic Development




ကရင်နီ(ကယား) ဘာသာဖြင့် ထုတ်လွှင့်ပြသသော Kantarawaddy Times သတင်းများ အစီအစဉ်ကို DVB ရုပ်သံလွှင့်ဌာန၏ အပတ်စဉ် ကရင်နီဘာသာ အစီအစဉ်ကို ကြာသပတေးနေ့ နံနက် (၇း၁၅)နာရီ တစ်ကြိမ်၊ ညနေ (၉း၄၅) နာရီ တစ်ကြိမ် ဖမ်းယူကြည့်ရှုနိုင်ပါကြောင်း သတင်းကောင်းပါးလိုက်ပါသည်။


၂၀၁၃ ခုနှစ်၊ ဇန္နဝါရီလတွင် စတင်ဖြန့်ချိသည်။

# အတ္တနှင့်ရင်းသည့် သမိုင်းများ ပြောင်းလဲချိန်တန်ပြီ

ဘိုထီး [ငွေတောင်ပြည်]

မြန်မာ့ ဒီမိုကရေစီခရီးက ဘယ်ကိုဦးတည်နေပါသလဲလို့ တစ်ဦးတစ်ယောက်က မေးလာမယ်ဆိုရင် မြန်မာ့ဒီမိုကရေစီခရီးဟာ ဗဟိုချုပ်ကိုင်မှုအားကောင်းတဲ့ စနစ်တစ်ခုစီကိုဦးတည်နေပါတယ်လို့ ဖြေဆိုရမှာဘဲဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုရင် မြန်မာ့ငြိမ်းချမ်းရေးမိုးတိမ်က ပြိုလဲမပြို ပွင့်လဲမပွင့် အခြေအနေမှာ ရှိနေဆဲဖြစ်သလို အတ္တဆန်တဲ့ အုပ်ချုပ်ရေးစနစ် ဆက်လက်ရှင်သန်ဖို့ လုပ်ဆောင်နေတာကို တွေ့မြင်နေရလို့ဘဲဖြစ်ပါတယ်။

မြန်မာ့သမိုင်းမှာ ခွပ်ဒေါင်းငှက်ဟာ လူတစ်စုရဲ့ အမှတ်လက္ခဏာ ဖြစ်ပါတယ်။ လူမျိုးစုအားလုံးအတွက် အမှတ်လက္ခဏာ မဟုတ်ပါဘူး။ လူတစ်စုကိုသာ ကိုယ်စားပြုတဲ့ အမှတ်လက္ခဏာဖြစ်ပါတယ်။

ခွပ်ဒေါင်း နှင့် ကြယ်တစ်လုံးပါတဲ့ အလံဟာ မြန်မာနိုင်ငံကို လူတစ်စုကသာ အုပ်ချုပ်ဖို့ဆိုတဲ့ အနက်အဓိပ္ပါယ်ကိုဖော်ဆောင်တာဖြစ်ပါတယ်။ " အိမ်ထောင်ပြု ဘုရားသည် ဆေးမင်ရည် စုတ်ထိုး ၊ ဤသုံးခု အချက် မပိုင်ရင် နောက်နောင်ပြန်ပြီး ပြင်ဆင်ဖို့ခက်ခဲသည့် အမျိုး " ဆိုတဲ့ မြန်မာဆိုရိုးစကား ရှိခဲ့ဖူးပါသည်။

မြန်မာတစ်နိုင်ငံလုံးကို လူတစ်စုကသာ မနိုင်မနင်းဘဲ အုပ်ချုပ်မယ်ဆိုရင် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကို လုပ်ဆောင်နိုင်မှာမဟုတ်ပါဘူး။ ဗဟိုချုပ်ကိုင်မှုစနစ်ဟာ တိုင်းပြည်ကို တစ်စုတစ်ဖွဲ့တည်းကသာ အုပ်ချုပ်လိုတဲ့သမူအတွက် လက်နက်ကောင်းတစ်ခုဖြစ်ပါတယ်။

ဗဟိုချုပ်ကိုင်မှုစနစ်အောက်မှာ တစ်ဖွဲ့တည်းကသာ တိုင်းပြည်ကို အုပ်ချုပ်နေသမျှ ကာလပတ်လုံး မြန်မာနိုင်ငံဟာ ဒဏ်ရာများနှင့် ရေးဆွဲထားတဲ့ ဘဝတစ်ခုကိုဖြတ်သန်းနေရတဲ့ နိုင်ငံတစ်နိုင်ငံအဖြစ်နဲ့သာ ဆက်လက်တည်ရှိနေမှာ မလွဲပါဘူး။ နိုင်ငံပြန်လည်တည်ဆောက်ရေးလုပ်ဆောင်တယ်ဆိုတာ အဆောက်အဦး တစ်ခုတည်ဆောက်တာသာဖြစ်ပါတယ်။

အဆောက်အဦးတည်ဆောက်တဲ့အခါ အုတ်မြစ်ချရမယ့်မြေကို အ ဘက်ဘက်မှာ ညီညွတ်အောင်လုပ် ပေးရသလို နိုင်ငံအတွင်းမှာ နေထိုင်ကြတဲ့ လူမျိုးအသီးသီးကို ဆူကြံနိမ့်မြင့် သဘောမထားဘဲ ကျောကသားလဲသား၊ ရင်ကသားလဲသား သဘောထားပြီး အညီအညွတ်ဖြစ်အောင် နိုင်ငံကိုတည်ဆောက်ဖို့ အရေးကြီးပါတယ်။ လူနည်းစုအပေါ် ညှာတာထောက်ထားပြီး သဘော ထားကြီးမယ်ဆိုရင် နိုင်ငံတည်တံ့ခိုင်မြဲပြီးကြာရှည်ခံမှာ ဖြစ်ပါတယ်။

မြေပျော့တွေ၊ တွင်းတွေ၊ ချိုင့်တွေကို အခြားဘက်ကမြေတွေနဲ့ ညီညွတ်အောင်ဂရုမစိုက်ဘဲ သာမန်ကာလျှံကာ တည်ဆောက်ခဲ့မယ်ဆိုရင် အဲ့ဒီမြေပျော့တွေ၊ တွင်းတွေ၊ ချိုင့်တွေဘက်ကစပြီး ပြိုပျက်ရသလို နိုင်ငံဟာလည်း လူနည်းစုကစပြီး ပြိုလဲသွားမှာ ဖြစ်ပါတယ်။

တိုင်းရင်းသားလူမျိုးစုများဟာ သူတို့ရှိသေလေးစားရတဲ့ ဘာသာရေးခေါင်း ဆောင်တွေ၊ ရိုးရာဓလေ့ အကြီးအကဲတွေ၊ လူမျိုးစု တစ်စုစီတိုင်းဒေသတစ်ခုစီတိုင်းမှာ ရှိပြီးသားဖြစ်ပါတယ်။ ဗုဒ္ဓဘာသာဝင်အများစု နေထိုင်တဲ့ ရခိုင်ပြည်နယ်မှာဆိုရင် ကျောင်းထိုင်ဆရာတော်များ ရဟန်းသံဃာတော်များအား ရခိုင်ပြည်သူတွေ ရှိသေလေးစားရတဲ့ ဘာသာရေးအကြီးအကဲဖြစ်ပါတယ်။ ထိုနည်းတူ ခရစ်ယာန်ဘာသာဝင်အများ စု နေထိုင်ကြတဲ့ ချင်းပြည်နယ်မှာ သင်းအုပ်ဆရာတော်များ၊ ဘာသာရေးခေါင်းဆောင်များဟာ ချင်းပြည်နယ်ပြည်သူပြည်သားများ ရှိသေလေးစားရတဲ့ ခေါင်းဆောင်များဖြစ်ကြတယ်။ ခရစ်ယာန်ဘာသာဝင်နှင့် ရိုးရာဓလေ့ကိုယုံကြည်ကြတဲ့ ကချင်ပြည်နယ်မှာ သင်းအုပ်ဆရာများ ၊ ရဟန်းဘုန်းတော်ကြီးများနှင့် အရပ်လူမှုအဖွဲ့အစည်းခေါင်းဆောင်များဟာ ကချင်ပြည် သူပြည်သားများ ယုံကြည်အားထားရတဲ့ ခေါင်းဆောင်များဖြစ်ကြပါတယ်။

တိုင်းရင်းသားလူမျိုးစု အသီးသီးက ယုံကြည်အားထားရတဲ့ ခေါင်းဆောင်တွေကို နိုင်ငံတော်အုပ်ချုပ်ရေး အခန်းကဏ္ဍမှာ တာဝန်ခွဲပေးလိုက်မယ်ဆိုရင် မြန်မာနိုင်ငံရဲ့ အချုပ်အခြာအာဏာကို ဘယ်အဖွဲ့အစည်းမှ လာရောက်ထိပါး နှောက်ယှက်နိုင်မှာ မဟုတ်ဘူး။

တိုင်းရင်းသားလူမျိုးစုတစ်ခုစီတိုင်း ယုံကြည်အားထားရတဲ့ ခေါင်းဆောင်ရှိပါလျက်နဲ့ မြန်မာတစ်နိုင်ငံလုံးကို တစ်ဖွဲ့တည်းကသာ အုပ်ချုပ်တာဟာ အတ္တကို အရင်းခံတဲ့ အုပ်ချုပ်ရေးစနစ်သာဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ ဗဟိုချုပ်ကိုင်မှုစနစ်ဟာ ၁၉၆၂ ခုနှစ်မှာ စတင်ခဲ့တဲ့ အုပ်ချုပ်ရေးစနစ်ဖြစ်ပါတယ်။

လက်ရှိမြန်မာနိုင်ငံမှာဖြစ်ပေါ်နေတဲ့ အခြေအနေအားလုံးဟာ ဗဟိုချုပ်ကိုင်မှုစနစ်ရဲ့ တန်ပြန်တက်ရောက်မှုသာ ဖြစ်ပါတယ်။ အုပ်ချုပ်ရေးစနစ်ကို မပြုပြင်နိုင်သရွေ့ စစ်မှန်တဲ့ပြောင်းလဲမှုကို ဘယ်တော့မှ လုပ်ဆောင်နိုင်မှာ မဟုတ်ပါဘူး။ တရားမျှတပြီး ကောင်းမွန်တဲ့ အုပ်ချုပ်ရေးစနစ်တစ်ခု ပေါ်ပေါက်လာနိုင်ဖို့ အတ္တနှင့်ရင်းသည့်သမိုင်းများ ပြောင်းလဲချိန်တန်ပြီဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ပါတယ်။

**"မြန်မာ့သမိုင်းမှာ ခွပ်ဒေါင်းငှက်ဟာ လူတစ်စုရဲ့ အမှတ်လက္ခဏာ ဖြစ်ပါတယ်။**

**လူမျိုးစုအားလုံးအတွက် အမှတ်လက္ခဏာ မဟုတ်ပါဘူး။**

**လူတစ်စုကိုသာ ကိုယ်စားပြုတဲ့အမှတ်လက္ခဏာ ဖြစ်ပါတယ်။**

**ခွပ်ဒေါင်းနှင့် ကြယ်တစ်လုံးပါတဲ့ အလံဟာ မြန်မာနိုင်ငံကို လူတစ်စုကသာ**

**အုပ်ချုပ်ဖို့ဆိုတဲ့ အနက်အဓိပ္ပါယ်ကို ဖော်ဆောင်တာ ဖြစ်ပါတယ်။"**


# ကြံများ ရနိုင်ပြီ

- ကြံဆိုင် ဖွင့်ချင်လား
- ဆင်စာ ကျွေးချင်လား
- အချောင်းအရေအတွက် လိုက်ဝယ်ချင်လား
- အပြတ်လိုက် ဝယ်ချင်လား

**ကြံများ ရောင်းချပေးနေပါသည်။**

ဆက်သွယ်ရန် ....
– ၀၉ ၇၇၆ ၅၂၉ ၉၈၃



*ကန္တာရဝတီတိုင်း(မ်) ဂျာနယ်တွင် လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများနှင့် ပရဟိတလုပ်ငန်းဆိုင်ရာ သတင်းအချက်အလက်များကို **အခမဲ့** ကြော်ငြာနိုင်ပါသည်၊*

**ဆက်သွယ်ရန် လိပ်စာ**
**ဖုန်း – ၀၉၂၆၂၁၇၂၉၃၅၊ ၀၉၇၈၉၇၉၂၆၈၉**



သတင်းအချက်အလက်များ ရရှိမှုနည်းပါးသည့် ဟိုယာမြို့နယ်၊ ယိုယာအုပ်စု၊ ရာပေရားအုပ်စုနှင့် ဒေါလာစောအုပ်စုအတွင်းရှိ ကျေးရွာများအတွက် KNPP အမှတ်(၃) ခရိုင်အုပ်ချုပ်ရေးမှူး၊ KNPP ပြည်ထဲရေး ဒု – ဝန်ကြီး ခူးလော်ရယ်မှ တစ်လ တစ်ကြိမ်ထုတ် Kantarawaddy Times ဂျာနယ်ကို တစ်လလျှင် စောင်ရေ (၅၀) တစ်နှစ်စာ လှူဒါန်းသည်။

# ပြည်ခိုင်ဖြိုးဆိပ်ကမ်းမြို့နယ် ကိုယ်စားလှယ်အား ကန့်ကွက်မှု NLD အနိုင်ရ

**မဇ္ဈိမ**




အနိုင်ရပြည်ခိုင်ဖြိုးပါတီ ဆိပ်ကမ်းမြို့နယ်မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးနေမျိုးအောင်အား ရွေးကောက်ပွဲတရားမဲ့ပြုကျင့်မှုဖြင့် တိုင်တန်းထားချက်ကို ကြားနာစစ်ဆေးမှုအပြီးတွင် NLD ဘက်သို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် (UEC) မှအနိုင်ပေးခဲ့ကြောင်း သိရသည်။

UEC ဘက်မှ ကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်က ဥက္ကဋ္ဌအဖြစ်တာဝန်ယူပြီး ဦးလှတင့်၊ ဦးသန်းဒွေးတို့မှ အဖွဲ့ဝင်အဖြစ်ပါဝင်ကာ ဧပြီလ ၃၀ ရက်နေ့တွင် အမိန့်ချမှတ်ခဲ့ခြင်းလည်းဖြစ်သည်။

ထိုကိစ္စအတွက် အဆိုပါပုဂ္ဂိုလ်အချို့ထံသို့ ဆက်သွယ်သော်လည်း အစည်းအဝေးရှိနေသည်ဟု ဆိုသောကြောင့် မေးမြန်းခွင့်မရရှိခဲ့ပေ။

“ ကန့်ကွက်တဲ့ဘက်ကို အနိုင်ပေးလိုက်တာပါ။ ကန့်ကွက်ခံရတဲ့ဘက်ကလည်း သူတို့အယူခံတက်မယ်လို့ သိရပါတယ်။ အဲ့တော့ အယူခံမှာ အောင်မြင်တော့မှဘဲ ကျွန်တော်တို့ ဒီအမှုကပြီးဆုံးမှာပါ” ဟု အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ(NLD) ဗဟိုအလုပ် အမှုဆောင်အဖွဲ့ဝင် ပြောခွင့်ရပုဂ္ဂိုလ် ဒေါက်တာမျိုးညွန့်က မဇ္ဈိမ သို့ အတည်ပြုပြောသည်။

ဒုတိယအကြိမ်မြောက်ကျင်းပခဲ့သည့် ကြားဖြတ်ရွေးကောက်ပွဲမတိုင်ကာလက ဦးနေမျိုးအောင်သည် ဆိပ်ကမ်းမဲဆန္ဒနယ်မြေအတွင်း ငွေချေးငှားမှုလုပ်ငန်းများတွင် ပါဝင်ပတ်သက်ခဲ့သည် ဆိုသည့် စွပ်စွဲ ချက်နှင့်ပတ်သက်၍ NLD ဘက်မှကိုယ်စားလှယ် ဦးသန်းထိုက်အောင်က ကန့်ကွက်လွှာ တင်သွင်းခဲ့ ခြင်းလည်း ဖြစ်သည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP) ဘက်မှနေ၍ မိမိတို့သည် ပြည်သူလူထု၏လိုအပ်အရ မြို့နယ်များတွင် ထိုသို့ချိတ်ဆက်ပေးခြင်းမျိုး ပြုလုပ်ခဲ့ပေးဖူးကာ ဆိပ်ကမ်းမြို့နယ် တစ်ခုထဲတွင်ပြုလုပ်ခြင်းမဟုတ်ဟုလည်း ပြောဆိုထားသည်။

“ UEC ကဒီလိုဘက်လိုက်ဆုံးဖြတ်မယ်ဆိုတာ ကျွန်တော်တို့ နဂိုကတည်းကကြိုတွက်ပြီးသားပါ။ အဲ့အတွက် သီးသန့်တော့ ပြောစရာ မရှိပါဘူး” ဟု USDP ဘက်မှပြောခွင့်ရပုဂ္ဂိုလ် ဒေါက်တာ နန္ဒာလှမြင့်က ဆိုသည်။

အဆိုပါ ဆုံးဖြတ်ချက်နှင့်ပတ်သက်၍ UEC နှင့်ဆွေးနွေးသွားရန်လည်း အလိုရှိနေပြီး ပြည်သူများ ရှင်းရှင်းလင်းလင်းသိရှိစေရန် သတင်းစာရှင်းလင်းပွဲပြုလုပ်သွားရန်လည်း ရှိကြောင်း ၎င်းကဆိုသည်။

အလားတူ ဦးနေမျိုးအောင်သည် ငွေချေးငှားမှုလုပ်ငန်းများတွင် ပါဝင်ပတ်သက်ခဲ့သည်ဆိုသည့် စွပ်စွဲချက်ဖြင့်ပင် အနိုင်ရရန် ပစ္စည်းပေးခြင်း၊ ငွေကြေးလက်ဆောင် လာဘ်လာဘနှင့် ရွေးကောက်ပွဲအောင်နိုင်ရန် တရားမဲ့ပြုကျင့်ရာရောက်သည်ဟုဆိုကာ ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၅၈ (က)အရလည်း ဆိပ်ကမ်းမြို့နယ်ရဲစခန်းတွင် အမှုဖွင့်ခံခဲ့ရသည်။

၂၀၁၀ ရွေးကောက်ပွဲအနိုင်ရ အမတ်ဟောင်း ဦးနေမျိုးအောင်သည် ၂၀၁၅ ရွေးကောက်ပွဲတွင် အရေးနိမ့်ခဲ့ သော်လည်း ရွေးကောက်ပွဲ အပြီးနောက် သုံးနှစ်အကြာ ၂၀၁၈တွင် လွှတ်တော်ထဲသို့ နောက်တစ်ကြိမ် ပြန်ရောက်ခဲ့ခြင်း ဖြစ်သည်။

၂၀၁၄ သန်းခေါင်စာရင်းအရ လူဦးရေ သုံးထောင်အောက်ရှိပြီး ရဲတပ်ဖွဲ့ဝင်များနှင့် ဆိပ်ကမ်းလုပ်ငန်း ဝန်ထမ်း မိသားစုများ အများစု နေထိုင်သည့် မြို့နယ် ဖြစ်သည်။ ဦးနေမျိုးအောင်သည် ၂၀၁၈ ကြားဖြတ်ရွေးကောက်ပွဲတွင် ဆိပ်ကမ်းမြို့နယ်၏ မဲဆန္ဒနယ် (၂) ၌ ခိုင်လုံမဲ ၅၁၅ မဲ ရရှိခဲ့ပြီး ပြိုင်ဘက် NLD အမတ်လောင်းကို မဲ ၁၅၀ အသာဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

# ဘင်္ဂလာဒေ့ရှ်ရွာတော်ခရိုင်မှ လူ ၁၀ ဦး အိန္ဒိယနယ်စပ်အနီးရှိ တမူးမြို့နယ်တွင် အဖမ်းခံရ

**နိရဥရာ**

ဘင်္ဂလာဒေ့ရှ်နိုင်ငံ၊ စစ်တကောင်းတောင်တန်းနယ်၊ ဘင်ဒရိုဘင်ခရိုင်(ရွာတော်ခရိုင်)မှ မြန်မာနိုင်ငံ အတွင်းသို့ မှတ်ပုံတင် အတုများဖြင့် ဝင်လာ သူ ၁၀ ဦးကို ဖမ်းဆီးရမိကြောင်း ရဲဇာနည် တွင် သတင်းဖော်ပြသည်။

၎င်းတို့ကို မေလ ၂၈ ရက် ညနေ ၅ နာရီအချိန်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့နယ်၊ မန်မော်ကျေးရွာ စာသင်ကျောင်းရှေ့ တမူး–ကလေး ကားလမ်းပေါ်၌ ဖမ်းမိခဲ့သည်ဟု ဆိုသည်။

သတင်းအရ တမူးမှ ကလေးမြို့သို့ ချစ်ကိုကို (စိစစ်ဆဲ) မောင်းနှင လာသည့် 4Q/×××× N Power ခရီးသည်တင်ယာဉ်အား ရပ်တန့်စစ်ဆေးရာ တမူးမြို့၊ စော်ဘွား (၅/က)ရပ်ကွက်နေ မကေသီနွယ် (၃၅)နှစ်နှင့် မောင်တောမြို့နယ်၊ ကင်းချောင်းကျေးရွာနေ ဦးဘထွန်း (၄၂)နှစ်ပါ (၁၀)ဦး (ကျား၉၊ မ ၁)တို့အား မသင်္ကာဖွယ်တွေ့ရှိ၍ တမူးမြို့မရဲစခန်းသို့ ခေါ်ဆောင် စစ်ဆေးခဲ့ရာ ဦးဘထွန်းပါ ၁၀ ဦးတို့မှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသားများ ဖြစ်ကြောင်း တွေ့ရှိခဲ့ရသည်ဟု ဆိုသည်။

၎င်းတို့သည် မေလ ၂၁ ရက် နေ့တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဘင်ဒရိုဘင် (ရွာတော်ခရိုင်)၊ ဘာဂမာရာကျေးရွာမှ အိန္ဒိယနိုင်ငံသို့ ဝင်ရောက်ခဲ့ပြီး မိုးရေးမြို့မှတစ်ဆင့် မြန်မာနိုင်ငံ၊ တမူးမြို့သို့ ၃ ဘီးဆိုင်ကယ်ဖြင့် ဝင်ရောက်လာခဲ့ကြောင်း၊ ၎င်းတို့ မြန်မာနိုင်ငံသား စိစစ်ရေးကတ်ပြားများကို အတုပြုလုပ်၍ ကိုင်ဆောင်ဝင်ရောက်လာသည်ဟု စိစစ်တွေ့ရှိရကြောင်း သတင်းတွင် ဖော်ပြသည်။

၎င်းတို့အား ကလေးခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနမှ ဝန်ထမ်းများ၊ နယ်မြေခံတပ်မတော်သားများပါဝင်သည့် ပူးပေါင်းအဖွဲ့မှ ဖမ်းမိခဲ့ခြင်းဖြစ်ပြီး တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဟု ဆိုသည်။ တမူးမြို့၊ စော်ဘွား (၅/က) ရပ်ကွက်နေ မကေသီနွယ် (၃၅)နှစ်ကိုလည်း ၎င်းတို့ ၁၀ ဦးနှင့် အတူ ဖမ်းဆီးထားသည်ဟု သိရသည်။






# အိန္ဒိယတွင်UNကဒ်အသစ်ထုတ်ပြီးသူ ချင်းဒုက္ခသည် ၂၈၀၀ ကျော်ရှိပြီ

**ခိုနူမ်းထုန်**

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့သို့ ရောက်ရှိနေကြသည့် ချင်းဒုက္ခသည်များကို ကမ္ဘာ့ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) က UN အသိမှတ်ပြုကဒ်များ ပြန်လည်ထုတ်ပေးလျက်ရှိရာ ယခုအခါ ချင်းဒုက္ခသည်(၂၈၀၀)ကျော်ကို ကဒ်ထုတ်ပေးပြီဟု သိရသည်။


နယူးဒေလီအခြေစိုက် Chin Human Right Organization (CHRO) ရုံးတာဝန်ခံ Salai Cung Dawt u “UN ကဒ်အသစ်ကို ချင်းလူမျိုးဒုက္ခသည် ၂၈၀၀ ကျော်က ထုတ်ပြီးပြီ၊ အခု ထုတ်ပေးသွားတဲ့ ၂၈၀၀ ကျော်ဟာ အရင်တုန်းက UN ကဒ် ရပြီးသားသူတွေ၊ notification အင်တာဗျူး ဖြေဆိုတဲ့သူတွေ ဖြစ်တယ်။” ဟု ပြောသည်။

အိန္ဒိယရောက် ချင်းဒုက္ခသည်များအနေဖြင့် အကြောင်းအမျိုးမျိုးကြောင့် UN ကဒ်ကို အချိန်မှီ renew မလုပ်ထားသူများနှင့် UN ကဒ်အသစ်လျှောက်ထားလိုသူများအတွက် ၎င်းတို့၏ case (အမှု) အခြေအနေများကို သေချာစစ်ဆေး ပြီးတော့မှသာ ထုတ်ပေးသင့် မသင့် UN ဘက်က ဆုံးဖြတ်သွားမှာဖြစ်သည်ဟု Salai Cung Dawt က ယခုလို ဆက်ပြောသည်။

“UN ကဒ် အသစ်လျှောက်ထားတဲ့သူတွေ အနေနဲ့ ပေါ်လစီရေးဆွဲနေတုန်းဖြစ်တော့ ပေါ်လစီချမှတ်ထားတာမရှိသေးဘူး။ ဒါကြောင့် ချင်းလူမျိုးများကို ဆက်လက်ကြည့်ရှုမည်ဆိုတာနှင့် ချင်းလူမျိုးအားလုံးကို UN ကဒ် ထုတ်ပေးသွားမှာ မဟုတ်ဘူး။ တကယ်လို့ UN ကဒ် အသစ်လျှောက်ရင် သူတို့၏ case အခြေအနေကို သေချာလေ့လာပြီးမှဘဲ ပေးသင့်မပေးသင့် ဆုံးဖြတ်သွားမှာဖြစ်တယ်” ဟု သူက ဆက်ပြောသည်။

ယခုထုတ်ပေးသည့် UN ကဒ်အသစ်၏ သက်တမ်းမှာ ၂၀၂၁ ခုနှစ် ဧပြီလအထိဖြစ်ပြီး ယခု UN ကဒ် ရှိခြင်းအားဖြင့် လက်ရှိ မိမိနေထိုင်သည့် နိုင်ငံတွင် နေထိုင်ခွင့်ရသည့် သဘောသာဖြစ်ပြီး ယင်းကဒ်ရှိခြင်းအားဖြင့် ထူးထူးခြားခြား အခွင့်အရေး ပိုရရှိသွားတာမျိုးမရှိကြောင်း သိရသည်။

ယခုလက်ရှိအခြေအနေတွင် အိန္ဒိယနိုင်ငံ နယူးဒေလီရှိ UN ကဒ် ထုတ်ခွင့်ရှိသူ လူဦးရေ (၃၀၀၀) ခန့်လောက်ရှိမည်ဟု သိရပြီး ယခုတွင် အကုန်လုံးနီးပါး ထုတ်ပြီးနေပြီဖြစ်ကြောင်း သိရသည်။




# ယခုနှစ် ဧဝရက်တောင်တက်သူ သေဆုံးမှု စံချိန်တင်

ဘုအီ

ကမ္ဘာ့အမြင့်ဆုံးတောင်ဖြစ်သည့် နီပေါနိုင်ငံရှိ ဧဝရက်တောင်ထိပ်သို့ တက်ရောက်သူများထဲမှာ နှစ်စဉ် သေဆုံးမှုများ ဖြစ်ပွားလေ့ရှိသော်လည်း တက်ရောက်သူ အလွန် များပြားခြင်းကြောင့် ယခုနှစ်၂၀၁၉ ခုနှစ်တွင် သေဆုံးမှု နှုန်းသည် စံချိန်တင်ခဲ့ကြောင်း သိရသည်။

ဧဝရက်တောင်တက်ရင်း မတော်တဆမှုကြောင်း တစ်နှစ် ပျမ်းမျှသေဆုံးသူ ဖ ဦးသာဖြစ်သော်လည်း ယခုနှစ် ၂၀၁၉ တွင် ၁၁ ဦး သေဆုံးခဲ့ပြီ ဖြစ်သောကြောင့် မတော်တဆမှုကြောင့် သေဆုံးမှုနှုန်းထားသည် စံချိန်တင်ခဲ့ခြင်း ဖြစ်သည်။

ယခုနှစ်တွင် တောင်တက်ခွင့်ကို ၃၈၁ ခုအထိ နီပေါနိုင်ငံ အစိုးရက စံချိန်တင် ခွင့်ပြုချက်ခဲ့တာကြောင့် ဧဝရက်တောင်တက်သူများသည် တောင်တက်လမ်းတွင် လမ်းပိတ်ဆို့မှုများ ဖြစ်ခြင်းနှင့် ရာသီဥတုဆိုးရွားမှုများဖြစ်ပေါ်ကာ တောင်ထိပ်သို့ ရောက်ရှိရန် တွန်းတိုး တက်နေရသည့် အခြေအနေကြောင့် ယခုကဲ့သို့ သေဆုံးမှုနှုန်း အဆမတန် မြင့်တက်သွားခြင်း ဖြစ်သည်။

နီပေါနိုင်ငံ အစိုးရက ယခုကဲ့သို့ သေဆုံးမှုနှုန်း အဆမတန် မြင့်တက်နေမှုကို ထိန်းချုပ်နိုင်နှင့်တောင်တက်သမားများ ဘေးကင်းရန် တောင်တက်လမ်းတစ်လျှောက် ဆက်သွယ်ရေးအရာရှိများ တိုးချဲ့ချထားမည်ဖြစ်ကြောင်း ပြောကြားထားသည်။

REF: The Print




# Huawei ကို Google ဝန်ဆောင်မှုများ အသုံးပြုခွင့် ပိတ်ပင် ကန့်သတ်မှုများ ပြုလုပ်

ဘုအီ

အမေရိကန် နည်းပညာကုမ္ပဏီတစ်ခု ဖြစ်သည့် Google သည် Huawei ကို အသုံးပြုခွင့်ပေးထားသော Android operating system နှင့် သက်ဆိုင်သည့် update များကို အသုံးပြုခွင့် ဖြတ်တောက်လိုက်ပြီ ဖြစ်ကြောင်း သိရသည်။

ယင်း ဖြတ်တောက်မှုကြောင့် တရုတ်အင်းအားကြီးကုမ္ပဏီဖြစ်သည့် Huawei အတွက် ကြီးကြီးမားမား ထိခိုက်မှုများ ရှိလာပြီး နောက်ရှိလာမည့် Huawei စမတ်ဖုန်းများတွင် လူသုံးများပြီး နာမည်ကြီး Google apps များ ထည့်သွင်း အသုံးပြုခွင့် ရရှိတော့မည် မဟုတ်ကြောင်း သိရသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် အစိုးရက Huawei ကို တရားဝင် လိုင်စင်မရှိဘဲ အမေရိကန် ကုမ္ပဏီများနှင့် ကုန်ပစ္စည်းများ ရောင်းဝယ်ခွင့်မရှိသည့် ကုမ္ပဏီများစာရင်းတွင် ထည့်သွင်းရန် ဆုံးဖြတ်လိုက်ခဲ့ပြီးနောက် ယခုလို ဂယက်ရိုက်ခတ်မှုများ ဖြစ်ပေါ်လာခြင်း ဖြစ်သည်။

ယခု ပိတ်ပင်မှုသည် ကနေဒါနိုင်ငံတွင် ဖမ်းဆီးခံထားရသည့် Huawei ဘဏ္ဍာရေးအရာရှိချုပ်ကကနေဒါအာဏာပိုင်တွေကို တရားပြန်စွဲခဲ့ခြင်းနှင့် အမေရိကန် အစိုးရဖက်က Huawei ကုမ္ပဏီကို နည်းပညာခိုးယူမှု၊ စီးပွားရေးဆိုင်ရာ ပိတ်ဆို့မှုများကို ချိုးဖောက်မှုများနှင့် ကတေနင ကုမ္ပဏီကို စွဲချက်တင်ခဲ့မှုများ၏ နောက်ဆက်တွဲ ဂယက်ရိုက်ခတ်မှုလည်း ဖြစ်သည်။

Android operating system ကို လွတ်လပ်စွာ အသုံးပြုနိုင်သည့် ပုံစံတစ်မျိုးဖြင့် Huawei ထုတ်ကုန်သစ်များတွင် အသုံးပြုခွင့်ရရှိမည် ဖြစ်သော်လည်း YouTube/ Google Maps/ Play Store စသည့် apps များ ပါဝင်လာတော့မည် မဟုတ်ပေ။

အမေရိကန်နှင့် တရုတ်နိုင်ငံတို့အကြား ကုန်သွယ်ရေးစစ်ပွဲ၏ အစိတ်အပိုင်းဖြစ်သည့် Huawei အပေါ် ယခုကဲ့သို့ ပိတ်ပင် ဖြတ်တောက်မှုကြောင့် စမတ်ဖုန်းအသုံးပြုသူ ဘီလီယံနှင့်ချီ ထိခိုက်မှု ရှိနိုင်ကြောင်း ပညာရှင်များက သုံးသပ်နေကြသည်။

REF: BBC

# ဆေးလိပ်ကြောင့် နှစ်စဉ် လူပေါင်း ၈ သန်းသေဆုံးနေရကြောင်း WHO ထုတ်ပြန်

ဘုအီ

ကမ္ဘာတွင် ဆေးလိပ်ကြောင့် သေဆုံးသူဦးရေစာရင်းတွင် တစ်နှစ် လူပေါင်း ၈ သန်း သေဆုံးနေရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဖြစ်သည့် WHO က မေလ ၂၉ ရက်နေ့က ထုတ်ပြန်လိုက်သည်။

ဆေးလိပ်ကြောင့် သေဆုံးသူများထဲတွင် ၇ သန်းသည် တိုက်ရိုက်ဆေးလိပ်သောက်သုံးခြင်းကြောင့် အဆုတ်ရောဂါဖြင့် သေဆုံးကြတာဖြစ်ပြီး ကျန် သေဆုံးသူ လူတစ်သန်းကျော်မှာ ဆေးလိပ်သောက်သုံးခြင်းမရှိဘဲ ဆေးလိပ်ငွေ့ ရှူရိုက်မိခြင်းကြောင့် သေဆုံးကြရသူများ ဖြစ်သည်ဟု WHO က ထုတ်ပြန်ထားသည်။

ယင်း ထုတ်ပြန်ချက်သည် မေလ ၃၁ ရက်နေ့တွင် ကျရောက်မည့် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ မတိုင်မီ WHO မှ သတိပေးချက်အနေဖြင့် ထုတ်ပြန်ခဲ့ခြင်း ဖြစ်သည်။

သေဆုံးသူ ၈ သန်းအနက် ဆေးလိပ်ငွေ့ ရှူရိုက်မိပြီး ရောဂါပိုး ဝင်ရောက်ခံရခြင်းကြောင့် အသက် ၅ နှစ်အောက် ကလေးငယ် သေဆုံးသူခြောက်သောင်းပါဝင်ကြောင်း သိရသည်။

ကမ္ဘာတဝန်း ဆေးလိပ်ဆန့်ကျင်ရေး လှုံ့ဆော်လှုပ်ရှားမှုများ ပြုလုပ်လျက်ရှိသော်လည်း ထိရောက်မှု အတိုင်းအတာကို တိုင်းတာရာတွင် ဝင်ငွေကောင်းသည့် နိုင်ငံများတွင်သာ ထိရောက်မှု ပိုအားကောင်းပြီး ဝင်ငွေနည်းသည့် နိုင်ငံများတွင် ထိရောက်မှု အားနည်းနေကြောင်း သိရသည်။

လက်ရှိ ကမ္ဘာပေါ်တွင် ဆေးလိပ်သောက်သုံးသူ ၁ ဘီလျံကျော် ရှိကြောင်း သိရသည်။

REF: WHO




# နိုင်ငံမဲ့ ရှမ်းတိုင်းရင်းသူ အမေရိကန်တွင် သိပ္ပံတီထွင်မှု ထူးချွန်ဆုရရှိ

ဘုအီ


ထိုင်းမြောက်ပိုင်း၊ ချင်းရိုင်းခရိုင်တွင် နေထိုင်သည့် နိုင်ငံမဲ့ ရှမ်းတိုင်းရင်းသူ ကျောင်းသူလေးနမ့်ဖိန့်ပန်းယားသည် အမေရိကန်နိုင်ငံ အရီဇိုးနားပြည်နယ် ဖိနစ်စ်မြို့တွင် ကျင်းပ ပြုလုပ်ခဲ့သည့် နိုင်ငံတကာ လူငယ်သိပ္ပံတီထွင်မှု ပြိုင်ပွဲတွင် ထူးချွန်ဆုရရှိခဲ့ကြောင်း သိရသည်။

မေလ ၁၂ ရက်မှ ၁၇ ရက်အထိ ၅ ရက်ကြာ ကျင်းပခဲ့သည့် Project Competition – Intel ISEF ၂၀၁၉ နိုင်ငံတကာ လူငယ်သိပ္ပံတီထွင်မှု ပြိုင်ပွဲတွင် စပါးမျိုးစေ့များ မိုးရေအချိန်မီမရခင် သေသွားနိုင်သည့် အခြေအနေမှ ကာကွယ်နိုင်ရန် ဒေသထွက် သစ်ပင်ကရတဲ့ အစေးနှင့် မျိုးစပါးစိုထိုင်းမှုကို ထိန်းသိမ်းနိုင်သည့် ပစ္စည်းတခုကို တီထွင်ယှဉ်ပြိုင်ခဲ့ပြီး နမ့်ဖိန့်ပန်းယား ပါဝင်သည့်အဖွဲ့က အနိုင်ရကာ ထူးချွန်ဆု ဆွတ်ခူးခဲ့ခြင်း ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် နမ့်ဖိန့်ပန်းယားတို့ အဖွဲ့က သူတို့၏ တီထွင်မှုအတွက် အထူးဆု ဒုတိယဆုအတွက် ဆုတံဆိပ်အပြင် USAID အဖွဲ့က ချီးမြှင့်သည့် ပညာသင်ထောက်ပံ့ကြေး အမေရိကန်ဒေါ်လာ ၃၀၀၀ ကိုလည်း ရရှိခဲ့ကြောင်း သိရသည်။

နမ့်ဖိန့်ပန်းယားဟာ နိုင်ငံမဲ့ဖြစ်သည့်အတွက် အမေရိကန်သံရုံးက ပြည်ဝင်ခွင့်ဗီဇာပေးဖို့ ၂ ကြိမ်ငြင်းပယ်ခဲ့သော်လည်း ထိုင်းနိုင်ငံကိုယ်စားပြု သွားရောက် ယှဉ်ပြိုင်ခြင်းကြောင့် ထိုင်းပြည်ထဲရေးဌာနက ၂၀၁၇ ခုနှစ် ဒီဇင်ဘာလက ပြင်ဆင်ပြဋ္ဌာန်းထားသည့် နိုင်ငံသားပြုခွင့် ဥပဒေအရ ထိုင်းနိုင်ငံသားဖြစ်ခွင့်ပြုပြီး ထိုင်းနိုင်ငံသား ပတ်စ်ပို့ဖြင့် သွားရောက် ယှဉ်ပြိုင်ခွင့် ရရှိခဲ့သည်။

REF: The Nation






# ကျောင်းသားများကို ဦးတည်တိုက်ခိုက်သော ဂျပန် ဓားခုတ်မှုတွင် ကျောင်းသူ ၁ ဦး အပါအဝင် ၃ ဦးသေဆုံး

ဘုအိ

ဂျပန်နိုင်ငံ မြို့တော် တိုကျိုမြို့အနီးက ကာဝါဆာကီမြို့ရှိ ပုဂ္ဂလိက ကက်သလစ်ကျောင်းတကျောင်းဖြစ်သည့် ကာရီတက် မူလတန်းကျောင်းအနီးတွင် ဘတ်စ်ကား စောင့်ဆိုင်းနေသော ကျောင်းသားတစုကို ဦးတည်ပြီး မေလ ၂၈ ရက်နေ့ ဒေသစံတော်ချိန် နံနက် ၈ နာရီ၌ ဓားကိုင်ဆောင်ထား သူတဦးက ဝင်ရောက်တိုက်ခိုက်ခဲ့ရာ အသက် ၁၁ နှစ်ရှိ ကျောင်းသူ မိန်းကလေးငယ် တဦးနှင့် အသက် ၃၉ နှစ်ရှိအမျိုးသားတစ်ဦးတို့ ပွဲချင်းပြီး သေဆုံးခဲ့ကြောင်း သိရသည်။

ဓားကိုင်ဆောင် တိုက်ခိုက်သူအဖြစ် သံသယရှိသူတဦးသည် အခင်းဖြစ်ပွားရာနေရာတွင် ၄င်းလည်ပင်းကို ဓါးဖြင့်ထိုးကာ မိမိကိုယ်ကို အဆုံးစီရင်ခဲ့သော် ပွဲချင်းပြီး သေဆုံးခဲ့ခြင်းမရှိဘဲ ဆေးရုံအရောက်တွင် သေဆုံးသွားခဲ့ကြောင်း သိရသည်။

ယင်း ဓားဖြင့် တိုက်ခိုက်မှုကြောင့် အခင်းဖြစ်ပွားသည့်နေရာတွင် အနည်းဆုံး ၁၈ ဦး ထိခိုက်ဒဏ်ရာရခဲ့ပြီး စုစုပေါင်း ၃ ဦး သေဆုံးခဲ့သည်။

ယခုကဲ့သို့ အကြမ်းဖက်ရာဇဝတ်မှုမှာ ဂျပန်နိုင်ငံတွင် ဖြစ်တောင့်ဖြစ်ခဲ ရာဇဝတ်မှုဖြစ်ပြီး မည်သည့်ရည်ရွယ်ချက်ဖြင့် တိုက်ခိုက်မှန်း မသိရသော်လည်း တိုက်ခိုက်ခံရသူများအနက် ၁၆ ဦးမှာကျောင်းသူများ ဖြစ်ကြသည်။

REF: nypost.com



# နာမည်မဖော်ဘဲ ကလေးဆေးရုံများကို နှစ်ပေါင်းများစွာ ငွေကြေးလှုဒါန်းနေခဲ့သည့် မတ်ထရစ်မင်းသား ကီးနူးရီးဗ်စ်

ဘုအိ

မြန်မာနိုင်ငံက ပရိသတ်များနှင့် Matrix (မတ်ထရစ်)၊ John Wick စသည့် ကမ္ဘာကျော် ဇာတ်ကားများနှင့် ရင်းနှီးနေပြီးသားဖြစ်သည့် မင်းသားကီးနူးရီးဗ်စ်သည် နာမည်မဖော်ဘဲ ကလေးဆေးရုံများကို နှစ်ပေါင်းများစွာ ငွေကြေးလှုဒါန်းနေခဲ့ကြောင်း သိရသည်။

ဟောလိဝုဒ်မင်းသားကြီး ကီးနူးရီးဗ်စ် (Keanu Reeves)သည် ပရဟိတ ဖောင်ဒေးရှင်းတခုကို တည်ထောင်ထားပြီး ကင်ဆာသုတေသနနှင့် သက်ဆိုင်သော လုပ်ငန်းများအပြင် ကလေးဆေးရုံနှင့် ကလေးတွေအတွက်လည်း လှုဒါန်းလေ့ရှိကြောင်း သိရသည်။

"ကျွန်တော် ဒီပရဟိတဖောင်ဒေးရှင်းကို လုပ်နေတာ ငါးနှစ်ခြောက်နှစ်လောက်ရှိပါပြီ။ ကလေးဆေးရုံတွေနဲ့ ကင်ဆာသုတေသနအတွက် ကူညီပေးနေပါတယ်။ အဲဒီအတွက် ကျွန်တော့်နာမည်ကို တံဆိပ်မကပ်ချင်ပါဘူး။ ဖောင်ဒေးရှင်းအနေနဲ့ပဲ လုပ်ဆောင်သွားမှာပါ" လို့ ထုတ်ပြောခဲ့သည်။

အသက် ၅၄ နှစ်အရွယ် ဟောလိဝုဒ်မင်းသားကြီး ကီးနူးရီးဗ်စ် (Keanu Reeves)သည် နိုင်ငံတကာအနုပညာရှင်ထဲတွင် ပရဟိတစိတ်ဓာတ်ရှိပြီး အလှူအတန်း ရက်ရောကာ ဘဝကို ရိုးရိုးရှင်းရှင်း ဖြတ်သန်းတတ်သည့် နေထိုင်မှု ပုံစံကြောင့် နာမည်ကြီးသူ တစ်ဦးဖြစ်သည်။

လက်ရှိတွင် သူဦးဆောင်သရုပ်ဆောင်ထားသော John Wick 3 ရုပ်ရှင်ကို ရုံတင်ပြသနေပြီဖြစ်ပြီး ပွဲဦးထွက်တစ်ပတ်အတွင်းမှာပင် တစ်ပတ်စာဝင်ငွေအကောင်းဆုံး ဇာတ်လမ်းအဖြစ် ရပ်တည်နေကြောင်း သိရသည်။

၁၉၈၄ ခုနှစ်ကတည်းက အနုပညာလောကထဲ စတင်ရောက်ရှိခဲ့သည့် ဟောလိဝုဒ်မင်းသားကြီး ကီးနူးရီးဗ်စ် (Keanu Reeves)သည် Bill and Ted ဇာတ်လမ်းတွဲ၊ Point Break/ Speed/ John Wick ဇာတ်လမ်းတွဲ၊ Constantine နှင့် The Matri» စသည့် ကမ္ဘာကျော် ဇာတ်လမ်းတွေ အပါအဝင် ပါဝင်သရုပ်ဆောင်ခဲ့သူ ဖြစ်သည်။

# အရှေ့တောင်အာရှနိုင်ငံများမှ နိုင်ငံသားများထဲတွင် စင်ကာပူနိုင်ငံသားများ ဝင်ငွေအများဆုံး ရရှိ

ဘုအိ

ကမ္ဘာ့ဘဏ်မှ ထုတ်ပြန်သည့် အရှေ့တောင်အာရှနိုင်ငံများမှ နိုင်ငံသားများ၏ ဝင်ငွေ စာရင်းကို စုစည်း ထုတ်ပြန်ရာတွင် စင်ကာပူနိုင်ငံသားများသည့် ဝင်ငွေ အများဆုံး ရရှိနေကြောင်း သိရသည်။

၂၀၁၈ အတွင်း အရှေ့တောင်အာရှ နိုင်ငံများမှ နိုင်ငံသား တစ်ဦးချင်းစီ၏ ပျမ်းမျှဝင်ငွေနှုန်းထားစာရင်းတွင် စင်ကာပူနိုင်ငံသားများသည် တစ်နှစ်ပျမ်းမျှဝင်ငွေ ဒေါ်လာ ၇၅၂၄၂ (မြန်မာကျပ်ငွေ သိန်း ၁၁၅၀ ဝန်းကျင်) ရရှိနေကာ ဝင်ငွေ အများဆုံး နိုင်ငံသားများအဖြစ် ရပ်တည်နေသည်။

ဒုတိယနေရာတွင် ဘရူးနိုင်းနိုင်ငံက ဒေါ်လာ ၆၅၃၄၉ ဖြင့် ရပ်တည်နေပြီး ထိုင်းနိုင်ငံက ဒေါ်လာ ၈၈၈၄ ဖြင့် တတိယနေရာတွင် ရပ်တည်နေသည်။

စင်ကာပူနိုင်ငံသည် ၂၀၁၇ ခုနှစ်က နိုင်ငံသားများ ပျမ်းမျှ ဝင်ငွေ ဒေါ်လာ ၅၇၇၁၃ သာရှိသော်လည်း ၂၀၁၈ ခုနှစ်တွင် သိသိသာသာ တိုးတက်လာသည်ကို တွေ့ရသည်။

စင်ကာပူနိုင်ငံသည် ကမ္ဘာတွင် ၇ နိုင်ငံမြောက် ဝင်ငွေ အကောင်းဆုံးနိုင်ငံဖြစ်ပြီး အာရှတွင် တတိယမြောက် ဝင်ငွေ အကောင်းဆုံး ရရှိနေသည့် နိုင်ငံဖြစ်သည်။

REF: Statastic Times & Forbes



# အာရှတိုက်တွင် ပထမဆုံး လိင်တူချင်း တရားဝင်လက်ထပ်ခွင့်ရရှိသည့် နိုင်ငံဖြစ်လာသည့် ထိုင်ဝမ်

ဘုအိ

လိင်တူချင်း ချစ်ကြိုက်သူများကို တရားဝင်လက်ထပ်ခွင့်ကို ထိုင်ဝမ်နိုင်ငံက မေလ ၂၄ ရက်နေ့တွင် တရားဝင် ခွင့်ပြုခဲ့အပြီးတွင် ထိုင်ဝမ်နိုင်ငံသည် အာရှတိုက်တွင် လိင်တူချင်းလက်ထပ်ခွင့်ပေးသည့် ပထမဦးဆုံး နိုင်ငံဖြစ်လာသည်။

လိင်တူချင်းလက်ထပ်ခွင့်ပေးသည့် ပထမဦးဆုံးနေ့တွင်ပင် လိင်တူလက်ထပ်သူ စုံတွဲပေါင်း ၃၀၀ ခန့် တရားဝင် လူသိရှင်းကြား လက်ထပ်ခဲ့ကြကြောင်း သိရသည်။

ထိုင်ဝမ်တွင် လိင်တူချင်းလက်ထပ်ခွင့်ပြုခြင်းကို ကြေညာအပြီးမှာပင် ထောင်ချီသော လိင်တူချစ်သူ စုံတွဲများသည် အမြန်ဆုံး လက်ထပ်နိုင်ရန် တရားရုံးသို့ အိမ်ထောင်စုစာရင်းကို အပြေးအလွှားလျှောက်ထားကြကြောင်းလည်း သိရသည်။

LGBT လုပ်ရှားသူများသည် ထိုင်ဝမ်နိုင်ငံတွင် ဆယ်စုနှစ် ၃ ခုနီးပါး လိင်တူချစ်သူများ လက်ထပ်ခွင့်ပြုရေးအပါအဝင်၊ တန်းတူညီမျှမှုတို့အတွက် လှုပ်ရှားလာခဲ့ရာမှ ယခုကဲ့သို့ အစိုးရက တရားဝင်လက်ထပ်ခွင့်ပြုခဲ့ခြင်း ဖြစ်သည်။

ယခုကဲ့သို့ မေလ ၂၄ ရက်နေ့တွင် လိင်တူချင်းလက်ထပ်ခွင့်ပြုကြောင်း ကြေညာအပြီးတွင် ထောင်နှင့်ချီသော LGBT လှုပ်ရှားမှုကို ထောက်ခံသော ထိုင်ဝမ်နိုင်ငံသား ထောင်ချီက လမ်းပေါ်ထွက် အောင်ပွဲခံခဲ့ကြသည်။

REF: Washington Post



# မြန်မာနိုင်ငံ၏ ပထမဆုံးအကြိမ် သတင်းလွတ်လပ်ခွင့် ဓာတ်ပုံပြပွဲပြုလုပ်

**ဘုအီ**

မြန်မာနိုင်ငံ၏ ပထမဆုံးအကြိမ် သတင်းလွတ်လပ်ခွင့် ဓာတ်ပုံပြပွဲအဖြစ် ၂၀၁၂ ခုနှစ်မှ ၂၀၁၉ ခုနှစ်အတွင်း မြန်မာ သတင်းသမားများ၏ သတင်းလွတ်လပ်ခွင့်နှင့် ပတ်သက်ပြီး ဆန္ဒပြပွဲတွေ၊ လှုပ်ရှားမှုများကို မှတ်တမ်းတင်ထားသည့် ဓာတ်ပုံများကို မှတ်တမ်းဓာတ်ပုံအဖြစ် မြန်မာသတင်းသမားများ လွတ်လပ်ခွင့်စင်တာမှ ဦးဆောင်ကာ မေ ၂၇ ရက်၌ ရန်ကုန်မြို့ရှိ အောကစ်ခ်ဟောက်စ်တွင် သတင်းလွတ်လပ်ခွင့်ခေါင်းစဉ်ဖြင့် စုစည်းပြသခဲ့သည်။

ယင်း သတင်းလွတ်လပ်ခွင့် ဓာတ်ပုံပြပွဲတွင် လွန်ခဲ့သည့် ၇ နှစ်တာ ကာလအတွင်း သတင်းသမားများ ကိုယ်တိုင် ရိုက်ကူးမှတ်တမ်းတင်ခဲ့သည့် ဓာတ်ပုံများကို ပြသခဲ့ပြီး ယင်းဓာတ်ပုံမှတ်တမ်းများကို ရောင်းချသွားမှာ မဟုတ်ကြောင်း သိရသည်။

ပြပွဲတွင် သတင်းဓာတ်ပုံ ၄၀ ခန့် ပြသထားပြီး တရားစွဲဆို ခံခဲ့ရသည့် နူနလနည သတင်းစာတိုက်မှ သတင်းသမားတွေ၊ ရိုက်တာသတင်းဌာနမှ ကိုကျော်စိုးမိုးဦး ၊ ကိုဝလုံးတို့ ပါဝင်သည်။

ယင်း ဓာတ်ပုံပြပွဲကို သတင်းစာလွတ်လပ်ခွင့် အတူတူ တိုက်ပွဲဝင်ခဲ့ကြသည့် ပုံရိပ်များကို ပြန်လည်အမှတ်ရစေရန် ရည်ရွယ်ပြီး ပြုလုပ်ခဲ့ခြင်း ဖြစ်ကြောင်း မြန်မာသတင်းလွတ်လပ်ခွင့်စင်တာ ကိုပိုင်စိုးဦးက ပြောကြောင်း မဇ္ဈိမတွင် ဖော်ပြထားသည်။

REF: Mizzima




# အရှေ့တောင် အာရှဒေသတွင် နိုင်ငံသားများ၏ ဝင်ငွေအနည်းဆုံးအဖြစ် မြန်မာရပ်တည်

**ဘုအီ**


ကမ္ဘာ့ဘဏ်က ထုတ်ပြန်လိုက်သည့် ၂၀၁၈ အတွင်း အရှေ့တောင်အာရှ နိုင်ငံများမှ နိုင်ငံသားတစ်ဦးချင်းစီ၏ ပျမ်းမျှဝင်ငွေနှုန်းထား အဆင့်များကို သတ်မှတ်ထုတ်ပြန်ရာတွင် မြန်မာနိုင်ငံသည် ဝင်ငွေ အနိမ့်ဆုံးနိုင်ငံအဖြစ် နောက်ဆုံးတွင် ရပ်တည်နေသည်။

မြန်မာနိုင်ငံသားများ၏ ပျမ်းမျှ တစ်နှစ်ဝင်ငွေသည် ဒေါ်လာ ၂၀၂၃ (မြန်မာကျပ်ငွေ သိန်း ၃၀ ဝန်းကျင်) သာ ရရှိကြကြောင်း ယင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ယင်း အဆင့်သတ်မှတ်ထုတ်ပြန်ချက်တွင် စင်္ကာပူနိုင်ငံက ထိပ်ဆုံးတွင် ရပ်တည်နေပြီး စင်္ကာပူနိုင်ငံသားများသည့် တစ်နှစ် ပျမ်းမျှဝင်ငွေ ဒေါ်လာ ၇၅၂၄၂ (မြန်မာကျပ်ငွေ သိန်း ၁၁၅၀ ဝန်းကျင်) ရရှိနေကြောင်း ဖော်ပြထားသည်။

ဒုတိယနေရာတွင် ဘရူးနိုင်းနိုင်ငံက ဒေါ်လာ ၄၅၃၄၉ ဖြင့် ရပ်တည်နေပြီး မြန်မာနှင့် အိမ်နီးချင်းနိုင်ငံဖြစ်သည့် ထိုင်းနိုင်ငံက ဒေါ်လာ ၈၈၈၄ ဖြင့် တတိယနေရာတွင် ရပ်တည်နေသည်။

REF: seasia.co






# ရေခဲတောင်တက်ရင်း ချော်ကျ သေဆုံးခဲ့သည့် မစိမ့်ထက်အမှုကို ဥပဒေလမ်းကြောင်းအတိုင်း ဆက်သွားမည်

**ဘုအီ**

မြန်မာနိုင်ငံ မြောက်ပိုင်း ကချင်ပြည်နယ်အတွင်း တည်ရှိသည့် ဖန်ဂရန်ရာဇီ ရေခဲတောင်တက်ရင်း ခြေချော် သေဆုံးခဲ့သည့် မစိမ့်ထက်အမှုနှင့် ပတ်သက်ပြီး ဥပဒေ လမ်းကြောင်းအတိုင်းသာ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း မစိမ့်ထက်၏ ဖခင် ဦးမောင်မောင်လေးက မီဒီယာများကို ပြောကြားခဲ့သည်။

မေလဆန်းပိုင်းက ပထမအကြိမ်ရှာဖွေစဉ်က အလောင်းကို မတွေ့ရှိရဘဲ စုတ်ပြဲနေသည့် ဂျာကင်၊ မျက်မှန်နှင့် အသုံးအဆောင်ပစ္စည်းအချို့ကိုသာ ပြန်လည်တွေ့ရှိခဲ့ရသော်လည်း မြန်မာနိုင်ငံ ခြေလျင်နှင့် တောင်တက်အဖွဲ့ချုပ် ဒုတိယ ဥက္ကဋ္ဌ ဦးကျင်ဦး ခေါင်းဆောင်သည့် ရှာဖွေကယ်ဆယ်ရေးအဖွဲ့က မေလ ၁၈ ရက်နေ့မှ စတင်ကာ ဒုတိယအကြိမ် မြောက် ရှာဖွေကယ်ဆယ်ရေးများ ကြိုးပမ်းလုပ်ဆောင်မှုကြောင့် မေလ ၂၄ ရက်နေ့တွင် စိမ့်ထက်၏ရုပ်အလောင်းကို ပြန်လည်တွေ့ရှိခဲ့ပြီး ပူတာ အိုဆေးရုံသို့သယ်ဆောင်ခဲ့ရာ မေလ ၂၇ ရက်နေ့တွင် ရောက်ရှိကာ ဆရာဝန်နှင့် ရဲစစ်ဆေးမှုများပြုလုပ်ခဲ့ကြောင်း သိရသည်။

မစိမ့်ထက်သည် ဧပြီလ ၆ ရက်နေ့မှ စတင်ကာ The Summiter တောင်တက်အဖွဲ့နှင့်အတူ ဖန်ဂရန်ရာဇီ ရေခဲတောင်ခရီးစဉ်ဖြင့် လိုက်ပါခဲ့ရာ ဧပြီ ၁၂ ရက်နေ့တွင် တောင်ထိပ်ရောက်ပြီး တောင်အောက်ကို ပြန်အဆင်းတွင် မတော်တဆခြေချော်ပြီး ချောက်ထဲသို့ ပြုတ်ကျသွားခဲ့သည်ဟု The Summiter တောင်တက်အဖွဲ့က တရားဝင် ထုတ်ပြန်ထားသည်။

REF: Duwun and Saint Htet FB



# ၂၀၁၉ ပူလစ်ဇာဆုကို ကိုဝလုံးနှင့် ကိုကျော်စိုးဦးတို့ လက်ခံရယူ

**ဘုအီ**

ကမ္ဘာ့ သတင်းလောကမှာ ဂုဏ်သိက္ခာကြီးသည့် ပူလစ်ဇာဆုကို ရိုက်တာသတင်းထောက်များဖြစ်ကြသည့် ကိုဝလုံးနှင့် ကိုကျော်စိုးဦးတို့က လွန်ခဲ့သည့် မေလ ၂၈ ရက်နေ့က အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် လက်ခံရယူခဲ့ကြောင်း သိရသည်။

ကိုဝလုံးနှင့် ကိုကျော်စိုးဦးတို့သည် ရခိုင်ပြည်နယ်မြောက်ပိုင်း အင်းဒင်ကျေးရွာတွင် ရိုဟင်ဂျာ ၁၀ ဦး သတ်ဖြတ်ခံရသည့် သတင်းရယူနိုင်ရေး ကြိုးပမ်းရင်း ၂၀၁၇ ခုနှစ် ဒီဇင်ဘာလမှာ ဖမ်းဆီးခံခဲ့ရကာ ၂၀၁၈ ခုနှစ်တွင် နိုင်ငံတော်လျှို့ဝှက်ချက် အက်ဥပဒေဖြင့် သူတို့ နှစ်ဦးကို ထောင်ဒဏ် ၇ နှစ်စီ ပြစ်ဒဏ်ချမှတ်ခဲ့ရတာ ဖြစ်ပြီး ၂၀၁၉ ခုနှစ်ရဲ့ နိုင်ငံတကာသတင်းယူမှု ထူးချွန်မှုအဖြစ် ပူလစ်ဇာသတင်းဆုကို ပေးအပ်ခြင်း ခံခဲ့ရသည်။

ရိုက်တာသတင်းထောက်များဖြစ်ကြသော ကိုဝလုံးနှင့် ကိုကျော်စိုးဦးတို့ ၂ ဦးမှာ မေ ၇ ရက်နေ့၊ နံနက်ပိုင်းတွင် နိုင်ငံတော်သမ္မတ၏ တတိယအကြိမ်မြောက် ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ဖြင့် အင်းစိန်ဗဟိုအကျဉ်းထောင်မှ ပြန်လည်လွတ်မြောက်ခဲ့သူများ ဖြစ်သည်။

ကိုဝလုံးနဲ့ ကိုကျော်စိုးဦးတို့သည် သူတို့၏ စုံစမ်းဖော်ထုတ် သတင်းတင်ပြမှုကြောင့် အမေရိကန် National Press Club ၏ ၂၀၁၈ ဇကာဘာကခ့သည သတင်းလွတ်လပ်ခွင့်ဆု၊ PEN America ကချီးမြှင့်တဲ့ ၂၀၁၈ ခုနှစ်အတွက် PEN§ Barbey Freedom to Write qk/ UNESCO ရဲ့ ကမ္ဘာ့သတင်းလွတ်လပ်ခွင့်ဆု စတဲ့နိုင်ငံတကာ သတင်းမီဒီယာဆိုင်ရာ ဆုတွေလည်း ရခဲ့ကြသည်။

REF: VOA

# အသင်း တစ်မိုင်းတစ်လျှောက် ပထမဆုံး တန်းတက်ခွင့်ရခဲ့သည့် ယူနီယံဘာလင် အသင်း

ဘုအီ

ဂျာမန် ဘောလုံးကလပ်အသင်းတစ် သင်းဖြစ်သည့် ယူနီယံဘာလင်အသင်းသည် စတုဂတ်အသင်းကို အဝေးဂိုး အသာဖြင့် အနိုင်ယူကာ အသင်း၏ သမိုင်းတစ်လျှောက် ပထမဆုံးအကြိမ်အဖြစ် ဂျာမန် ဘွန်ဒက်စ်လီဂါသို့ တန်းတက်ခွင့်ရရှိသွားပြီ ဖြစ်သည်။

မေလ ၂၇ ရက်နေ့က ကစားခဲ့သည့် Play-off နောက်ဆုံး အဆုံးအဖြတ်ပွဲစဉ်တွင် ယူနီယံဘာလင်အသင်းနှင့် စတုဂတ်အသင်းတို့သည် ဂိုးမရှိသရေကျပြီး ပထမအကျော့က သွင်းယူထားသည့် အဝေးဂိုး ၂ ဂိုးကြောင့် ယူနီယံဘာလင်အသင်းက တန်းတက်ခွင့် ရရှိသွားခြင်း ဖြစ်သည်။

အသင်းတည်ထောင်သည့် ၅၃ နှစ်အတွင်း ပထမဆုံးအနေဖြင့် ဘွန်ဒက်စ်လီဂါသို့ တန်းတက်ခွင့် ရရှိခဲ့ခြင်းလည်း ဖြစ်သည်။

ယင်းကဲ့သို့ ယူနီယံ ဘာလင်အသင်း တန်းတက်ခွင့် ရရှိခဲ့ခြင်းသည် ၁၉၆၃ မှ စခဲ့သည့် ဘွန်ဒက်စ်လီဂါသမိုင်းတွင် ကစားခွင့်ရသည့် ဂျာမနီမြို့တော်အတွင်းမှ တည်ထောင်ထားသည့် ၅ သင်းမြောက် ကလပ်အသင်း ဖြစ်လာသည်။

လာမည့် ရာသီတွင် ဘာလင်မြို့သည် ဘွန်ဒက်စ်လီဂါတွင် မြို့အခြေစိုက်အသင်း နှစ်သင်းကစားခွင့်ရသည့် တခုတည်းသော မြို့ဖြစ်လာမည် ဖြစ်သည်။

REF: BBC






# ပရီးမီးယားလိဂ်သို့ တန်းပြန်တက်လာသည့် အက်စတွန်ဗီလာအသင်း

ဘုအီ

အင်္ဂလန် ပရီးမီးယားလိဂ်တွင် အစဉ်အလာကြီးမားသည့် အက်စတွန်ဗီလာအသင်းသည် ဒါဘီကောင်တီအသင်းကို အနိုင်ယူကာ ပရီးမီးယားလိဂ်သို့ တန်းတက်ခွင့်ကို ရယူနိုင်ခဲ့ပြီ ဖြစ်သည်။

မေလ ၂၈ ရက်နေ့က ကစားခဲ့သည့် Play Off ဖိုင်နယ်ပွဲတွင် အက်စတွန်ဗီလာအသင်းက ဒါဘီကောင်တီအသင်းကို ၂ ဂိုး ၁ ဂိုးဖြင့် အနိုင်ရကာ Play Off ဖလားနှင့်အတူ တန်းတက်ခွင့် ပြန်လည်ရရှိခဲ့ခြင်း ဖြစ်သည်။

၂၀၁၅ –၂၀၁၆ ခုနှစ် ဘောလုံးရာသီအပြီး ၁၉၈၇ နောက်ပိုင်း ပထမဆုံးအကြိမ် တန်းဆင်းခဲ့ရသည့် အက်စတွန်ဗီလာအသင်းသည် သုံးနှစ်အကြာတွင် ပရီးမီးယားလိဂ်သို့ ပြန်လည် တန်းတက်နိုင်ခြင်းလည်း ဖြစ်သည်။

ဥရောပ ချန်ပီယံလိဂ် ၁ ကြိမ်၊ ဥရောပ စူပါဖလား တစ်ကြိမ်၊ ပရီးမီးယားလိဂ် ၇ ကြိမ်နှင့် FA ဖလား ၅ ကြိမ်အထိ ဆွတ်ခူး ရယူထားနိုင်သည့် အက်စတွန်ဗီလာအသင်းသည် ချန်ပီယံလိဂ် ရယူးသည့် အင်္ဂလိပ် ကလပ် ၅ သင်းထဲမှ တစ်သင်းဖြစ်သည်။

REF: BBC

# အကောင်းဆုံး ပရိသတ်အဖြစ် မန်ယူ ပရိသတ်များ သတ်မှတ်ခံရ

ဘုအီ

မန်ယူအသင်းအတွက် ၂၀၁၈–၂၀၁၉ ခုနှစ် ဘောလုံးရာသီသည် အောင်မြင်သော ဘောလုံးရာသီတစ်ခုမဟုတ်ခဲ့သော်လည်း မန်ယူ ပရိသတ်များကို စစ်တမ်းများဖြင့် ရွေးချယ်သတ်မှတ်သည့် ပရီးမီးယားလိဂ်၏ အကောင်းဆုံး ပရိသတ်အဖြစ် သတ်မှတ်ခဲ့ရသည်။

ဘောလုံးလောကနှင့် ပတ်သက်ပြီး မှတ်တမ်းမှတ်ရာများကို ပြုစုရာတွင် နာမည်ကြီးသည့် အကဲပအဖွဲ့က စုဆောင်းကောက်ယူထားသည့် အထောက်အထားများအရ မန်ယူပရိသတ်သည် ပရီးမီးယားလိဂ်၏ အကောင်းဆုံး ပရိသတ်အဖြစ် သတ်မှတ်ခဲ့ခြင်း ဖြစ်သည်။

မန်ယူပရိသတ်များသည် အသင်းနှင့် သက်ဆိုင်သည့် သီချင်းပေါင်း ၅၄၃ ပုဒ်ရှိခြင်း၊ အသင်းအပေါ် ခင်တွယ် မြတ်နိုးလွန်းခြင်း၊ အသင်းကျရှုံးနေချိန်တွင် စိတ်မပျက်ဘဲ ဆက်လက်အားပေးခြင်းနှင့် အခြားသော အကြောင်းအရာများကို ပေါင်းစပ်လိုက်ရာတွင် ရမှတ် ၆၆၄ မှတ်ရရှိကာ အကောင်းဆုံး ပရိသတ်ဖြစ်ခဲ့ခြင်း ဖြစ်သည်။

မန်ယူပရိတ်သတ်၏ ၏ နောက်တွင် ကလပ်အသင်း သီချင်း ၄၈၅ ပုဒ်ရှိသည့် နယူးကာဆယ်အသင်း ပရိသတ်က ဒုတိယရရှိခဲ့ပြီး အာဆင်နယ်အသင်း ပရိသတ်က တတိယနှင့် ချဲလ်ဆီးအသင်း ပရိသတ်တို့ စတုတ္ထအဖြစ် အသီးသီး သတ်မှတ်ခံခဲ့ကြရသည်။

REF: Sport Bible

| CL | FOOTBALL TEAM | A | C | F | H | G | V | PTS |
|---|---|---|---|---|---|---|---|---|
| 1 | Manchester United (543 Songs) | 29 | 76 | 63 | 122 | 162 | 64 | 664 |
| 2 | Newcastle (485 Songs) | 23 | 82 | 53 | 123 | 177 | 24 | 584 |
| 3 | Arsenal (392 Songs) | 16 | 40 | 49 | 104 | 164 | 13 | 473 |
| 5 | Chelsea (354 Songs) | 13 | 64 | 26 | 85 | 148 | 5 | 406 |
| 6 | Liverpool (254 Songs) | 27 | 33 | 18 | 77 | 82 | 16 | 326 |
| 7 | Wolves (270 Songs) | 14 | 55 | 22 | 57 | 115 | 3 | 320 |
| 9 | Manchester City (237 Songs) | 19 | 25 | 25 | 78 | 80 | 8 | 300 |
| 12 | Spurs (199 Songs) | 18 | 29 | 28 | 53 | 66 | 5 | 263 |
| 17 | Cardiff City (164 Songs) | 17 | 28 | 17 | 41 | 50 | 2 | 215 |
| 18 | West Ham (175 Songs) | 5 | 34 | 29 | 39 | 66 | 2 | 214 |
| 28 | Watford (123 Songs) | 17 | 22 | 14 | 32 | 34 | 3 | 171 |
| 29 | Crystal Palace (123 Songs) | 20 | 26 | 6 | 25 | 42 | 4 | 169 |
| 33 | Everton (149 Songs) | 4 | 36 | 4 | 54 | 37 | 7 | 161 |
| 37 | Brighton (121 Songs) | 11 | 28 | 10 | 19 | 50 | 3 | 153 |
| 38 | Leicester City (124 Songs) | 12 | 40 | 3 | 26 | 36 | 7 | 151 |
| 41 | Southampton (117 Songs) | 9 | 23 | 8 | 28 | 46 | 3 | 143 |
| 43 | Fulham (114 Songs) | 8 | 30 | 11 | 24 | 34 | 6 | 141 |
| 52 | Burnley (94 Songs) | 14 | 13 | 5 | 17 | 41 | 4 | 127 |
| 56 | Bournemouth (103 Songs) | 6 | 29 | 5 | 15 | 46 | 1 | 120 |
| 68 | Huddersfield Town (73 Songs) | 12 | 13 | 7 | 14 | 26 | 1 | 104 |



# အေဂျက်အသင်းသည်သာ သူ၏ ကစားဖို့ အိမ်မက်မက်ခဲ့သည့်အသင်း ဖြစ်ကြောင်း ဒီလစ် ဆို

ဘုအီ

အပြောင်းအရွှေ့ဈေးကွက်တွင် ဥရောပထိပ်သီးကလပ်များက ခေါ်ယူရန် စိတ်ဝင်စားနေသည့် အေဂျက်အသင်း၏ လူငယ် နောက်ခံကစားသမား ဒီလစ်သည် အေဂျက်အသင်းသာလျှင် ကစားဖို့ အိမ်မက်မက်ခဲ့သည့် အသင်းဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

"ကျွန်တော့်မှာ ကစားဖို့ အိပ်မက်မက်ခဲ့ရတဲ့ အသင်းရှိလား၊ မရှိဘူးလားဆိုရင် မရှိပါဘူး။ အေဂျက်အသင်းမဟုတ်တဲ့အသင်းကို ကျွန်တော်တကယ်ကို အိပ်မက်မက်ခဲ့တာ မရှိပါဘူး။ အေဂျက်အသင်းမှာ ကစားဖို့က ကျွန်တော့်ရဲ့ အမြဲတမ်း အိပ်မက်ဖြစ်နေမှာပါ"ဟု ပြောကြားခဲ့သည်။

၁၉ နှစ်အရွယ်သာ ရှိသေးသည့် အေဂျက်အသင်း၏ အသင်းခေါင်းဆောင် ဒီလစ်ကို ခေါ်ယူရန် မန်ချက်စတာယူနိုက်တက်အသင်းနှင့် ဘာစီလိုနာအသင်းတို့က စောင့်ကြည့်နေချိန်တွင် ယခုကဲ့သို့ ပြောကြားလိုက်ခြင်း ဖြစ်သည်။

စပိန် လာလီဂါကလပ် ဘာစီလိုနာအသင်းက ရေပန်းစားနေသော်လည်း ဒီလစ်က စိတ်ဝင်စားဟန်မရဘဲ ယခုကဲ့သို့ ထုတ်ဖော်ပြောကြားလိုက်သည်။

ဒီလစ်သည် ယခုနှစ် ဘောလုံးရာသီတွင် အေဂျက်အသင်းအတွက် နယ်သာလန် ပြည်တွင်း ပေးဖလားရရှိရန်နှင့် ချန်ပီယံလိဂ် ဆီမီးဖိုင်နယ် ရောက်သည်အထိ အဓိက နေရာမှ ဦးဆောင် နိုင်ခဲ့သူဖြစ်သည်။

REF: 90min



# တိုက်စစ်မှူး အောင်သူ အသင်းပြောင်းမည်ဟု သတင်းများ ထွက်ပေါ်လာ

**အုအိ**

ထိုင်းလိဂ် ၁ ကလပ် မြောင်ထောင်းအသင်းတွင် ကစားနေသည့် မြန်မာလက်ရွေးစင် တိုက်စစ်မှူး အောင်သူသည် ပုံမှန်ပွဲထွက်ခွင့်ရရန် ရုန်းကန်နေရသည့်အတွက် နောက်ထပ် ထိုင်းလိဂ် ၁ ကလပ် အသင်းတစ်သင်းဖြစ်သည့် တရတ် (Trat) အသင်းသို့ ပြောင်းရွှေ့ကစားမည်ဟု မေလ ၂၃ ရက်နေ့က သတင်းများထွက်ပေါ်လာသည်။

ပြီးခဲ့သည့် ဘောလုံးရာသီက ထိုင်းကလပ် ပိုလစ် တယ်ရိုအသင်းနှင့် ခြေစွမ်းပြ ကစားနိုင်ခဲ့သည့် အောင်သူကို ထိုင်းလိဂ်တွင် ထိပ်တန်းအသင်းတစ်သင်းဖြစ်သည့် မြောင်ထောင်းအသင်းက ယခုနှစ် ဘောလုံးရာသီအစတွင် ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက် ၂၂ အရွယ် အောင်သူ ကစားနေသည့် မြောင်ထောင်းအသင်းသည် ယခုနှစ် ဘောလုံးရာသီတွင် နည်းပြအပြောင်းအလဲများနှင့် ရလဒ်ဆိုးများကြောင့် တောက်လျှောက် ရုန်းကန်နေရပြီး နောက်ဆုံး ကစားခဲ့သည့် ၁၂ ပွဲတွင် ၂ ပွဲသာ အနိုင်ရရှိထားကာ အမှတ်ပေးဇယား၏ အောက်ဆုံးတွင် ရပ်တည်နေသည်။

အောင်သူသည် မြောင်ထောင်းအပြင် မြန်မာနေရှင်နယ်လိဂ်ကလပ် ရတနာပုံနှင့်လည်း စာချုပ်များ ချုပ်ဆိုထားသော်လည်း သတင်းများအရလာမည့် ထိုင်းလိဂ် အပြောင်းအရွှေ့ကာလတွင် Trat အသင်းသို့ ပြောင်းရွှေ့ရန် ရာခိုင်နှုန်းများနေကြောင်း နိုင်ငံတကာ အားကစားသတင်းများတွင် ဖော်ပြနေကြသည်။

ဤမအေ အသင်းသည် ယခုနှစ် ဘောလုံးရာသီမှ တန်းတက်လာသော အသင်းဖြစ်သော်လည်း လက်ရှိတွင် အမှတ်ပေးဇယား၏ အဆင့် ၇ နေရာတွင် ရပ်တည်နေသည်။

REF: FOX Sport Asia



# ဘင်ဖီကာအသင်း ဂျိုအာဖိလစ်၏ ပြောင်းရွှေ့ကြေးကို သတ်မှတ်

**အုအိ**

ပေါ်တူဂီလိဂ် ထိပ်သီးကလပ် ဘင်ဖီကာအသင်းသည် ဥရောပ ထိပ်သီးကလပ်များက မျက်စိကျနေသည့် ၄င်းတို့၏ လူငယ်စူပါစတားတိုက်စစ်မှူးဂျိုအာဖိလစ်၏ ပြောင်းရွှေ့ကြေးတန်ဖိုးကို သတ်မှတ်လိုက်ကြောင်း သိရသည်။

အသက် ၁၉ နှစ်သာ ရှိသေးသည့် လူငယ်ကစားသမား ဂျိုအာဖိလစ် ယခုနှစ် ဘောလုံးရာသီတွင် ဘင်ဖီကာအသင်းနှင့်အတူ ပြည်တွင်းလိဂ်နှင့် ဥရောပ ပြိုင်ပွဲများတွင် ခြေစွမ်းပြ ဂိုးများ သွင်းယူနိုင်ခဲ့သူ ဖြစ်သည်။

ပေါ်တူဂီ ပြည်တွင်း အမှတ်ပေးဖလား ချန်ပီယံ ဘင်ဖီကာသည် ဂျိုအာဖိလစ်အတွက် ပေါင် ၁၀၅ သန်း အနည်းဆုံးပေးမှသာ ရောင်းချရန် စဉ်းစားသွားမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

ဘင်ဖီကာအသင်း အမှတ်ပေးဖလားရရှိရန် ၁၅ ဂိုး သွင်းယူပေးခဲ့သည့် ဂျိုအာဖိလစ်ကို မန်ချက်စတာနှစ်သင်းဖြစ်သည့် မန်စီးတီးနှင့် မန်ချက်စတာယူနိုက်တက်အသင်းတို့အပြင် အခြားဥရောပ ကလပ်အသင်းကြီးများကပါ ခေါ်ယူရန် စိတ်ဝင်စားနေသည့်အတွက် ဘင်ဖီကာအသင်းက ၄င်းတို့ လိုချင်သည့် ပြောင်းရွှေ့ကြေးပမာဏကို သတ်မှတ်လိုက်ခြင်း ဖြစ်သည်။

ဂျိုအာဖိလစ်သည် စီရီနယ်ဒို လက်သစ်အဖြစ် ယခုဘောလုံးရာသီတွင် ထွန်းတောက်လာသော လူငယ် တိုက်စစ်မှူးတစ်ဦးဖြစ်သည်။

REF: Sky Sport

# မတ်တွန်မီနေးသည် မန်ယူတွင် နည်းပြစဉ်က သူ၏ အချစ်ဆုံးကစားသမားဖြစ်ကြောင်း မော်ရင်ဟို ထုတ်ဖော်ပြောကြား

**အုအိ**

အင်္ဂလန် ပရီးမီးယားလိဂ်ကလပ် မန်ချက်စတာယူနိုက်တက် အသင်း၏ နည်းပြဟောင်း မော်ရင်ဟိုက အသင်းတွင် နည်းပြခဲ့စဉ်က လူငယ်ကွင်းလယ်ကစားသမား မတ်တွန်မီနေးသည် သူ၏အချစ်ဆုံးကစားသမားဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

ဝါရင့် နည်းပြ မော်ရင်ဟိုသည် မန်ယူအသင်းတွင် နှစ်ရာသီခွဲ နည်းပြပေးခဲ့ပြီး ယူရိုပါလိဂ်ဖလား၊ ချာရတီဒိုင်းနှင့် ကားလင်းဖလားတို့ကို ရယူပေးနိုင်ခဲ့သည့်အပြင် အကယ်ဒမီထွက် လူငယ်ကစားသမားများကိုလည်း နေရာပေးခဲ့သူ ဖြစ်သည်။

အသက် ၂၂ အရွယ် မတ်တွန်မီနေးသည်လည်း မော်ရင်ဟိုနေရာပေးခံရသည့် အကယ်ဒမီထွက် လူငယ်ထဲမှ တစ်ဦးဖြစ်သည်။

စကော့တလန်သား မတ်တွန်မီနေးသည် ကွင်းတွင်း တွန်းတွန်းတိုက်တိုက်ဖြင့် အားကြိုးမာန်တက်ကစားတတ်သည့် ကစားပုံကြောင့် မော်ရင်ဟို၏ အချစ်တော် ကစားသမားဖြစ်လာခဲ့သည်။

မော်ရင်ဟိုသည် စကိုင်းစပေ့ (SkySport) နှင့်အင်တာဗျူးတွင် မတ်တွန်မီနေးကို သားဟုပင် လေးလေးနက်နက် ခေါ်ဝေါ်သုံးနှုန်းခဲ့သည်။

REF:SkySport



# ရတနာပုံအသင်း ကစားသမားဟောင်း သိန်းသန်းဝင်းကို ထိုင်းလိဂ် ၁ အသင်းမှ ပြန်လည်ခေါ်ယူ

**အုအိ**

မြန်မာနေရှင်နယ်လိဂ် ပထမပိုင်းအပြီး အမှတ်ပေးဇယား၏ အဆင့် ၄ နေရာတွင် ရပ်တည်နေသည့် ရတနာပုံအသင်းသည် လက်ကျန် ပွဲစဉ်များအတွက် ထိုင်းလိဂ် ၁ အသင်းဖြစ်သည့် ရက်ချာဘူရီအသင်းတွင် ကစားနေသည့် သိန်းသန်းဝင်းကို ပြန်လည်ခေါ်ယူလိုက်သည်။

ရတနာပုံအသင်းသည် ပထမအကျော့အပြီးတွင် ၁၁ ပွဲကစားထားရာ (၆) ပွဲနိုင် (၂) ပွဲသရေ (၃) ပွဲရှုံး ရမှတ် ၂၀ ဖြင့် အဆင့်သုံးနှင့် အမှတ်တူ အမှတ်ပေးဇယား အဆင့် ၄ နေရာတွင် ရပ်တည်လျက်ရှိသည်။

အသက် ၂၇ အရွယ် ခံစစ်မှူး သိန်းသန်းဝင်းသည် ၂၀၁၉ ရာသီအစက ရတနာပုံအသင်းမှ ထိုင်းလိဂ် ၁ အသင်း ရတ်ချာဘူရီအသင်းသို့ ပြောင်းရွှေ့ခဲ့တာဖြစ်ပြီး ရာသီဝက်တွင်ပင် ရတနာပုံအသင်းက ပြန်လည်ခေါ်ယူလိုက်ခြင်း ဖြစ်သည်။

သိန်းသန်းဝင်းသည် ၂၀၁၅ ခုနှစ်မှ ၂၀၁၉ ခုနှစ် ထိုင်းလိဂ် ၁ အသင်းသို့ မပြောင်းရွှေ့မီ အချိန်အထိ ရတနာပုံအသင်းအတွက် ပွဲပေါင်း ၆၇ ပွဲ ကစားပေးခဲ့ကာ ၄ ဂိုး သွင်းပေးထားသူဖြစ်သည်။

REF: Myanmar National Leage



၂၀၀၄ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော
ရှမ်းပြည်နယ်တောင်ပိုင်း၊ ဖယ်ခုံမြို့

# အောင်ကောင်းစံ ကိုယ်ပိုင်အထက်တန်းကျောင်း

အမှတ်(၆၀)၊ စဝ်စံထွန်းလမ်း၊ ဈေးရှေ့ရပ်ကွက်၊ ဖယ်ခုံမြို့၊ (ဖုန်း) ၀၉-၄၂၈၃၆၀၄၂၇၊ ၀၉-၄၂၈၃၅၇၀၅၅


မသူဇာနွယ်(ရပ/၉၄)
မြန်မာ၊ အင်္ဂလိပ်၊ သင်္ချာ၊ ဓာတု၊ ဇီဝ


မအင်္ဂစတာ(ရပ/၈၄)
သင်္ချာ၊ ဓာတု၊ ရူပ၊ ဇီဝ


မောင်အောင်ထွန်းမြင့်(ရပ/၁၀၃)
သင်္ချာ၊ ဓာတု၊ ရူပ၊ ဇီဝ


မောင်သက်ပိုင်စစ်(ရပ/၇၉၆)
သင်္ချာ၊ ဓာတု၊ ရူပ၊ ဘောဂ


မောင်သန်းဇော်မျိုး(ရပ/၈၃၆)
သင်္ချာ၊ ဓာတု၊ ရူပ

## ၂၀၁၇-၂၀၁၈ ပညာသင်နှစ် အောင်ကောင်းစံ ကိုယ်ပိုင်အထက်တန်းကျောင်း(ဖယ်ခုံမြို့) မှ တက္ကသိုလ်ဝင်တန်းဂုဏ်ထူးရှင်များ

| စဉ် | ခုံအမှတ် | အမည် | ဂုဏ်ထူးရဘာသာများ | နေရပ်လိပ်စာ |
|---|---|---|---|---|
| ၁ | ရပ/၉၄ | မသူဇာနွယ် | မြန်မာ၊ အင်္ဂလိပ်၊ သင်္ချာ၊ ဓာတု၊ ဇီဝ | စံကာဒ ညောင်ပင်သာ |
| ၂ | ရပ/၀၄ | မအင်္ဂစတာ | သင်္ချာ၊ ဓာတု၊ ရူပ၊ ဇီဝ | ပိုင်နံမြို့ |
| ၃ | ရပ/ဂျ၉၆ | မောင်သက်ပိုင်စစ် | သင်္ချာ၊ ဓာတု၊ ရူပ၊ ဘောဂ | ညောင်ကုန်း(၅) ဖယ်ခုံမြို့ |
| ၄ | ရပ/၁၀၃ | မောင်အောင်ထွန်းမြင့် | သင်္ချာ၊ ဓာတု၊ ရူပ၊ ဇီဝ | မိုးသက်မြို့ |
| ၅ | ရပ/၀၃၆ | မောင်သန်းဇော်မျိုး | သင်္ချာ၊ ဓာတု၊ ရူပ | ငေါ်းအီရွာ |
| ၆ | ရပ/၈၅ | မတင်အေးထွေး | သင်္ချာ၊ ဇီဝ | မင်းချောင်းရေသာရွာ |
| ၇ | ရပ/၇၂ | မခြူးကောင်း | ဓာတု၊ ဇီဝ | လွိုင်ကော်မြို့ |
| ၈ | ရပ/၈၀ | မမျိုးသင်းထွေး | ဓာတု၊ ဇီဝ | ရွှေဆံရွာ |
| ၉ | ရပ/၉၀ | မသိမ့်ငြိမ်းမြတ်သွန်း | ဓာတု၊ ဇီဝ | တောင်ကြီးမြို့ |
| ၁၀ | ရပ/၈၆၀ | မလင်းလဟ်ဝင်း | ဓာတု၊ ဘောဂ | ကရားရွာ(နောင်ရိုး) |
| ၁၁ | ရပ/၁၀၂ | မောင်ခိုင်းဇော်မြင့် | သင်္ချာ | ပေကင်ဆမြို့ |
| ၁၂ | ရပ/၇၀ | မငြောင်းဖီဖီ | ဇီဝဗေဒ | စံကာဒ သည်ငေါ်း |
| ၁၃ | ရပ/၁၀၇ | မကြူကြူလှိုင် | ဓာတုဗေဒ | ညောင်ကုန်း(၁) ဖယ်ခုံမြို့ |
| ၁၄ | ရပ/၇၇၆ | မတင်ကြည် | ဘောဂဗေဒ | လဲဘီရွာ |
| ၁၅ | ရပ/၇၈၄ | မမြမွန်းဦး | ဘောဂဗေဒ | လဲဘီရွာ |
| ၁၆ | ရပ/၈၀၂ | မောင်ခိုင်ထူး | ဘောဂဗေဒ | လဲဘီရွာ |
| ၁၇ | ရပ/၈၂၄ | မယ်ဖြူ | ဘောဂဗေဒ | လဲဘီရွာ |
| ၁၈ | ရပ/၈၇၄ | မကေခိုင်ဦး | ဘောဂဗေဒ | လဲဘီရွာ |
| ၁၉ | ရပ/၈၂၆ | မငေးသင်းမြို့ | ဘောဂဗေဒ | ဈေးနောက်ရပ်ကွက် |
| ၂၀ | ရပ/၈၃၁ | မဝင်းနှီးဦး | ဘောဂဗေဒ | စံကာဒ ညောင်ပင်သာ |
| ၂၁ | ရပ/၈၃၃ | မမြမိုး | ဘောဂဗေဒ | ညောင်ကုန်း(၅) ဖယ်ခုံမြို့ |
| ၂၂ | ရပ/၈၄၃ | မနန်းအေးသန်း | ဘောဂဗေဒ | လုံကာရွာ |
| ၂၃ | ရပ/၈၈၆ | မငြိမ်းငြိမ်းထွေး | ဘောဂဗေဒ | ကရားရွာ(နောင်ရိုး) |
| ၂၄ | ရပ/၁၁၂၆ | မငွေသီ | ဘောဂဗေဒ | လွယ်ကျိုင်ရွာ |
| ၂၅ | ရပ/၂၈၅ | မောင်နိုင်နိုးသီဟ | ပထဝီ | ငေါ်းအီရွာ |
| ၂၆ | ရပ/၁၀၅၁ | မကျယ်တာနိုး | ဘောဂဗေဒ | စံကာဒ ညောင်ပင်သာ |
| ၂၇ | ရပ/၁၀၁၀ | မယဉ်ယဉ်နု | ဘောဂဗေဒ | ဘောရန်ရွာ |

အောင်မြင်သူ စုစုပေါင်း ၉၀ ဦး
ဂုဏ်ထူးရှင်ပေါင်း ၂၇ ဦး
အောင်ချက် ၆၀ %



သွေးလှူဒါန်းလိုပါက -
လွိုင်ကော်ပြည်သူ့ဆေးရုံကြီး
(အမျိုးသားသွေးဌာန)
ဆက်သွယ်ရန်ဖုန်း
၀၉၇၈၆၄၉၉၉၈၇၊ ၀၉၄၅၂၈၇၉၅၆၆








ကြော်ငြာ
ကိစ္စ
ဆက်သွယ်
လိုပါက
ဖုန်း -
၀၉၂၆၂၁၇၂၉၃၅



Advertise with us

KANTARAWADDY TIMES

Bi-monthly Journal:



Online:
www.kantarawaddytimes.org
www.facebook.com/kantarawaddytimes

Contact:
097 8441 7394, 094 5353 3535, 097 8979 2689
nawdwayehkhu@gmail.com, kantarawaddy@gmail.com




ကိုထိန်လင်း

သံပန်း ၊ သံတံခါး ၊ မြုန်းအုတ်ရိုက်စက်နှင့်
စက်ကရိယာတီထွင်မှုလုပ်ငန်း
မင်း/၂၈ ၊ နန္ဒာလမ်း ၊ မင်းစုရပ် ၊ လွိုင်ကော်မြို့ ၊ (ရုပ်ရှင်ရုံတောင်ဘက်)
"ရွှေညောင်ပင်" အထွေထွေစက်မှုလုပ်ငန်း ၊ အကွက်အမှတ် (၅၀၀) စက်မှုဇုန်
၀၉ - ၃၆၀၅၈၉၈၂ / ၀၉ - ၂၅၇၉၁၇၂၇၉

# မိရိုးဖလာဓလေ့အရ သစ်တောထိန်းသိမ်းတာတွေကို သစ်တောဥပဒေမူကြမ်းထဲမှာ ထည့်သွင်းရေးဆွဲပေးဖို့ တိုင်းရင်းသားတွေအကြံပြု

**နော်ဒွေးအယ်ဒူ**

ကယား(ကရင်နီ) တိုင်းရင်းသားဒေသမှာရှိတဲ့ မိရိုးဖလာဘိုးဘွားစဉ်ဆက်က ထိန်းသိမ်းစောင့်ရှောက်လာကြတဲ့ သစ်တောတွေကို သစ်တောဥပဒေ(မူကြမ်း)မှာ ထည့်သွင်းရေးဆွဲပေးနိုင်ဖို့ ဒေသခံတိုင်းရင်းသား ကိုယ်စားလှယ်တွေက အကြံပြုတင်ပြတောင်းဆိုသွားခဲ့ကြတယ်လို့ ဒေသခံကိုယ်စားလှယ်တစ်ဦးဖြစ်တဲ့ ခူးလိရယ်အန်းဂျလိုက ပြောပါတယ်။

ပြီးခဲ့တဲ့ မေလ ၂၅ရက်နေ့၊ လွိုင်ကော်မြို့နယ်ခန်းမမှာ သစ်တောနည်းဥပဒေ(မူကြမ်း)ကို အကျိုးသက်ဆိုင်သူများထံ ချပြဆွေးနွေးခြင်းနှင့် အကြံပြုချက်များယူခြင်းဆိုင်ရာ ဆွေးနွေးပွဲမှာ ဒေသခံတိုင်းရင်းသားကိုယ်စားလှယ်တွေက တင်ပြဆွေးနွေးသွားခဲ့ကြတာ ဖြစ်ပါတယ်။



တက်ရောက်လာကြတဲ့ ဒေသခံကိုယ်စားလှယ်တွေက ဆွေးနွေးပွဲမှာ တိုင်းရင်းသားဒေသတွေမှာရှိတဲ့ မိရိုးဖလာဘိုးဘွားစဉ်ဆက်က ထိန်းသိမ်းလာတဲ့ သစ်တောတွေ၊ အစုအဖွဲ့လိုက် ထိန်းသိမ်းလာတဲ့ သစ်တောတွေဟာ သူတို့ဘာသာ သူတို့ စီမံပိုင်ခွင့်စတဲ့ ဓလေ့စည်းမျဉ်းစည်းကမ်းတွေ ပါထည့်သွင်းပေးဖို့ ထည့်သွင်းအကြံပြုဆွေးနွေးခဲ့ကြတာဖြစ်ပါတယ်။

ကယားပြည်နယ်မှာဆိုရင် တိုင်းရင်းသားမျိုးနွယ်စုအလိုက်ထိန်းသိမ်းကြတဲ့ သစ်တောတွေ၊ စော်ဘွားခေတ်၊ ဘိုးဘွားစဉ်ဆက်ကတည်း ထိန်းသိမ်းလာခဲ့ကြတဲ့ သစ်ပင်တောတောင်တွေ စတာတွေက ဒေသခံတိုင်းရင်းသားတွေ လေးစားလိုက်နာကြတာဖြစ်တဲ့အတွက် ဒါတွေကို နည်းဥပဒေထဲမှာ တရားဝင်ရေးထားပြဋ္ဌာန်းထားပေးသင့်တယ်လို့ ဒေသခံကိုယ်စားလှယ် ခူးလိရယ်အန်းဂျလိုက ပြောပါတယ်။

ခူးလိရယ်အန်းဂျလို "ကယားမှာဆိုလို့ရှိရင်တော့ မျိုးစုအလိုက် သစ်တောပိုင်တာတွေရှိကြတယ်။ ဘိုးဘွားစဉ်ဆက် စော်ဘွားခေတ်ကတည်းက ဥပဒေမဖြစ်ခင်ကတည်းက ဒါက ထိန်းထားပြီးသားဖြစ်တယ်။ အဲတော့ ဒါမခုတ်ရဘူး နတ်ရှိတယ်လို့ပြောရင် ဘယ်သူမှမခုတ်ရဲဘူး။ အဲဒါက ဥပဒေအနေနဲ့မပြဋ္ဌာန်းသေးတာပဲရှိတယ်။ ဥပဒေမရှိခင်ကတည်းက လူတွေက လေးစားတယ် လိုက်နာကြတယ် ခုချိန်ထိပဲ။" လို့ ပြောပါတယ်။

အကြံပြုဆွေးနွေးတင်ပြသွားတဲ့ အချက်တွေက ဖွဲ့စည်းပုံအခြေခံဥပဒေကျော်လွန်ပြီး ဖက်ဒရယ်ရရှိတဲ့အချိန်ကျမှ ထည့်သွင်းနိုင်မှာ ဖြစ်တယ်လို့ လွိုင်ကော်မြို့မှာ သစ်တောဥပဒေ(မူကြမ်း)လာရောက်ဆွေးနွေးသွားတဲ့ Main Facilitator ဦးအေးမိုးနိုင်ကပြောပါတယ်။

"ဒီကတိကိုသာ ကျတော်တို့ တည်အောင်လိုက်နာ နိုင်မယ်ဆိုရင် ဒီနည်းဥပဒေထဲမှာ တိုင်းရင်းသားတွေ အရင်ခေတ်တုန်းကလို မပါချင်တာတွေ ပါမသွားတော့ဘူးပေ့ါနော။ ပါစေချင်တာတွေလည်း ပြန်ပါလာမယ်ပေ့ါ။ ဒါပေမယ့် အကန့်အသတ်တစ်ခုရှိတာကတော့ သူတို့ရဲ့ အကြံပြုဆွေးနွေးချက်တွေက လက်ရှိ ကျတော်တို့ ဖွဲ့စည်းပုံကို ကျော်လွန်တဲ့အထိ အကြံပေးနေတာ ဖယ်ဒရယ်အထိ မျှော်မှန်းပြီးတော့ အကြံပေးတာမျိုးဆိုရင်တော့ လောလောဆယ်ပါဖို့ခက်တယ်။ ဒါပေမယ် ဒီအကြံပြုချက်တွေက အလဟတတော့ မဖြစ်ဘူး နောင်တစ်ချိန် ဖွဲ့စည်းပုံကို ပြင်နိုင်ရင် သို့မဟုတ် ဖယ်ဒရယ်ဆိုတာမျိုးကို တကယ်တက်လှမ်းနိုင်ပြီဆိုရင် ပြန်ပြီးသုံးလို့ရတဲ့ အကြံပြုချက်တွေပဲဖြစ်မှာပါ။"လို့ ဦးအေးမိုးနိုင်က ပြောပါတယ်။

**အဆက် နောက်စာ [၉] သို့ ....**

**Sweet Dream** စပရိန်မွေ့ရာ၊ ပရိဘောဂ၊ မင်္ဂလာခန်းဝင်ပစ္စည်းအမျိုးမျိုး၊ ခန်းဆီးလိုက်ကာ နှင့် အိမ်တွင်းအလှဆင်လုပ်ငန်း




ဆိုင် (၁) ➡ (ရှမ်း/၃၃) လောပိတလမ်း၊ ရှမ်းစုရပ်။ ဖုန်း – ၀၉-၅၆၀၁၃၅၉၊ ၀၉၄၂၈၀၀၂၁၉၅။ ဆိုင် (၂) ➡ နှစ်ထပ်ဈေးအပေါ် ထပ် မြောက်ဖက်ခြမ်း။ ဖုန်း – ၀၉-၂၆၀၀၉၀၁၉၇

ဇီဇဝါ လယ်ယာသုံးစက်နှင့် ဆောက်လုပ်ရေးသုံးပစ္စည်းဆိုင်



ဆိုင် (၁) ဗဟိုဈေး။ လွိုင်ကော်မြို့။ Ph: 083 21180, 21870/ 09-5600333
ဆိုင် (၂) ပဒေသာလမ်း၊ ဓမ္မာရုံ၊ လွိုင်ကော်မြို့။ Ph: 083 22007/ 09-5600777
ဆိုင် (၃) ရှမ်းပြည်နယ်တောင်ပိုင်း၊ မိုးဗြဲမြို့။ Ph: 09-49400030
ဆိုင် (၄) ဒီးမော့ဆို၊ လမ်းခွဲ ဒေါင်ခါး။ Ph: 083 40347, 09-31015896
ဆိုင် (၅) ရှမ်းပြည်နယ်တောင်ပိုင်း၊ ဖယ်ခုံမြို့။ Ph: 081 56078

ဒို့ခေတ် မိသားစု လယ်ယာသုံးစက်နှင့် ဆောက်လုပ်ရေးသုံး ပစ္စည်းဆိုင်မှ တလနှစ်ကြိမ် ထုတ် Kantarawaddy Times ဂျာနယ်ကို လစဉ် အစောင် (၄၀) ဖြင့် လစာကို လှူဒါန်းသည်။

Than Lwin Times Journal · HINTHAR MEDIA · KPN · ChinWorld Voice for Voiceless · ဒီဗွီဘီ · Khonumthung · KNews A window for Chin people · ပအိုဝ်း Shan Herald Agency for News · KIC Karen Information Center · mizzima news from myanmar · BNI · MNA Mon News Agency · Network Media Group